www.burmeseclassic.com

ဝ
သျှး

# မိုးဖွဲ့တေးတစ်ပုဒ်



GRAPHIC DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com




ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (မြ-၁၀၀၉၈) (ရွှေခြေသုံ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
၂၀၁၅ ခုနှစ်၊ မေလ။
အုပ်ရေ
၅၀၀ အုပ်
တန်ဖိုး
၁၀၀ ကျပ်
ဖြန့်ချိရေး
နိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
သျှိုး
မိုးရွှဲ့တေးတစ်ပုဒ်
ဖျူးစာပေ၊ ၂၀၁၅။
၂၁၆ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မိုးရွှဲ့တေးတစ်ပုဒ်


အခန်း (၁)

"မမဖြူ ... နန်းတို့ ဒီနေ့ အုန်းနို့ခေါက်ဆွဲ ချက်စားရအောင်လား"

ခင်နန်းထွေးက မီးဖိုချောင်ထဲမှ ဖြူနှင်းသက်ကို ပြောလိုက်သဖြင့် ဖြူနှင်းသက်က ပြုံးလိုက်ပြီး ...

"ဖြူ မချက်တတ်ဘူး နန်းရဲ့ ... နန်းစားချင်ရင် ဖြူသွားဝယ်ပေးမယ်လေ ..."

"မမဖြူ မချက်တတ်ဘူးလား ... ဆိုင်မှာသာ သွားစားရင် မချောင်ဘူး မမဖြူရဲ့ ... နန်းက တစ်ပွဲနဲ့ ဝမှာမှ မဟုတ်တာ"

"တစ်ပွဲနဲ့ မဝရင် ဝသလောက် စားပေါ့ကွယ်"

"ဒီနားမှာ အုန်းနို့ခေါက်ဆွဲဆိုင် ကောင်းကောင်းရှိလို့လား"

"ရှိတာပေါ့ ... နည်းနည်းတော့ ဝေးတယ်၊ လျှောက်နိုင်တယ် မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"မမဖြူရော မလိုက်ဘူးလား ..."

"ဖြူ မကြိုက်လို့ ... နေရာပြောပြလိုက်မယ်လေ ... နော်"

"ဟုတ် ..."

"ဒီကနေ လမ်းထိပ်ထိလျှောက်လိုက် ... လမ်းထိပ်ရောက်ရင် ညာဘက်ကိုကွေ့ပြီး သုံးလမ်းကျော်လောက်မှာ ရှိတယ် ... သီတာအေးတို့ပြောတော့ စားကောင်းတယ်ဆိုလားပဲ ..."

"အင်း ... ဒါဆို ဘာမှာဦးမလဲ မမဖြူ ..."

"မမှာတော့ဘူး ... ခဏနေရင် ဖြူ အလုပ်သွားတော့မှာ အခန်းသော့ကို အောက်ထပ်မှာ ပေးခဲ့မယ်နော်"

"ဟုတ် ... သွားပြီ ..."

ဖြူနှင်းသက်ကို တာ့တာပြကာ ခင်နန်းထွေး အောက်ထပ်သို့ဆင်းလာခဲ့၏။ ခင်နန်းထွေးနဲ့ဖြူနှင်းသက်တို့ ခင်ခဲ့ပုံကတော့ အဆန်းကြီး မဟုတ်ပါ။ ခင်နန်းထွေးက နယ်ကမို့ ရန်ကုန်တွင်ကျောင်းတက်ရန် အဆောင်ငှားနေသည်။ ဖြူနှင်းသက်ကတော့ မိဘများ ပြောင်းသွားကြသည့် မန္တလေးကို မလိုက်တော့ဘဲ အဆောင်ကနေ အလုပ်လုပ်ဖြစ်သည်။ အဆောင်မှာအတူနေရင်း နောက်ပိုင်းမှ နှစ်ယောက်သား ကျောက်မြောင်းဘက်မှာ တိုက်ခန်းငှားနေဖြစ်ကြသည်။ ခင်နန်းထွေးက အဝေးသင်ကျောင်းတက်ပြီး အချိန်ဖြုန်းနေသူ။ အခုလည်း အုန်းနို့ခေါက်ဆွဲစားဖို့ ထီးတစ်ချောင်း





နှင့် ခပ်ဝေးဝေးကို သွားနေလေသည်။ ဖြူနှင်းသက် လမ်းညွှန်သည့် အုန်းနို့ခေါက်ဆွဲဆိုင်က ခပ်သေးသေးရယ်။ ထိုင်ခုံတစ်ခုံနဲ့တစ်ခုံက ပူးပူးကပ်ကပ်လေးမို့ ခင်နန်းထွေးတစ်ယောက် နှာခေါင်းရှုံ့လိုက်ပြီး ဝင်ထိုင်လိုက်သည်။ ခင်နန်းထွေး ဘေးတွင်ထိုင်နေသည့် ချမ်းငြိမ်းကိုကို မျိုးဇာက တံတောင်နှင့်တွက်ပြီး မျက်စပစ်ပြသဖြင့် ချမ်းငြိမ်းကို တစ်ယောက် ခင်နန်းထွေးကို လှည့်ကြည့်ဖြစ်၏။ ခင်နန်းထွေးက သတိမထားမိဘဲ ...

"အန်တီ ... အုန်းနို့ခေါက်ဆွဲအကြော်နဲ့ လောလောဆယ် တစ်ပွဲအရင်ချ ... နောက်မှ နောက်တစ်ပွဲချနော် ..."

"တစ်ပွဲစာပဲရတော့မယ် ကလေးမ ..."

အန်တီကြီးက ချမ်းငြိမ်းကိုတို့ကိုကြည့်ပြီး ခင်နန်းထွေးကို ပြောလိုက်သဖြင့် ခင်နန်းထွေးက ...

"ဘာလို့လဲ ... ဟိုမှာ နှစ်ပွဲစာလောက်ကျန်သေးတဲ့ဥစ္စာ"

"ဒီက ကလေးတွေလည်း နောက်တစ်ပွဲမှာထားသေးလို့ပါ"

ခင်နန်းထွေးက ချမ်းငြိမ်းကိုဘက်ကို ဆတ်ခနဲ လှည့်ပြီး မျက်လုံးလှန်ကြည့်၏။ ချမ်းငြိမ်းကိုကလည်း မျက်လုံးပြန်ပြူးပြလိုက်ပြီး လက်ကျန်ပွဲကို အမြန်ဆုံး လက်စသတ်ကာ ...

"အန်တီ နောက်တစ်ပွဲ ... မြန်မြန်ပေး ..."

"အေး ... အေး ..."



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းကိုကိုကြည့်ပြီး ခင်နန်းထွေးတစ်ယောက် စိတ်ရှုပ်သွား၏။ အန်တီကြီး လှမ်းပေးသော အုန်းနို့ခေါက်ဆွဲ ပန်းကန်ကို ခင်နန်းထွေး ယူမည်အလုပ် ချမ်းငြိမ်းကိုက ဖျတ်ခနဲထကာ လှမ်းယူလိုက်၏။ နဂိုကမှ နှစ်ပွဲမစားရလို့ ညစ်နေသည့် ခင်နန်းထွေးတစ်ယောက် ဦးဆုံးပန်းကန်ကို မစားရသဖြင့် ချမ်းငြိမ်းကိုကို ပေါက်ကွဲသံစဉ်များဖြင့် နိဒါန်းပျိုးတော့၏။

"ဒီမှာ ... အဲဒါ ကျွန်မပန်းကန် ..."

ခင်နန်းထွေး စကားကို ချမ်းငြိမ်းကိုတစ်ယောက် ကြောင်တောင်တောင်ဖြစ်သွားပြီး ပန်းကန်ကို 'မ'ကြည့်၏။ ပြီးမှ ...

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဘာကိစ္စပြောပြရမှာလဲ ... ပြန်ပေး ... အဲဒါ ကျွန်မပန်းကန်"

"အေးလေ ... အဲဒါကြောင့် မေးနေတာပေါ့ ... ဒီပန်းကန်မှာတော့ ဘာမှမရေးထားပါဘူး"

"ဘာ ... အူကြောင်ကြောင်နဲ့ ... ကျွန်မ အရင်မှာလို့ ကျွန်မပန်းကန်လို့ပြောတာပေါ့ ..."

"ဒီဆိုင်ထဲ ဘယ်သူအရင်ရောက်သလဲဆိုတာ ဒီကအန်တီတောင် သိတယ် ... ဘာအရင်မှာတာလဲ ... နောက်မှလည်း လာသေးတယ်"





"ဟွန်း ..."

ချမ်းငြိမ်းကိုကို ဆက်မပြောတော့ဘဲ အန်တီကြီးလှမ်းပေးသော နောက်ပန်းကန်ကို ခင်နန်းထွေး ယူလိုက်၏။ ချမ်းငြိမ်းကိုကတော့ အေးအေးဆေးဆေးပင် မျိုးဇာနှင့်စကားပြောရင်း စားနေ၏။

"တကယ်ကွာ ... နိုင်ရည်ပွင့်ကို ငါမှတ်တောင် မမှတ်မိဘူး၊ အမယ် ... သူက ချစ်သူတွေဘာတွေရလို့ဗျား ..."

"ဒီမှာ ... ဒီမှာ ..."

"ဘာတုန်း ..."

ခင်နန်းထွေးက ကြားဖြတ်ကာ ခေါ်လိုက်သဖြင့် ချမ်းငြိမ်းကိုက စကားစဖြတ်ပြီး လှည့်ကြည့်၏။

"ဟိုးရှေ့က ငံပြာရည်ပုလင်းလေး တစ်ချက်လောက်"

ခင်နန်းထွေးက မျိုးဇာဘေးမှ ငံပြာရည်ပုလင်းကို လက်ညှိုးထိုးကာပြော၏။ ချမ်းငြိမ်းကိုက အလုပ်ရှုပ်လိုက်တာဟု စိတ်ထဲညည်းရင်း ငံပြာရည်ပုလင်းကို လှည့်မကြည့်ဘဲ ပေးလိုက်သည်။ ကံဆိုးချင်၍လားမသိ။ ငံပြာရည်ပုလင်း အဖုံးပွင့်ကာ ခင်နန်းထွေးပန်းကန်ထဲသို့ မှောက်ကုန်၏။

"အမလေး ... ကုန်ပါပြီ ..."

"ဘာလဲဟ ... အလန့်တကြား ..."



www.burmeseclassic.com

www.burmeseclassic.com



ခင်နန်းထွေး အော်သံကြားမှ ချမ်းငြိမ်းကိုလည်း လှည့်ကြည့်ဖြစ်၏။ အုန်းနို့ခေါက်ဆွဲ ပန်းကန်က ငေါ့ချိတ်ရောင် ထနေသဖြင့် မျက်လုံးပြူးသွားပြီး ခင်နန်းထွေးကို ကြည့်လိုက်၏။

"ရှင် ... ရှင် ... တမင်လုပ်တာ မဟုတ်လား ... "

ခင်နန်းထွေး အော်သံကြောင့် ဆိုင်ရှေ့မှဖြတ်သွားသော လူများက လှည့်ကြည့်ကြသဖြင့် ...

"ဟော့ ... တိုးတိုးပြော ... ငါကရှက်တတ်တယ် ... "

"ရှက်တတ်ပေလို့ပဲ ... ယောကျ်ားဖြစ်ပြီး မိန်းကလေးကို ဦးစားပေးမယ်မရှိဘူး"

"ဟ ... ယောကျ်ားဖြစ်တိုင်း ဦးစားပေးစရာလား၊ နှာဘူးမဟုတ်ဘူးကွ ... "

"နှာဘူးမဟုတ်ရင် ဂန်ဒူးလား ... အဲဒါပဲဖြစ်မယ်၊ တော်ပြီမစားတော့ဘူး အန်တီ ဘယ်လောက်လဲ ... "

"၃၀၀ သမီး ... "

"ငါ့ဘာသာ ဂန်ဒူးမကလို့ ဆာဒူးကြီးပဲဖြစ်ဖြစ် မင်းနဲ့ဘာဆိုင်လဲ ... "

"မဆိုင်ဘူး ... မဆိုင်ဘူး ... ဘာမှကိုမဆိုင်ဘူး ကိုဂန်ဒူး"

"ဟော့ ... ဟော့ ... နာမည်လာမဖျက်နဲ့ မပုသေး ... "

"ဘာ ... မပုသေးလဲ ... ပုလည်းမပုဘူး၊ သေးလည်းမသေး





ဘူး"

"ဒါဆို အရှည်ကြီးပဲဖြစ်ရမယ် ... "

"ရှင်နဲ့ ဘာဆိုင်လဲ ... "

"မဆိုင်ဘူး ... ဘာမှကိုမဆိုင်တာ ဒေါ်အရှည်ကြီး ... "

"တောက် ... "

ခင်နန်းထွေးတစ်ယောက် တောက်ခေါက်ကာ ထွက်သွားသဖြင့် အန်တီကြီးက ...

"သမီး နှစ်ရာယူသွားဦးလေ ... ငါးရာတန်ပေးထားတာ"

"ဟိုလူ ဂန်ဒူးကိုပေးလိုက် အန်တီ ... ဒီမှာ အဲဒီနှစ်ရာနဲ့မုန့်ဟင်းခါးပါ စားသွားဦး ... သွားပြီ ... "

"အမလေး ... ပိုက်ဆံနှစ်ရာများ အခုနေ ငါးဆယ်လာပေးတောင် ဆေးလိပ်ဝယ်သောက်လိုက်ဦးမှာ ... ကျေးဇူးပဲ ဒေါ်အရှည်ကြီး ... "

"သောက် ... သောက် ... သေအောင်သောက် ... "

"စိတ်ပူပေးလို့ ကျေးဇူးပဲ ... နောက် လမ်းကြုံမှ အုန်းနို့ခေါက်ဆွဲပြန်ဝယ်ကျွေးမယ် သိလား ... "

ခင်နန်းထွေး တစ်ယောက် မျက်စောင်းခပ်ပြင်းပြင်းတစ်ချက်ကို ဒိုင်းခနဲထိုးပြီး ဆတ်ကော့ ဆတ်ကော့နှင့် ထွက်သွားမှ မျိုးစာက ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဟုတ်လည်းဟုတ်တာပဲ ... မိန်းကလေးနဲ့ ဖြိုင်ပြီး ... "

"အခုခေတ် မိန်းကလေးတွေက ယောကျ်ားလေးတွေနဲ့ ရင်ဘောင်တန်းနေနိုင်ပါပြီကွာ ... စိတ်မပူစမ်းပါနဲ့ ... သနားမယ့် သနား ငါ့ကိုပဲသနား လူကြားထဲမှာ ရန်တွေ့ခံရတာ ... "

ချမ်းငြိမ်းကိုက အုန်းနို့ခေါက်ဆွဲကို လက်စသတ်လိုက်ပြီး ပိုက်ဆံရှင်းကာ ထွက်လာလိုက်၏။ နောက်မှ မျိုးဇာက ...

"မင်း ... ဖြူနှင်းသက်လို့ပြောမှ ငါသတိသွားရတယ် ... တလောက ငါလည်း တွေ့မိလိုက်သလိုပဲ ... အဝေးကတွေ့လိုက်တာပါ၊ သေချာတော့ မသိဘူး"

"မင်းက ဘယ်နားမှာတွေ့တာလဲ ... ငါက ကြက်၊ဘဲဈေးနားမှာတွေ့မိတာ"

"ငါက လက်ဖက်ရည်ဆိုင်ထိုင်နေရင်း တွေ့တာ"

"ဒါဆို သူတို့ဒီနားတစ်ဝိုက်မှာပဲနေတာ ဖြစ်ရမယ်"

"ဟုတ်မှာပေါ့ ... "

"ဟုတ်မှာပေါ့မလုပ်နဲ့ ... ငါ့ကိုစုံစမ်းပေး ... "

"ဘယ်လိုစုံစမ်းပေးရမှာလဲ"

"ရှာပေးလေကွာ"

"အေးလေ ... ငါကဘယ်လိုရှာရမှာလဲ၊ ဘာလဲ ... သတင်း





စာထဲမှာ လူပျောက်ကြော်ငြာထည့်ပြီး ရှာရမှာလား၊ ဒါမှမဟုတ် လက်ကမ်းစာရွက်ဝေတာပဲဖြစ်ဖြစ် ဓာတ်တိုင်မှာ စာရွက်ကပ်ပြီး တော့ပဲဖြစ်ဖြစ် ... "

"ဟေ့ကောင် ... တော်တော့ ... ငါ့ဟာငါပဲ ရအောင်ရှာမယ် ... "

"အဲလိုလုပ်လိုက်ရင် ပြီးနေပြီဟာကို ... "

ချမ်းငြိမ်းကိုတစ်ယောက် ဖြူနှင်းသက်ကိုဖွင့်ပြောဖို့ ကြိုးစားခဲ့သည်မှာ သုံးရာသီမက ကျော်င်းသာပြီးသွား၍ လူချင်းကွဲကွာသွားခဲ့သည်။ လုံး၀ ... လုံး၀ ဖွင့်မပြောဖြစ်ခဲ့။

တွေ့ခွင့်မကြုံ ဆုံခွင့်မရတော့သည်မှာ ကြာတော့လည်း မျှော်လင့်ချက်တို့ အိပ်မက်ပမာ ရှိလာကာမှ ရောင်ခြည်သစ်တို့ သန်းလာခဲ့ပြန်သည်။

ထိုနေ့က ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ချမ်းငြိမ်းကိုတစ်ယောက် စနေ၊ တနင်္ဂနွေ ခံသွားသဖြင့် ဗိုက်ဆံမရှိတာနှင့် အတော်ပဲဖြစ်သွား၏။ ဦးငြိမ်းမောင်မောင်ကတော့ အခုထက်ထိပဲ မသိရှာသေးဘူး။ အခန်းထဲအောင်းနေပြီး သီချင်းနားထောင်နေတုန်း တံခါးခေါက်သံ ကြားလိုက်ရ၏။

"ခေါက် … ခေါက် … "

"ဘယ်သူလဲ … "

"မင်းအဖေ … မင်းအဖေ … "

"ဘာကိစ္စလဲ ဖေဖေ … "

"မင်း ဖုန်းလာနေတယ် … မျိုးဇာတဲ့ … "

"လာပြီ ဖေဖေ … "

ချမ်းငြိမ်းကို သီချင်းကိုပိတ်လိုက်ပြီး အောက်ထပ်သို့ဆင်းလာလိုက်၏။ ဧည့်ခန်းထဲတွင် ဦးငြိမ်းမောင်မောင် တစ်ယောက်





သတင်းစာဖတ်ရန် ထိုင်လိုက်သဖြင့် ချမ်းငြိမ်းကို မသိမသာ အကဲခတ်ရင်း ဖုန်းကိုကိုင်လိုက်၏။

"ဟယ်လို မျိုးဇာ … "

"ချမ်းငြိမ်း … "

"အေး … ပြော … "

"အေး … ပြော … လုပ်မနေနဲ့ … ဆယ်နာရီကျရင် ဥဗလမ်းက Moon မှာ ငါတို့အဖွဲ့တွေ တွေ့ဖို့ ချိန်းထားတာ မင်းလာခဲ့"

"အမ် … ဘယ်တုန်းက ချိန်းလိုက်တာလဲ"

"အခုပဲလေ … "

"ဟေ့ကောင် မျိုးဇာ … မင်း ဘာစိတ်ကူးတွေပေါက်နေတာလဲ … ဘယ်သူတွေကို ချိန်းပြီးပြီလဲ … "

"အကုန်လုံးပဲ … အားလုံးလာကြမှာ အခု ရှစ်နာရီခွဲတော့မယ် … ရေမိုးချိုးပြင်ဆင်ပြီး Moon ကို လိုက်လာခဲ့၊ ဖြူနှင်းသက်ပါခေါ်ခဲ့မယ်လို့ ခိုင်ရှည်ပွင့်က ပြောထားတာနော်"

"ဟင် … ဖြူနှင်း … ဘယ်မှာနေတယ်ဆိုတာ သူကသိတယ်ပေါ့ … ကြည့်စမ်း … ခွေးမလေး … ငါ့မှာတော့ တစ်ပိုင်းသေတော့မယ် နေရာလေးတောင် မပြောလိုက်ဘူး"

"သူလည်း ဟိုတလောကမှ သိတာလို့ပြောတာပဲ"

"အေးပါ … လောလောဆယ် … ငါ့မှာ … "



www.burmeseclassic.com

ချမ်းငြိမ်းကိုတစ်ယောက် ဦးငြိမ်းမောင်မောင်ကို လှမ်းချက်လိုက်ပြီး ...

"မင်းသိတဲ့အတိုင်းပဲလေ ... "

"ပိုက်ဆံလား ... မပူနဲ့ ငါရှင်းပေးမယ် ... မင်းဆီမှာ နှစ်ရာရှိရင်ပဲရပြီ ... ကားစီးလာခဲ့ ... "

ချမ်းငြိမ်းကို ဖုန်းချလိုက်ပြီး အိမ်ပေါ်ထပ်သို့ပြေးကာ စားပွဲအံဆွဲကိုဖွင့်ကြည့်လိုက်သည်။ အံဆွဲထဲမှ ပိုက်ဆံတစ်ရာကိုကြည့်ပြီး စိတ်ဓာတ်တို့ အလုံးလိုက်ကျသွား၏။ ဒေါ်သူဇာဦးကလည်း ဈေးသွားနေသဖြင့် ပိုက်ဆံတောင်းလို့ရမည်မထင်။ နောက်ဆုံးတော့ ငြိမ်းသူဇာ ကျူရှင်ထိလိုက်ပြီး ပိုက်ဆံချေးရန် ကြံလိုက်၏။ ခပ်တည်တည်ဖြင့် ရေမိုးချိုးကာ နှစ်ရာခရီးကို တစ်ရာပေးရင်း စီးလာ၏။ ချမ်းငြိမ်းကိုအတွက် ကံကောင်းချင်တော့ ငြိမ်းသူဇာတို့ ကျူရှင်လမ်းထိပ်တွင် ငြိမ်းသူဇာနှင့် သွားဆုံ၏။

"ကိုကို ဘာလာလုပ်တာလဲ ... "

ငြိမ်းသူဇာက လက်ထဲမှ အာလူးကြော်ထုပ်များနှင့်မေးသဖြင့် ချမ်းငြိမ်းကို ပြုံးလိုက်ပြီး အာလူးကြော်တစ်ထုတ် ယူကာ ဖောက်လိုက်၏။ ပြီးမှ ...

"နင့်ဆီက ပိုက်ဆံလာချေးတာ ... "

"ဟမ် ... "





ငြိမ်းသူဇာကဘေးမှ ခင်နန်းထွေးကို ကြည့်နေသဖြင့် ချမ်းငြိမ်းကိုလည်း ခင်နန်းထွေးကို ကြည့်မိ၏။ ထိုတော့မှ ...

"သြော် ... ဒေါ်အရှည်ကြီးပဲ ... "

"ဘာ ... ဒေါ်အရှည်ကြီးလဲ ကိုဂန်ဒူး ... "

ငြိမ်းသူဇာခမျာ ချမ်းငြိမ်းကိုကို ကြည့်လိုက် ခင်နန်းထွေးကို ကြည့်လိုက်နှင့် ခေါင်းကုတ်နေ၏။ ခဏနေမှ ချမ်းငြိမ်းကိုက ...

"ကဲ ... အဲဒါ အသာထားစမ်းပါ၊ ငါ့ကို နှစ်ထောင်လောက်ချေး ... သွားစရာရှိလို့ ... "

"ကို့ကို ပိုက်ဆံတွေရော ... "

"ကုန်ပြီ ... ငါပြန်ပေးမှာပါ ... မျိုးဇာတို့နဲ့ချိန်းထားလို့"

"ကိုကိုမျိုးဇာတို့နဲ့ ချိန်းထားတာလား ... အဟီး ... ညီမလေးတောင် လိုက်ချင်လာပြီ ... "

"ငါ ထုထည့်လိုက်ရ ... ပေးစမ်းပါ ... "

"ပြန်ပေးနော်"

"အေးပါ"

ငြိမ်းသူဇာက ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံနှစ်ထောင် ထုတ်ပေးလိုက်ပြီး ...

"ကိုကိုမျိုးဇာကို အိမ်အလည်ခေါ်ခဲ့ဦးနော်"

"သွားပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းကို ထွက်သွားမှ ခင်နန်းထွေးတစ်ယောက် ငြိမ်းသူဇာကို ကြည့်ပြီး ...

"ငြိမ်း ... ကိုကိုမျိုးဇာဆိုတာ ဘယ်သူလဲ ... "

"ငြိမ်းကိုကိုရဲ့ သူငယ်ချင်းလေ ... ဒါနဲ့ ကိုကိုနဲ့ နန်းနဲ့က သိနေတာလား"

"အဲလိုပဲ ပြောရမှာပေါ့ ... ပြောပါဦး ... ကိုကိုမျိုးဇာဆိုတဲ့ လူကို ငြိမ်းကချစ်နေတာလား ... "

"မဟုတ်ပါဘူး နန်းရယ် ... စိတ်ကူးယဉ်ကြည့်ရုံပါ ... သူ့နာမည်အရင်းက မျိုးဇာပဲ ... ချောလည်းချောတယ် ... သဘောလည်းကောင်းတယ် ... "

"အဲဒီလူက အသားဖြူဖြူ ဆံပင်လိမ်ကောက်ကောက်လေးနဲ့ မဟုတ်လား"

"ဟင် ... နန်းက သိနေတာလား"

"တစ်နေ့က မြင်ဖူးတာပါ ... သူနဲ့တော့ စကားမများပါဘူး"

"ဒါဖြင့် ငြိမ်းကိုကိုနဲ့တော့ စကားများလာတယ်ပေါ့"

"အင်း ... "

"ကိုကိုက အဲလိုပဲ ဘုဆတ်ဆတ်နဲ့ ... သူကြိုက်နေတဲ့ အစ်မကြီးရှေ့ဆိုရင်တော့ ကုတ်နေတာပဲ ... "

"သူ့မှာ ရည်းစားရှိတယ်ပေါ့ ... "





"မရှိသေးပါဘူး၊ တစ်ဖက်သတ်ပေါ့ ... ကိုကို့နာမည်က ချမ်းငြိမ်းကိုလို့ခေါ်တယ် ... ကိုကိုက စိတ်ထားကောင်းပါတယ်နန်းရဲ့"

"အဲဒါတော့ မပေါင်းကြည့်သေးတော့ နန်းက ဘယ်လိုလုပ်သိမှာလဲလို့ ... "

"နောက်နေ့ကျမှ သေသေချာချာ မိတ်ဆက်ပေးမယ်နော်"

"နေပါစေတော့ ... နန်းနဲ့မှ မတည့်ဘဲ ... "

"ကိုကိုက စိတ်ထားကောင်းပါတယ်ဆိုမှ ... "

"အင်းပါ ... လာ ကျူရှင်ချိန် နောက်ကျနေပြီ ... "

ခင်နန်းထွေးက နာရီကြည့်ရင်း ပြောလိုက်သဖြင့် ငြိမ်းသူဇာက ခေါင်းညိတ်ပြလိုက်ပြီး ကျူရှင်လမ်းထဲသို့ ဝင်လိုက်၏။ ချမ်းငြိမ်းကို တစ်ယောက်လည်း ပိုက်ဆံနှစ်ထောင်ကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ပြီး ကားမှတ်တိုင်သို့ လျှောက်လာခဲ့၏။

၃၆လမ်းမှ Moon Bakery ဆိုင်ရှေ့ရောက်သည်နှင့် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ဆိုင်ထဲဝင်လိုက်၏။ ဝင်ဝင်ချင်း ဒါန်းပေါ်တွင် ထိုင်နေကြသော ခိုင်ရည်ပွင့်နှင့်ဖြူနှင်းသက်ကို တွေ့လိုက်သဖြင့် ပြုံးလိုက်ပြီး မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။ ခိုင်ရည်ပွင့်က ...

"ချမ်းငြိမ်း Only one ပဲလား မျိုးဇာရော ... "

"သူတနဲ့လာမှာပေါ့ ... ငါက တစ်ယောက်ထဲထွက်လာတာ ... "

ချမ်းငြိမ်းကိုက ဖြူနှင်းသက်ကို ကြည့်လိုက်ပြီး ပြုံးရမလို ရယ်ရမလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။ ခိုင်ရည်ပွင့်က ...

"ဘာသောက်မလဲ ငါဝယ်တိုက်မယ် ... "

"စတော်ဘယ်ရီမစ်ရှိတ် သောက်ချင်တယ်"

"အေး ... ထိုင်နှင့်ကြဦး ... "

ခိုင်ရည်ပွင့် ထသွားသဖြင့် ချမ်းငြိမ်းကိုနှင့်ဖြူနှင်းသက်တို့ ငှငှကြီး ကျန်နေခဲ့၏။ ဖြူနှင်းသက်ကို ကြည့်ရင်း ...

"ဖြူနှင်း ... အခု ဘယ်မှာနေနေတာလဲ ... "

"ကျောက်မြောင်းမှာ တိုက်ခန်းငှားနေတယ်"

"ဖြူနှင်း အဖေနဲ့အမေရော နေကောင်းရဲ့လား"

"ဖေဖေတို့က မန္တလေးမှာလေ ... "

"ဒါဆို ဖြူနှင်းတစ်ယောက်ထဲနေတာလား ... အန္တရာယ်ရှိ ... "

"ကောင်မလေးတစ်ယောက်နဲ့ အတူနေတာပါ"

"သြော် ... ကိုယ်ကတော့ အရင်အိမ်မှာပဲ ... "

"ဂျာနယ်တိုက်မှာ လုပ်သေးတယ်ဆို ... "

"ဘယ်လိုသိလဲ ... "

"ခိုင်ရည်ပြောတာ ... ခုနကလည်း ပြောတယ်၊ ချမ်းငြိမ်းကို အလုပ်ကထွက်လိုက်လို့ အားနေပြီတဲ့ ... "

"ဟုတ်တယ် ... ဖြူနှင်းရော ဘယ်မှာအလုပ်လုပ်နေလဲ"





"ကုမ္ပဏီတစ်ခုမှာ"

"ဖြူနှင်း အိမ်က အဲဒီအလုပ်လုပ်နေမှန်းသိလား"

"မသိဘူး ... ရန်ကုန်မှာ သင်တန်းတွေတက်ဦးမယ်ဆိုပြီး နေခဲ့တာ"

ထိုအချိန်တွင် မျိုးဇာနှင့်သုတတို့ ရောက်လာကြ၏။ ခိုင်ရည်ပွင့်က အအေးခွက်နှင့်မုန့်ပန်းကန်ကိုင်ကာ ချမ်းငြိမ်းကိုရှေ့ ချပေးလိုက်သဖြင့် မျိုးဇာက ...

"ဟ ... ခိုင်ရည်ပွင့် နင် ဒီမှာ ဝိတ်တာလုပ်နေတာလား"

"သေနာ ... ငါက ဘာလို့ ဝိတ်တာလုပ်ရမှာလဲ နင်ပဲလုပ်"

ခိုင်ရည်ပွင့်က စိတ်ဆိုးဆိုးနှင့် ပြောလိုက်သဖြင့် သုတက ...

"နင်ကလည်းဟာ ရှက်မနေစမ်းပါနဲ့ ... ဝိတ်တာလုပ်ရင် လုပ်တယ်ပေါ့ ... ခင်စုမွန်တောင် ဟိုးတစ်လောက ကားဂိတ်မှာ ဂျာနယ်လိုက်ရောင်းနေသေးတာပဲ ... "

"ဘာရယ် ... ဟုတ်ပဲနဲ့ ... "

"တကယ်ပါဆို ... "

ထိုစဉ် ခင်စုမွန်တစ်ယောက် သုတ်သုတ် သုတ်သုတ်နှင့် ဂျာနယ်တစ်စောင်ကိုင်ကာ ဝင်လာသဖြင့် သုတက ...

"တွေ့လား ... ဂျာနယ်ရောင်းရင်း ပြေးလာပုံရတယ်"

မျိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်စုမွန်က ...

"နောက်ကျသွားတယ်ဟာ ... ကားကျပ်နေလို့ ... "

"ဘာကားကျပ်တာလဲ ... ဂျာနယ်ရောင်းနေရလို့ မအားဘူး ပြော ... "

မျိုးဇာက ပြောလိုက်သဖြင့် ခိုင်ရည်ပွင့်က ခင်စုမွန်ကိုကြည့်ရင်း ပြော၏။

"ခင်စု ... နင် ဂျာနယ်ရောင်းနေတယ်ဆို ... "

"ဟမ် ... "

"မဟမ်နဲ့ ... တစ်နေ့က နင့်ကိုငါ ပန်းဆိုးတန်းမှတ်တိုင်မှာ ဂျာနယ်ကိုင်ပြီး ရပ်နေတာတွေ့တယ် ... "

ခင်စုမွန်က သုတကို ဂျာနယ်နှင့်လှမ်းရိုက်လိုက်ပြီး ...

"သေနာလေး ... ဂျာနယ်ကိုင်ပြီး ရပ်နေတာနဲ့ပဲ ငါက ဂျာနယ်လိုက်ရောင်းစရာလား။ ဖေကြီးဖတ်ဖို့ ဝယ်သွားတာဟဲ့"

"မသိပါဘူး ... နင် ဂျာနယ်လိုက်ရောင်းနေတယ်အောက်မေ့လို့ ... နင့်ပုံကလည်း တူပါတယ်ဟာ ... "

သုတက ခင်စုမွန်ကို နောက်နေသဖြင့် ခဏနေမှ အအေးသွားမှာဖြစ်၏။ မျိုးဇာက ...

"ဟဲ့ ဖြူနှင်းသက် ... ငြိမ်လှချည်လား။ စကားလေးဘာလေးလည်း ပြောပါဦး ... နင့်အသံချည်းပဲ ... "





မျိုးဇာက နောက်နေသည်ကို မဆီမဆိုင် ချမ်းငြိမ်းကိုက ရှက်ပြုံးပြုံးနေသဖြင့် မျိုးဇာက ကြည့်ပြီး ...

"မင်းက ဘာပြုံးတာလဲ ... နင်တို့နှစ်ယောက်ကလေ ကျောင်းတုန်းကအတိုင်းပဲ ... ဘာမှ မပြောင်းလဲဘူး၊ ပြောင်းလဲသွားတာက ငါတို့လေးယောက်ပဲ ... "

မျိုးဇာက ချမ်းငြိမ်းကို၏အအေးကို တစ်ငုံသောက်ပြီးပြောလိုက်သဖြင့် ချမ်းငြိမ်းကိုတစ်ယောက် ဖြူနှင်းသက်ကို ကြည့်ကာ ကျောင်းသားဘဝကို ပြန်မြင်ယောင်မိလာသည်။

လမ်းထိပ်တွင် ယောင်ပေပေနှင့်ရပ်နေသော ချမ်းငြိမ်းကိုကို ခပ်လှမ်းလှမ်းမှ ဖြူနှင်းသက်က တွေ့ပုံရ၏။ တစ်ဘက်လမ်းသို့ ကူးသွားသဖြင့် ချမ်းငြိမ်းကိုကပါ လိုက်ကူးပြီး ဖြူနှင်းသက်အနားသို့ ကပ်လာ၏။ ဖြူနှင်းသက်က ချမ်းငြိမ်းကိုကို မကြည့်ဘဲ ခေါင်းကြီးငုံ့ကာ ...

"ချမ်းငြိမ်းကို ... နင် ဟိုဘက်လမ်းကို ပြန်ကူး ... "

"ဘာ ... ဘာလို့လဲ ဟင် ... "

"ဖေဖေ အိမ်ပေါ်ထပ်ကနေ ကြည့်နေတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဟုတ်လား … "

ချမ်းငြိမ်းကိုတစ်ယောက် နောက်သို့ လှည့်ပြန်ကာကြည့်လိုက်ရာ အိမ်ပေါ်ထပ် ဝရံတာမှ ခါးထောက်ရပ်နေသော ဦးခင်မောင်ရင်ကို ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရ၏။ ထိုတော့မှ …

"ငါ … ငါ သွားတော့မယ်နော် … "

"နေဦး … "

ဖြူနှင်းသက်က နေဦးဟု ဆိုကာ လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကိုထုတ်ကာ …

"ရော့ … ဒီစာအုပ်ယူသွား ကျောင်းရောက်မှ ငါပြန်ယူမယ်"

"အေး … အေး … "

ဖြူနှင်းသက်က ခပ်သွက်သွက်လျှောက်သွားသဖြင့် ချမ်းငြိမ်းကိုတစ်ယောက် စာအုပ်ကိုင်ကာ ကျန်ခဲ့၏။ ဖြူနှင်းသက်ပေးတဲ့စာအုပ်ကလည်း ဘာအဓိပ္ပာယ်နဲ့ပေးမှန်း ချမ်းငြိမ်းကိုမသိ။ စာအုပ်ကို အခေါက်ခေါက်လှန်သော်လည်း ထူးထူးခြားခြား မတွေ့ရသဖြင့် ကြောင်တောင်တောင်နှင့် ခေါင်းကုတ်နေမိ၏။ ကျောင်းရှေ့ကန်တင်းထဲတွင် ဖြူနှင်းသက်ရှိလိမ့်မည်အထင်နှင့် ဝင်လိုက်သော်လည်း မျိုးဇာနှင့် သုတတို့နှစ်ယောက်သာ ထိုင်နေသဖြင့် ခုံဆွဲထိုင်လိုက်ပြီး စာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်ကာ သက်ပြင်းချလိုက်၏။ မျိုးဇာက စာအုပ်ကိုယူလိုက်ပြီး လှန်ကြည့်ရင်း ပြော၏။





"ဒါ … ဘယ်သူ့စာအုပ်လဲ၊ လက်ရေးကတော့ ဖြူနှင်းသက်လက်ရေးပဲ … သူ့စာအုပ်လား … "

"ဟုတ်တယ် … "

"သူ့စာအုပ်က ဘာလို့မင်းဆီရောက်နေတာလဲ၊ မင်းယူလာတာလား … "

"ဘယ်ကသာ … သူပေးလိုက်တာ၊ ဘာအဓိပ္ပာယ်နဲ့ပေးတာလို့ထင်လဲဟင် … "

ချမ်းငြိမ်းကို စကားကို သုတကမေးစေ့ပွတ်ရင်း ပြော၏။

"ညည်းစားစာ ရေးခိုင်းတဲ့သဘောလား … "

"အာ … ဖြူနှင်းက အဲလိုလူစား မဟုတ်ပါဘူးကွာ၊ သူ့အဖေကြီး ရပ်ကြည့်နေတာနဲ့ ငါ့ကို နေဦးဆိုပြီး အဲဒီစာအုပ် ပေးလိုက်တာ"

ဒီတော့မှ မျိုးဇာက ချမ်းငြိမ်းကို ခေါင်းကို စာအုပ်နှင့်လှမ်းရိုက်လိုက်ပြီး …

"အဲသလောက်တောင် တုံးရသလား ချမ်းငြိမ်းရာ … သူ့အဖေကြီးက မင်းကိုမကြည့်ဘူး၊ သူ့သမီးနားကပ်ရင် သူ့အဆူခံရမှာစိုးလို့ မင်းက စာအုပ်လိုက်ငှားတာပါဆိုပြီး အကြောင်းပြချက်လုပ်လိုက်တာ … ဒီစာအုပ်ကိုပြန်ယူမယ်လို့ ပြောတယ် မဟုတ်လား"

"အေး … "

"အဲဒါပဲပေါ့ … ခဏနေ လာလိမ့်မယ်၊ ဟော … ပြောရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် လာနေပြီ ... သေခဲဦးမယ်"

မျိုးဇာက အပြင်ဘက်သို့ မျက်စပစ်ပြလိုက်သဖြင့် ချမ်းငြိမ်းကို လှည့်ကြည့်လိုက်၏။ ဖြူနှင်းသက်က ဆိုင်ထဲဝင်လာပြီး သုတဘေးတွင် ဝင်ထိုင်ကာ ...

"ခိုင်ရည်နဲ့ ခင်စုရော ... "

"မသိဘူးလေ ... မလာသေးတာနေမှာပေါ့"

မျိုးဇာက ပြေလိုက်ပြီး သူ့လက်ထဲမှစာအုပ်ကို ဖြူနှင်းသက်ကို လှမ်းပေးရင်း ပြော၏။

"မမတို့ကတော့ အရှောင်အတိမ်း သိပ်ကောင်းတယ်နော်၊ ရှောင်လင်ကျောင်းထွက်လား မသိဘူး"

"ဘာကိုလဲ မျိုးဇာရဲ့ ... "

"နင် ဒီကောင့်ကို ဒီစာအုပ်ပေးတာလေ ... အဲဒါ နင် အကောခံရမှာစိုးလို့ မဟုတ်လား ... "

"ငါ့ကိုဆူတာက အကြောင်းမဟုတ်ဘူး၊ သူ့ကိုဖေဖေက ကြည်တာမဟုတ်ဘူး၊ အပြင်ထွက်လာပြီး ရန်လုပ်နေမှာစိုးလို့ စာအုပ်ငှားတဲ့ ဒီဇိုင်းထွင်လိုက်တာ ... "

"စိုးရိမ်တယ်ပေါ့ ... ဟဲဟဲ ... "

သုတက ဝင်နှောက်နေသဖြင့် ဖြူနှင်းသက်ရော ချမ်းငြိမ်းကိုပါ ရှက်ပြီး ပြုံးနေကြ၏။ ခဏအကြာ ဖြူနှင်းသက်တစ်ယောက်





စာအုပ် ပြန်ယူပြီး ကန်တင်းထဲမှ ထွက်သွား၏။ မျိုးဇာက ...

"ချမ်းငြိမ်း ဖွင့်ပြောရင်လည်း ပြောတာမဟုတ်ဘူး၊ အေးတိအေးစက်နဲ့ ice လုပ်နေတယ်"

"ငါ ဘယ်ကစပြောရမလဲမသိလို့ ... "

"အေး ... ကောင်းတယ် ... ဒီမှာ မင်းဆရာတစ်ယောက်လုံး ရှိနေတဲ့ဥစ္စာ"

မျိုးဇာက သူ့ကိုယ်သူ မြှောက်ကာ ပြောနေသဖြင့် သုတက

"ဒီကောင့်ကို ဆရာတင်ရင် ချမ်းငြိမ်း မင်းတော့ အဂုံလိမာလလို ဆရာတင်မှားတော့မယ်ထင်တယ်"

"ဘာတွေလာပြောနေတာလဲ ခွေးသားရဲ့ဆရာကို ဆရာမလုပ်နဲ့ သေသွားမယ် ... ဒီမှာ ချမ်းငြိမ်း ငါပြောသလိုပဲလုပ် ငါလုပ်သလို မလုပ်ရင် မင်းဒီပွဲသိမ်းတယ် ... ဘယ်လိုလဲ ... ဖြူနှင်းသက်ကို မလိုချင်ဘူးလား"

"ဘာလဲ မင်းကပွဲစားလား ... ဖြူနှင်းသက်ရဲ့ပွဲစားလား"

သုတက မျိုးဇာကို မျက်လုံးပြူးရင်း ပြောနေသဖြင့် မျိုးဇာက သုတနဖူးကို လက်နှင့်တောက်ကာ ပြော၏။

"မင်းကရှေးခေတ်မှာ ကျန်နေခဲ့ပြီ ... အဲဒါ မြားနတ်မောင်လို့ခေါ်တယ် ... ဘာပွဲစားလဲ ... စကားပြောတာကိုက အဲဒါကြောင့် မင်းရည်းစားမရတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ပွန့် ... အေးပေါ့ ... မင်းကရှိနေတော့ ပြောအားရှိမှာပေါ့ ငါရည်းစားရတဲ့နေ့မှတွေ့မယ် ... "

"ဟဟား ... မင်းရည်းစားရမယ့်နေ့ကို ဒီကမျိုးဇာတို့ တုတ်ကောက်နဲ့ စောင့်နေဦးမှာ"

မျိုးဇာက သုတကို အနိုင်နှင့်ပိုင်းပြီးပြောသဖြင့် သုတတစ်ယောက် ဒေါသပုန်ထသွား၏။ ချမ်းငြိမ်းကိုက ...

"မင်းတို့ကိစ္စကို ထားစမ်းပါဦး ... ငါ ဖြူနှင်းကိုတော့ ပိုင်ချင်တယ်၊ ဒါပေမဲ့ ... ဖြူနှင်းက ငါ့ကိုဆို လက်ခံမှာမဟုတ်ဘူး"

ချမ်းငြိမ်းကို စကားကို မျိုးဇာက စဉ်းစားနေပြီးမှ ပြော၏။

"မင်းကို လက်မခံရအောင် မင်းမှာဘာချို့ယွင်းချက်ရှိလို့လဲ ဒါမှမဟုတ် ... သူ့မှာချစ်ရမယ့်လူတွေ ဘာတွေရှိနေလို့လား ... အဲလိုတော့ ပြောသံမကြားမိပါဘူး"

"ငါ့စိတ်ထင်တော့ ဖြူနှင်းက သူ့အဖေပြဿနာကြောင့် ငါ့ကို လက်မခံနိုင်တာ ဖြစ်မယ်"

"အဲဒါဆိုလဲကွာ ... သူ့သမီးလိုချင်ရင် သူ့အဖေကို အကြိုက်လိုက်ဆောင်လိုက်ပေါ့ကွ ... "

သုတစကားကို မျိုးဇာက ခေါင်းညိတ်ကာ ထောက်ခံနေသဖြင့် ချမ်းငြိမ်းကိုတစ်ယောက် မျက်နှာခပ်လှုပ်လှုပ်ဖြစ်သွား၏။ အခုတစ်မျိုး တော်ကြာတစ်မျိုးပုံစံနှင့် ဖြူနှင်းသက် အဖေကြီးကို



ဆက်ဆံရမှာ ကိုယ့်ကိုယ်ကိုတောင် အခြောက်ကြီးလားဟု ထင်မိ၏။ သို့သော်လည်း အချစ်ထက်အရေးကြီးသည့်အရာကား အချစ်လောက်အရေးမကြီးသေးဘူးဟု ထင်မိတဲ့အချိန် ...

ထိုနေ့ ညနေက ဦးခင်မောင်ရင် တစ်ယောက် ထမင်းစားပြီးချိန် လမ်းထွက်လျှောက်ပုံရ၏။ သွားကြားထိုးတံက ထိုးထိုးထောင်ထောင်ဖြင့်။ လက်ဖက်ရည်ဆိုင်ထဲမှ ချမ်းငြိမ်းကိုကြည့်နေတုန်း ဦးခင်မောင်ရင် ဝင်လာ၏။ ချမ်းငြိမ်းကိုနှင့်အတူ ထိုင်နေသော ဦးဟန်မင်းက ...

"ကိုခင်မောင်ရင် ... လာဗျာ ... ဒီမှာထိုင် ... ဘာသောက်မလဲ"

ဆိုပြီး လောကွတ်ပြုလိုက်သဖြင့် ဦးခင်မောင်ရင် တစ်ယောက် ချမ်းငြိမ်းကိုကို ပြူးကြည့်ရင်း ထိုင်ရကောင်းနိုးနိုး၊ မထိုင်ရကောင်းနိုးနိုးနဲ့ ဖြစ်နေသည်။ ဒါပေမဲ့လည်း ဦးဟန်မင်းက ရပ်ကွက်ဥက္ကဋ္ဌဆိုတော့ လူမှုရေးအရတော့ ထိုင်ဦးမှဆိုတဲ့အထာနှင့် ဦးဟန်မင်းဘေးမှာ ခုံဆွဲထိုင်ပြီး ရေနွေးကြမ်းငှဲ့ရင်း ...

"ထမင်းစားပြီးကတည်းက အစာမကြေမှာစိုးလို့ လမ်းထွက်လျှောက်တာ ကိုဟန်မင်းရေ ... "

"ဟုတ်တယ်ဗျာ ... လမ်းကတော့ လျှောက်ရမယ်၊ ကျုပ်ဆိုလည်း မနက်တိုင်း လမ်းလျှောက်နေကြမို့လားမသိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မလျှောက်ရရင် ခြေထောက်ကပဲ တိုဝင်သွားသလိုလို၊ ခါးကပဲနာလာသလိုလိုနဲ့ ...”

ဦးခင်မောင်ရင်က ရေနွေးကြမ်းမှုတ်ရင်း ချမ်းငြိမ်းကိုကို လှမ်းချက်နေသေးသည်။ ချမ်းငြိမ်းကိုကလည်း မျိုးဇာတို့စကားကို သွားသတိရပြီး ...

“ဟဲဟဲ ... ဦး ... မံမံစားပြီးပြီလား”

ချမ်းငြိမ်းကို အမေးကို ဦးခင်မောင်ရင်တစ်ယောက် ဖြေရမှာ တစ်မျိုးကြီးဖြစ်သွားသည်။ ဟုတ်လည်းဟုတ်သည်။ ထမင်းစားပြီးပြီလား မေးလည်း ရနေတဲ့ဟာကို မံမံစားပြီးပြီလားဆိုတော့ “အေး ... စားပြီးပြီ”လို့ ပြန်ဖြေလိုက်ရင် မံမံစားတဲ့အရွယ်မှ မဟုတ်တာ။ “မစားရသေးဘူးကွ”လို့ ပြောပြန်ရင်လည်း ခုနကပဲ ထမင်းစားပြီးလို့ လမ်းထွက်လျှောက်တာလို့ စကားကခံထားပြီးသား။ အဲဒီတော့ ... အင်းမလုပ်၊ အဲမလုပ် ခေါင်းကြီးသာ ညိတ်ပြလိုက်ရှာသည်။

အခုမှ တကယ်အစာမကြေနေတဲ့ ပုံကြီးနှင့်။ ဦးဟန်မင်းက အခြေအနေကို ဝင်ထိန်းသည့်အနေဖြင့် ...

“ဒါနဲ့ အလုပ်အကိုင် အဆင်ပြေရဲ့လားဗျ”

“ပြေတယ် ကိုဟန်မင်း”

ဒီတော့မှ ဦးခင်မောင်ရင် ရုပ်ကြီးက နဂိုအရောင်ပြန်ဖြစ်





သွားသည်။ ချမ်းငြိမ်းကိုကလည်း အရိပ်အကဲ နားမလည်သူပီသစွာ။

“ဒါဆို ... ဦး ... ကျွန်တော် ပစ္စည်းတစ်ခုအော်ဒါမှာချင်လို့ ရမလား။ တခြားမဟုတ်ပါဘူး ... ကျွန်တော့်ကောင်မလေးကိုပေးဖို့ စာကြည့်စားပွဲ အော်ဒါလေး လုပ်ပေးပါလား၊ ဘယ်လောက်ကုန်ကုန်ဗျာ ... ကျွန်တော့်ကောင်မလေး စာကြည့်စားပွဲက ဟောင်းနေသလိုပဲ ...”

ဦးခင်မောင်ရင်ကလည်း ချက်ဆိုနားခွက်က ထောင်းခနဲ မီးပွင့်ပြီးသား။ သူ့သမီးကို ပြောနေမှန်းသိသဖြင့် မျက်နှာကြီးက ရှစ်ခေါက်ချိုးသွားသည်။ ဒါပေမဲ့လည်း ... အလုပ်သဘောအရရော ဦးဟန်မင်း ရှိနေတာနဲ့ရော ချော်လဲရောထိုင် လုပ်ရတာပေါ့ ... ဘုဆတ်ဆတ်နဲ့ကို ချော်လဲရောထိုင်လိုက်ခြင်းဖြစ်သည်။

“စားပွဲက ဘယ်အသားနဲ့လုပ်ချင်တာလဲ၊ ထင်းခွဲလို့ရမယ့် အသားနဲ့လုပ်ချင်တာလား။ မီးရှို့လို့မြန်မြန်ပြာဖြစ်မယ့် အသားနဲ့လုပ်ချင်တာလား၊ ဆိုဒ်ကြီးမှာရင်တော့ သုံးရက်လောက် ထင်းဆိုက်လို့ ရမယ်ထင်တယ် ...”

ဦးခင်မောင်ရင် စကားကို ချမ်းငြိမ်းကိုကလည်း ဒက်ပါသည်။ သဘောကတော့ သူ့သမီးကိုပေးရင် သူကိုယ်တိုင် ဓားမနဲ့ခုတ်ပြီး ထင်းခွဲမယ့်အိုက်တင်နှင့်။ ချမ်းငြိမ်းကိုကလည်း လုပ်ချင်တာလုပ် ချေသဘောဆိုတဲ့ အထာနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အသားနဲ့လုပ်ရင် ကောင်းမလဲ မသိဘူးနော်၊ ရွှေမရတဲ့ခုံမျိုးဆိုကောင်းမယ် … ခိုင်ခိုင်လေးတော့လုပ်ပေး ဦး … သစ်ကို အပေါင်းတွေမသုံးနဲ့နော် … "

ဦးခင်မောင်ရင်က တစ်ပတ်ရစ် ပရိဘောဂအပေါင်းများကို လိုက်ဝယ်၍ ကော်ပတ်ပြန်စား အရောင်တင်ပေါလစ်သုတ်ကာ ရှိုင်းနင်းလုပ်ပြီး ပြန်ရောင်းတတ်သဖြင့် မသိမသာ ခနဲ့ခြင်းဖြစ်သည်။

"ဟော့ကောင် အပေါင်းတစ်ခုမှမပါဘူးကွ … အသစ်တွေချည်းပဲ … "

"အမ် … ဦးကလည်း အချင်းချင်းကိုလာနောက်နေပြန်ပြီ၊ အိမ်ကကြောင်အိမ်ကို ဦးဆီကပဲဝယ်တာလေ၊ ဝယ်ထားတာဖြင့် ခြောက်နှစ်လောက်ပဲရှိသေးတယ်၊ ဟိုတစ်လောက ကြောင်တက်ခုန်တာ အခု ထင်းဆိုက်လိုက်ရပြီလေ … "

"ခြောက်နှစ်ပဲရှိနေပြီ … တော်ရောပေါ့ကွ … မင်းက မြေးချီတဲ့အထိ သုံးချင်လို့လား … "

"မြေးချီတဲ့အထိတော့ မသုံးပါဘူး၊ မိန်းမယူတာနဲ့ ယောက္ခမဆီက အသစ် အသစ်တွေ ရမှာပဲဟာ"

"အခုကတည်းက ယောက္ခမလုပ်စာကို ထိုင်စားမဲ့ကောင်"

"ဟာ … ဦးကလည်း မဦးမချွတ် … စားမယ့်စား ယောက္ခမလုပ်စာကို ထိုင်စားမလား၊ မိန်းမလုပ်စာပဲ ထိုင်စားမှာပေါ့နော်





ဦးလေးဟန်မင်း … "

ဦးဟန်မင်းကိုပါ စစ်ကူတောင်းနေသဖြင့် ဦးဟန်မင်းတစ်ယောက် ခေါင်းပဲညိတ်ပြရမလိုလို၊ ခေါင်းပဲခါရမလိုလိုနှင့်။ သူကလည်း ယောက္ခမလုပ်စာစားလိုက် မိန်းမလုပ်စာစားလိုက် လုပ်နေတာကို။ အဲဒီတော့ ချမ်းငြိမ်းကိုကို ရယ်ကြဲကြဲနှင့် သွားဖြီးပြလိုက်ရသည်။ ခဏအကြာတွင် ချမ်းငြိမ်းကိုက ရေနွေးငှဲ့ရင်း …

"အခုခေတ် မိန်းကလေးတွေများနော် ကဲကိုကဲတယ်"

ချမ်းငြိမ်းကိုစကားက ဦးခင်မောင်ရင်ကို စောင်းပြောနေသလိုလိုနှင့် ဦးခင်မောင်ရင်မှာက ဖြူနှင်းသက် ရှိသေးတာကိုး။ ဦးဟန်မင်းကလည်း အလိုက်မသိစွာနဲ့ မေးပြန်သည်။

"ဘာဖြစ်လို့လဲကွ … ကလေးတွေက ခေတ်နဲ့အညီနေကြတာပဲ"

"ဟုတ်ပါတယ် … ကျွန်တော့်သူငယ်ချင်း ဒီကဦးရဲ့သမီးဆိုရင် … "

ဦးခင်မောင်ရင်ကို မျက်စပစ်ရင်း ပြောလိုက်သဖြင့် ဦးခင်မောင်ရင်က …

"ဟုတ်ရင်ဟုတ်ပေါ့ကွာ … မဟုတ်လို့ကတော့ ငှါးလက်သီးက အခွက်မရွေးဘူး" ဆိုတဲ့ ပုံစံနဲ့ လက်နှစ်ဖက်ကို ဆုပ်နေလေရဲ့။ ချမ်းငြိမ်းကိုကလည်း ဒီလောက်ကတော့ မပိန်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူနှင်းသက်ဆို အနေလည်းဝေးတယ်၊ ကျောင်းမှာလည်း ဣန္ဒြေရတယ်၊ ဒါ မိဘဆိုဆုံးမမှုအောက်မှာ လိမ်လိမ်မာမာနဲ့နေလာတာလေ ဟုတ်တယ်နော် ဦး ... "

ချမ်းငြိမ်းကိုက "ဟုတ်တယ်နော်"ဆိုတာနဲ့ လိုက်ပြီး ဟုတ်ရမှာပေါ့။

"အေး ... "

"ဦးဆိုရင်လည်း အလုပ်ကတစ်ဖက် အကြွားကတစ်ဖက်၊ အဲလေ ... အသွားကတစ်ဖက်နဲ့ အားတယ်လို့မှမရှိဘဲ၊ ဖြူနှင်းသက်ကတော့ ပြောပါတယ်၊ ဦးက စည်းကမ်းလည်းကြီးတယ်တဲ့"

"တကယ်ဆို ... အဲသလိုပဲဖြစ်နေရမှာ၊ ဆယ်တန်းတုန်းကဆိုရင်လည်း ဦးပဲ ကျောင်းသွားကျောင်းပြန် ဖြူနှင်းသက်ကို လိုက်ပို့ပေးတာနော် ... အဲဒါ ကောင်းတယ်၊ အခုတော့ ကောင်မလေးတွေက အဲသလို မဟုတ်တော့ဘူး၊ စာပေးလည်းယူ၊ ပန်းပေးလည်းယူနဲ့ ... ဖြူနှင်းသက်ဆို အဲဒါမျိုးတွေ စိတ်ကူးထဲတောင်ထည့်ပုံမရဘူးဗျ ... ဟုတ်တယ်နော် ဦး ... အရင်ကဆို သူစာကျက်တဲ့နေရာကို ကျွန်တော် မမြင်ရလို့ ဖြူနှင်းရယ် ပြတင်းပေါက်နားလေးတိုးပြီးကျက်ပါလားဆို ... ဟင့်အင်းတဲ့ ဖေဖေဆူလိမ့်မယ်ဆိုပြီး ဦးကို ကြောက်လို့တဲ့ ... အဲဒီနေရာမှာတောင် မကျက်တော့ဘဲ ဝရံတာမှာ ထွက်ထွက်ကျက်တာ၊ အဲလောက်ထိကို ဖြူနှင်းသက်က





ဦးကိုကြောက်တာ၊ ချစ်ကြောက်ရိုသေပဲပေါ့နော် ... ကောင်းတယ် အဲလိုမျိုး စည်းကမ်းတင်းကျပ်တာ သွားတော့မယ် ... အိမ်ပြန်ပြီး ထမင်းစားလိုက်ဦးမယ် ... အိမ်မှာတော့ ဆိတ်သားဆိုပြီး ကန်စွန်းရွက်မချက်ဘူး၊ ဘဲဥဟင်းလေ ... သွားပြီနော် ဦး ... "

ချမ်းငြိမ်းကိုက ပြောချင်တာတွေပြောပြီး ခပ်မြန်မြန်လစ်ထွက်လာခဲ့လိုက်သည်။ ဟုတ်တယ်လေ ... အဘိုးကြီးက သူ့ကိုမြှောက်နေလို့သာ မစဉ်းစားမိတာ။ သူ့သမီးက ဝရံတာကနေ လက်ဖက်ရည်ဆိုင်ကို လှမ်းလှမ်းချက်နေတာ ကိုယ်ကအသိပဲ။ အဲဒီတော့ လစ်ထွက်လာခဲ့တာပေါ့။ ကံကောင်းချင်တော့ အဘိုးကြီးနဲ့ အဲဒီနေ့ကစပြီး ကီးကနည်းနည်းတည့်လာသည်။

ထိုအချိန်မှာပဲ သူတက ချမ်းငြိမ်းကို ပခုံးကို ပုတ်လိုက်သဖြင့် လန့်သွားသည်။

"ဘာတွေတွေးနေတာလဲကွ"

"ဒီကောင်ကတော့ ပြောမနေနဲ့ ... အားနေ ပိုက်ဆံအကြောင်းပဲတွေးနေမှာ ... ဟုတ်လား ... "

"ဟုတ်တယ် ... "

ခင်စုမွန်က ...

"ချမ်းငြိမ်း နင် ဒရိုင်ဘာ လုပ်ချင်လို့ဆို ... "

"အေး ... နင်တို့အလုပ်မှာ လူလိုလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာကြီးတော့ မလုပ်ပါနဲ့ဟယ် ... ဘွဲ့ရဖြစ်ပြီးတော့"

"ဘွဲ့ရရင် ကားမမောင်းရဘူးလား"

"အေးလေ နင်လုပ်ချင်ရင်တော့ ငါပြောကြည့်ပေးမယ်လေ"

ခင်စုမွန်က ချမ်းငြိမ်းကိုကို မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ပြောလိုက်သဖြင့် ဖြူနှင်းသက်က ...

"ချမ်းငြိမ်းကို နင်အလုပ်လုပ်ချင်ရင် ငါတို့အလုပ်မှာပြောပေးရမလား ... ဒရိုင်ဘာတော့ မဟုတ်ဘူး၊ Marketing တော့ရမယ်ထင်တယ် ... လူလိုတယ်ကြားလို့ ... "

ဖြူနှင်းသက်စကားကို ခေါင်းခါလိုက်သဖြင့် မျိုးဇာက ...

"ဟော့ကောင် ဒါအခွင့်အရေးနော် ... "

"ဘာအခွင့်အရေးလဲ ... "

နိုင်ရည်ပွင့်က မေးလိုက်သဖြင့် မျိုးဇာက ဖြူနှင်းသက်ကို လှမ်းကြည့်၏။ ပြီးမှ ...

"သြော် ... ဒရိုင်ဘာထက်စာရင် ဟိုက ရာထူးနဲ့ဆိုတော့ အခွင့်အရေးလို့ ပြောတာပါဟာ ... "

"အေးလေ ... ငါစဉ်းစားကြည့်ပါဦးမယ် ... "

ချမ်းငြိမ်းကိုစကားကို ဖြူနှင်းသက် စဉ်းစားနေသဖြင့် ချမ်းငြိမ်းကိုတစ်ယောက် မှုလိုက်တာလွန်သွားပြီလားဟု တွေးမိ၏။ ဖြူနှင်းသက်ကို လှမ်းကြည့်နေပြီးမှ ...





"ငါ လုပ်မယ်လေ ဖြူနှင်း ... "

ဒီတော့မှ ဖြူနှင်းသက်က ပြုံးလိုက်ပြီး ...

"ဒါဆို ငါပြောပေးမယ်လေ ... တနင်္လာနေ့ကျရင် နင့်ကို ငါတို့အလုပ်ဆီခေါ်သွားမယ် ... ထောက်ခံစာတို့ ဘာတို့လုပ်ထားပေါ့ ... "

"အင်း ... "

ဖြူနှင်းသက် ရယ်လိုက်သဖြင့် မမြင်ရတာ ကြာပြီဖြစ်သော ဖြူနှင်းသက် ရယ်ပုံကို ငေးမောကြည့်နေမိ၏။

ထိုနေ့က နေသာသည်ဟု စိတ်ထဲတွေးမိပြီး မိုးမရွာရန် ဆုတောင်းနေမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

အိမ်ရှေ့တွင် မတ်တပ်ရပ်ကြည့်နေသော ဦးငြိမ်းမောင်မောင်ကို မသိချင်ယောင်ဆောင်ကာ ဝင်လာလိုက်၏။ ဦးငြိမ်းမောင်မောင်က နောက်မှလိုက်လာသဖြင့် လှမ်းကြည့်လိုက်ပြီး ...

"ဘာပြောစရာရှိလို့လဲ ဖေဖေ ... "

"အေး ... ပြောစရာကတော့ရှိတယ်၊ မင်းအမေ မရှိတုန်းပြောရမှာ ... "

"မေမေက ဘယ်သွားလို့လဲ ... "

"ငြိမ်းသူဇာနဲ့ အပြင်ထွက်သွားတာပဲ ... "

ဦးငြိမ်းမောင်မောင်က ဧည့်ခန်းထဲဝင်ထိုင်လိုက်သဖြင့် ချမ်းငြိမ်းကိုပါ ဝင်ထိုင်လိုက်သည်။

"မင်း အလုပ်က ထွက်လိုက်ပြီဆို ... "

"ဗျာ ... "





"ငါမေးတာ ဖြေစမ်းပါ ... "

"ဟုတ် ... "

"ဘာကြောင့်လဲတော့ မမေးတော့ဘူး၊ ကိုအေးကိုက ဖုန်းဆက်ပြီးပြောပြီးပြီ ... အဲတော့ အခု ဘာဆက်လုပ်မှာလဲ ... "

"အလုပ်ရှာထားတယ် ဖေဖေ ... တနင်္လာနေ့ကျရင် သွားရမှာ ... "

"ဘာအလုပ်လဲလို့တော့ မမေးတော့ဘူး၊ မင်းရတဲ့လခကလည်း မင်းပဲသုံးနေတာမဟုတ်လား ... အဲတော့ ... အဲဒီအလုပ်တွေ ဘေးခေါက်ထားပြီး ငါမေးတာဖြေ ... "

"ဘာလဲ ဖေဖေ ... "

"မင်း အလုပ်လုပ်ချင်စိတ်ရော ရှိရဲ့လား"

"ရှိပါတယ်"

"မရှိလို့တော့ မရဘူး ... မင်းကို မိန်းမပေးစားဖို့လုပ်ရင် ကောင်းမလားလို့ ... "

"အာ ... ဖေဖေကလည်း သား အခုမှ ၂၄နှစ်ပဲရှိသေးတာ မယူချင်သေးပါဘူး၊ ပြီးတော့ ... ချစ်သူတောင် မထားရသေးတာ လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်"

"ငါကရော အခုပေးစားမယ်လို့ ပြောနေလို့လား၊ စဉ်းစားတုန်းပဲ ... အတင်းလည်း မပေးစားပါဘူး။ လောလောဆယ် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သင့်တော်မယ့်ကောင်မလေးတစ်ယောက်ကို တွေ့ထားလို့"

ချမ်းငြိမ်းကို အိုဗာနည်းနည်းဖြစ်သွားသဖြင့် မဆိုစလောက်လေး ရှက်သွားသည်။

"ဘယ်လိုတွေ့ထားတာလဲ"

"မြင်တော့ မမြင်ဖူးပါဘူး ... သူ့အဖေနဲ့ အဆက်အသွယ်ရှိလို့ စကားစပ်ကြည့်မလားလို့"

"ဖြူနှင်းသက်လား ဖေဖေ ... "

"ဘယ်က ဖြူနှင်းသက်လဲ ... "

"အရင်လမ်းထိပ်မှာ နေသွားတဲ့ ... "

"သြော် ... ဟိုကောင် ပရိဘောဂလုပ်တဲ့ ကြွေးရဲ့သမီးလား ... မဟုတ်ပါဘူး၊ အခုဟာက ငါ့အသိပဲ၊ ရန်ကုန်ကတော့ မဟုတ်ဘူး ... ဘာလဲ မင်းက အဲဒီကြွေးသမီးနဲ့ကြိုက်နေလို့လား"

"မကြိုက်ပါဘူး"

"မကြိုက်ရင်လည်း ပြီးရော ... အဲဒါ ပြောမလို့ ... "

ချမ်းငြိမ်းကိုတစ်ယောက် ဧည့်ခန်းထဲမှ ထွက်လာလိုက်၏။ အိမ်က ပေးစားတော့လည်း ကောင်းတာပဲပေါ့။ ကိုယ်ကတောင် ရှာစရာမလိုတော့ဘူး။ ဒါပေမဲ့လို့ မယူတော့ မယူချင်သေး။ ဖြူနှင်းသက်နဲ့ နှစ်ပါးသွားချင်သေးသည်။ မျိုးဇာကို မိန်းမပေးစားမယ့်ကိစ္စသာ ပြောပြလိုက်လို့ကတော့ ဘယ်လောက်များ အူလိမ့်ပြီးရယ်နေ





မလဲ တွေးမိပြီး ပြုံးမိ၏။ ချမ်းငြိမ်းကို ပြုံးနေသည်ကို ဦးငြိမ်းမောင်မောင်တစ်ယောက် စိတ်ထဲ ကျေနပ်သွားပြီး ဖုန်းခွက်ကိုကိုင်ကာ ခလုတ်တွေကို နှိပ်လိုက်၏။

"ဟယ်လို ... ချစ်ဦးမောင်လား၊ ငါ ငြိမ်းမောင်မောင်ပါကွ"

"
..."

"ကိစ္စကတော့ တစ်နေ့ကကိစ္စလေ ... ငါ့သားကတော့ အမှုလွှန်နေပုံပဲ ပြုံးစိစိနဲ့ကွ ... "

"
..."

"ဒါပေါ့ ... မင်း ရန်ကုန်လာရင် မင်းသမီးကိုခေါ်လာခဲ့လေ"

"
..."

"ဟော ... မင်းသမီးက ရန်ကုန်မှာလား၊ ဘယ်မှာနေတာတုန်း ... ငါ့အိမ်လိပ်စာပေးလိုက်လေ ... လာလည်ဦးလို့ ... "

"
..."

"အေး ... အေး ... မင်းသမီးကို တစ်ယောက်ထဲ စိတ်ချထားရလားကွာ၊ ငါ့အိမ်မှာ ငါ့သမီးလည်းရှိနေတာပဲ ... ငါ့အိမ်မှာပဲ နေပြီး ကျောင်းတက်ဖို့ပြောလိုက် ... ကြားလား ... "

"
..."

"အေး ... အေး ဒါဆို ... ဒါပဲကွာ ... "

ဦးငြိမ်းမောင်မောင်က ဖုန်းကိုချလိုက်ပြီး သဘောကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အသက်ကပဲ ၅၀နားကပ်နေပြီလေ။ မြေးတော့ ချီချင်တာပေါ့။ ဒါက ဦးငြိမ်းမောင်မောင်ရဲ့အတွေးပါ။ ချမ်းငြိမ်းကိုက သိတောင် မသိ။

ဖြူနှင်းသက် ပြန်လာသဖြင့် ခင်နန်းထွေးတစ်ယောက် မှုန်ကုတ်ကုတ်မျက်နှာနှင့် တံခါးလာဖွင့်၏။ ဖြူနှင်းသက်က ...

"နန်း ... ဘာဖြစ်နေတာလဲ ... "

"ဟူး ... ပြောရရင်တော့ လွမ်းစရာကြီးတွေဖြစ်ကုန်တော့မှာပဲ မမဖြူ ... နန်း ဖေဖေ ခုနက ဖုန်းဆက်တယ်၊ သူ့အသိအိမ်က နေ ကျောင်းတက်ဖို့ ပြောလိုက်ပြီတဲ့ ... နန်း မနက်ဖြန်ကျရင် သွားရမယ်ထင်တယ် ... "

"နန်း သွားရင်တော့ ဖြူတစ်ယောက်ထဲ ကျန်ခဲ့တော့မှာပဲ"

"အဲဒါပြောတာ ... နန်းက မသွားချင်ဘူးပြောလည်း ဖေဖေ က မရဘူး၊ ပြီးတော့ ပြောသေးတယ် ... အဲဒီအိမ်က လူတစ်ယောက်နဲ့ နန်းနဲ့က ကျောင်းပြီးရင် ယူရမှာတဲ့ ... "

"ယောက်ျားပေးစားကြတော့မယ်ပေါ့"

ခင်နန်းထွေးက ခေါင်းညိတ်ကာ သက်ပြင်းချလိုက်ပြီး ဆက်ပြော၏။





"မယူချင်သေးပါဘူး ... ကိုယ့်ဟာကိုယ်တောင် လွတ်လွတ်ကျွတ်ကျွတ်နေလို့ မဝသေးဘူး ... အခုမှ နှစ်ဆယ်ကျော်ပဲရှိသေးတာကို ... ဖေဖေတို့ကလည်း လုပ်လိုက်ပြန်ပြီ တကယ်ပဲ ... "

"ကဲပါ ... သူများအိမ်ရောက်တာနဲ့ နေချင်သလိုမနေနဲ့ဦး၊ သပ်သပ်ရပ်ရပ်နဲ့ စည်းကမ်းရှိရှိနေ ... ဖြူ့ကိုလည်း အိမ်လိပ်စာပေးထားခဲ့ ... နန်းလည်း ဒီကိုလာလည်ဦးနော်၊ စနေ တနင်္ဂနွေဆို ဖြူ အိမ်မှာရှိသားပဲ ... "

"ဟုတ် ... တကယ်တမ်း ယောက်ျားလေးရှိတဲ့အိမ်မှာနေရတာတော့ စိတ်ကျဉ်းကျပ်ပါတယ် ... သမီးတစ်ယောက်ရှိတယ်လို့တော့ ပြောတယ် ... ဟူး ... "

"သိပ်လည်း စိတ်ဓာတ်မကျပါနဲ့ နန်းရယ် ... မိသားစုတွေနဲ့ နီးနီးကပ်ကပ်နေတော့ ဂရုစိုက်မှုရတာပေါ့ ဟုတ်ဖူးလား"

"အဲလိုပဲ ဖြေသိမ့်ရမှာပေါ့ မမဖြူရာ ... "

"အဝတ်အစားတွေ ထည့်ပြီးပြီလား နန်း ... "

"ဟုတ် ... "

ဖြူနှင်းသက် တစ်ယောက် အဝတ်အစားလဲကာ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ်လဲချလိုက်သဖြင့် ခင်နန်းထွေးက ...

"မမဖြူ တစ်ယောကထဲနေရဲ့ရဲ့လား ... နန်းနဲ့လိုက်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်တော့ပါဘူး နန်းရယ် … ဖြူ စဉ်းစားနေတာ"

"ဘာကိုလဲဟင် … "

ခင်နန်းထွေး အမေးကို မဖြေသေးဘဲ ဖြူနှင်းသက် ရယ်လိုက်၏။ ခဏနေမှ …

"ဖြူ့ကို သူက အခုထိ မမေ့သေးဘူးတဲ့ … "

"သူဆိုတာ ဘယ်သူလဲဟင် ဟိုလူပဲလား … "

"သူဆိုတာ သူလို့ပဲ မှတ်ထားပေါ့ နန်းရဲ့ … "

"လျှို့တယ်နော် မမဖြူက … နန်းတို့ကတော့ လျှော်စရာတစ်ကွက်မှ မရှိဘူး"

"ဟုတ်ပါပြီ … ဖြူက မသေချာသေးလို့ပါ"

"မသေချာသေးဘူးဆိုတာက ဘယ်လိုမျိုးလဲဟင်"

"အမ်း … ဘယ်လိုမျိုးလဲဆိုတော့ ဘာညာ ဘာညာပေါ့"

"ဘာညာဘာညာဆို အာပလာပဲနေမှာ"

"ထားပါတော့ … ဖြူ့ဆီကို လာလည်နော် … "



ချမ်းငြိမ်းကို ထမင်းစားခန်းထဲတွင် ကော်ဖီဖျော်ရင်း ဧည့်ခန်းထဲမှ ဦးငြိမ်းမောင်မောင်နှင့် ဒေါ်သူဇာဦးတို့ အသံကို နားစွင့်နေ၏။ ဒေါ်သူဇာဦးက …

"ရှင်နော် … ကျွန်မ သိပ်မပြောချင်ဘူး၊ ပြောလိုက်ရင် ငါ့တပည့် ငါ့တပည့်နဲ့ … "

"ဟ … ငါ့တပည့်မို့ ငါပြောတာပဲ … မင်းက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ … မခင်စိန်က ကျွန်မကို ပြောပြောနေတာကြာပြီ … ရှင်နဲ့ကောင်မလေးတစ်ယောက်နဲ့ အအေးဆိုင်ထဲက ထွက်ထွက်လာတာ သူတွေ့နေတယ်တဲ့ … ကဲ … ရှင် ဘာပြင်းချင်သေးလဲ … "

"ဟော … ဟော … မင်း အဲလိုမစွပ်စွဲနဲ့ကွ … ကလေးမလေးက ငါ့ကိုလမ်းကြုံလို့ အအေးတိုက်တာ … အဲဒီမခင်စိန်ဆိုတဲ့ မိန်းမကလည်း မြင်မြင်သမျှကို ငါပြောလိုက်ရ မကောင်းရှိတော့မယ်"

"အဲဒါဆို ရှင်အနေအထိုင် ဆင်ခြင်ပေါ့ … "

"တော်ကွာ … တော် … "

"အဲဒါက ဘယ်လဲ … "

"ကိစ္စရှိလို့ပေါ့ဟ … "

"အဲဒီ ရှင့်တပည့်ဆိုတာနဲ့ပဲလား … "



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ... တော်ပြီ မပြောတော့ဘူး"

"ကြ ... ကြ ... "

ဦးငြိမ်းမောင်မောင်၏အသံ ပျောက်သွားမှ ချမ်းငြိမ်းကို ဧည့်ခန်းထဲသို့ဝင်လိုက်ပြီး ဒေါ်သူဇာဦးဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဘာဖြစ်နေတာလဲ မေမေ ... ဘယ်ကကောင်မလေးလဲ"

"ဘယ်သိမလဲ ... သိလို့ကတော့လား သူဇာဦးတို့က ဒီအတိုင်းမထားဘူး"

"ဖေဖေ့တပည့်ဖြစ်မှာပါ မေမေရာ ... ဖေဖေ့ အရင်အလုပ်ကလူတွေ ဖြစ်မှာပေါ့"

"နင်က ဘာသိလို့လဲ ... တော်ပြီ ... နင့်ကိုပြောလည်း နင့်အဖေအတိုင်းပဲ လေသံကထွက်လာမှာ ... "

ဒေါ်သူဇာဦးက မျက်စောင်းထိုးရင်း အနောက်ဖေးသို့ဝင်သွားသဖြင့် ချမ်းငြိမ်းကိုတစ်ယောက် ခြံထဲသို့ ကော်ဖီခွက်ကိုင်ရင်းဆင်းလာလိုက်၏။ ခဏအကြာ ခြံရှေ့မှ ခေါ်သံကြားသဖြင့် ချမ်းငြိမ်းကို လှည့်ကြည့်လိုက်ပြီး ခြံရှေ့တွင် ရပ်နေသော ခင်နန်းထွေးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"ဘာလဲ ... ဘာကိစ္စလဲ ... "

"ရှင့်ကို မေးစရာရှိလို့ ... "

"ဘာမေးမလို့လဲ ... "





"မေးချင်လွန်းလို့တော့ မထင်နဲ့ ... အိမ်တစ်အိမ်ရှာနေတာ"

"ဟိုဘက်အိမ်ကို ဝင်မေးလိုက်ပါလား ... အဲဒီလောက်ဖြစ်နေရင်လဲ ... "

"ရှင်နော် ... စကားနဲ့လာရစ်မနေနဲ့ ... မျက်စိထဲ ကန့်လန့်အရင်ဝင်လာတဲ့ ရှင့်ကိုမြင်လို့မေးတာ ... "

"ကဲပါ ... မေးစရာရှိတာမြန်မြန်မေး ... ငါကအားတာမဟုတ်ဘူး"

"ဦးငြိမ်းမောင်မောင်ရဲ့အိမ်က ဘယ်အိမ်လဲ ... "

"ဘာ ... "

"အမလေး ... လန့်လိုက်တာ ... "

ချမ်းငြိမ်းကို မျက်လုံးပြူးသွားပြီး ခင်နန်းထွေးကို အသေအချာကြည့်၏။ မဟုတ်မှလွဲရော ဒေါ်သူဇာဦး ပြောသလို ဦးငြိမ်းမောင်မောင်ရဲ့ အဆွယ်ပွားလေးများလားလို့တော့ တွေးမိသား။ အိမ်ထဲတစ်ချက် လှည့်ကြည့်လိုက်ပြီးမှ ...

"မင်းက ဦးငြိမ်းမောင်မောင်ဆီ ဘာလာလုပ်တာလဲ"

"ဘာလုပ်လုပ်ပေါ့ ... "

"ဟ ... ရမလား ... ပြောစမ်းပါ ... မင်းပြောရင် ငါလည်းပြောရတာပေါ့"

ခင်နန်းထွေးက ခေါင်းကိုကုတ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးငြိမ်းမောင်မောင်က ခေါ်လို့လာတာ"

"ဘာ ..."

"အို ... ရှင်ဘယ်လိုဖြစ်နေတာလဲ ... အော်ကြီးဟစ်ကျယ်နဲ့"

"ဦးငြိမ်းမောင်မောင်က ဘာကိစ္စနဲ့ခေါ်ရတာလဲ"

"သူ့အိမ်မှာ နေဖို့ခေါ်တာလေ"

"ဟာ ..."

"ဘာလဲ ..."

"သူ့မှာ မိန်းမရှိတာကိုရော မင်းသိလား"

"သိတာပေါ့ ... သမီးပါရှိသေးတာ"

"ဟာ ... မင်းကွာ သိသိကြီးနဲ့ ..."

"သိသိကြီးနဲ့ ဘာဖြစ်လဲ ... သိသိကြီးမို့လာတာလေ၊ ရှင်က ဘာလဲ ... သူများကို စစ်လားဆေးလားနဲ့ ..."

"ဘာဖြစ်ရမှာလဲ ... ငါက ဦးငြိမ်းမောင်မောင်ရဲ့သားကွ"

"ဘာ"

ဒီတစ်ခါ ခင်နန်းထွေးက မျက်လုံးလေးဝိုင်းသွားပြီး ချမ်းငြိမ်းကိုကို ကြည့်မိသွားသည်။

"ရှင်က ဦးငြိမ်းမောင်မောင်ရဲ့သားကိုး ... ဟွန့် ... ဒီလိုမှန်းသိရင် လာဖို့ကိစ္စ လက်မခံပါဘူး"

"အခုကတည်းက မိထွေးစရိုက်က ပြနေပါလား"





"ဘာ ... ရှင် ဘာပြောတယ် ..."

"ရှူး ... တိုးတိုး ... အထဲမှာ ငါ့အမေရှိတယ်"

"ရှင့်အမေရှိတာ ကျွန်မက ဘာလုပ်ရမှာလဲ"

"ဟာ ... ပြဿနာပဲ"

"ဘာပြဿနာလဲ ... ဒါ ရှင့်အိမ်မဟုတ်လား၊ ဖယ် ... ကျွန်မ အထဲဝင်မလို့ ..."

"ဟာ ... ဝင်လို့မရဘူး ... မရဘူး ..."

ချမ်းငြိမ်းကိုက ခင်နန်းထွေးကို လက်နှစ်ဖက်နှင့် ထုပ်ဆီးတိုးသလို ကာထား၏။ ခင်နန်းထွေးက အဝတ်ထုပ်ကို စိတ်တိုတိုနှင့်ပစ်ချလိုက်ရာ ချမ်းငြိမ်းကို၏ ခြေထောက်ပေါ်သို့ ကျသွားသဖြင့် ...

"အောင်မလေး ဗျ ... ကွဲပါပြီ ခြေမ ..."

"မှတ်ထား ... ကျောက်ပျဉ်ထည့်ထားတဲ့အိတ်ကြီး ကိုင်လာရတာ နည်းနည်းပါးပါး အားနာမယ်မရှိဘူး"

"ဘာရယ် ... ကျောက်ပျဉ် ဟုတ်လား ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ကျောက်ပျဉ်တောင်မှ တစ်ခုထဲမဟုတ်ဘူး မျက်နှာလိမ်းဖို့ကတစ်ခု ခြေထောက်လိမ်းဖို့က တစ်ခု ... ပေါင်း နှစ်ခု၊ ကဲပါ ... ဖယ်ပါ ..."

ချမ်းငြိမ်းကို အလစ်တွင် ခင်နန်းထွေးအိမ်ထဲသို့ ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ချမ်းငြိမ်းကိုတစ်ယောက် ကော်ဖီတောင် ဓိမ်နှင့်မသောက်အားတော့ဘဲ ခင်နန်းထွေး အထုပ်များကို အတင်းဆွဲယူ၍ ပခုံးပေါ်ထမ်းကာ အိမ် ပြင်သို့ ပြန်ထွက်သွားသဖြင့် ခင်နန်းထွေးပါ လိုက်ထွက်လိုက်ရသည်။

"ရှင် ဘာလုပ်တာလဲ ... ကျွန်မ အထုပ်တွေပြန်ပေး"

"ပေးမှာ ... ပေးမှာ ... လောလောဆယ် ငါပြောတာကို အေးအေးဆေးဆေး နားထောင်၊ လမ်းထိပ်က အအေးဆိုင်ကိုသွားမယ် ... "

ချမ်းငြိမ်းကို စကားကို ခင်နန်းထွေးတစ်ယောက် မအူမလည်နှင့် ခေါင်းကုတ်ရင်း ...

"အထုပ်ကြီးကို ပခုံးပေါ်မတင်ပါနဲ့ ... ကျွန်မကိုပေး ... "

"မင်းကို ပေးသယ်ခိုင်းရင် လမ်းထိပ်ကို ညနေကျမှရောက်မယ် ... ငါ့ဟာငါပဲ သယ်တော့မယ် ... "

"အို ... ထမီတွေပါလို့ ပြောနေတာ"

"ဟာ ... "

ထမီဆိုတဲ့အသံကြားတာနဲ့ ချမ်းငြိမ်းကိုတစ်ယောက် ပခုံးထက်မှ အထုပ်ကြီးကို ပစ်ချလိုက်၏။ ပြီးမှ ခင်နန်းထွေးဘက်လှည့်ကာ ...

"စောစောထဲက ပြောပါလား"





"ပြောချိန်မှ မရဘဲ ... "

"ဆွဲလာခဲ့ အထုပ်ကို ... "

"ဆွဲလာရအောင် ဘီးပါတာမှမဟုတ်ဘဲ ... ဘီးပါရင်တောင် ဒီလိုလမ်းစုတ်စုတ်မှာ ဆွဲလို့ရမှာမဟုတ်ဘူး"

"ဘာကွ ... မင်းကွာ ... ငါ ဖေဖေ့မျက်နှာကြောင့်သိလား"

"ကျွန်မကလည်း ဦးငြိမ်းမောင်မောင် မျက်နှာကြောင့်ပေါ့၊ နို့မို့ဆိုလို့ကတော့ ဟွန်း ... "

ခင်နန်းထွေးက အထုပ်ကြီးကို မလိုက်ပြီး ချမ်းငြိမ်းကိုရှေ့မှ ထွက်သွားသဖြင့် ချမ်းငြိမ်းကို စိတ်ညစ်သွား၏။ လမ်းထိပ်ရောက်သည်နှင့် အအေးဆိုင်ထဲသို့ဝင်လိုက်ပြီး ချမ်းငြိမ်းကိုက ...

"ကော်ဖီ နှစ်ခွက်ပေးပါ"

"ကျွန်မ့ကို စပါကလင်ပေး ... "

"မင်းက ကော်ဖီ မသောက်ဘူးလား၊ အဲဒါဆို ကော်ဖီတစ်ခွက်ပဲပေးတော့ ... "

"ဒီလို ပူပူလောင်လောင်ကြီးထဲ ကော်ဖီသောက်ရအောင် အရူးမှမဟုတ်တာ"

"ဘာ ... ဘာ ... "

"ရှင် ကျွန်မကို ဘာပြောမလို့လဲ ... "

ဒီတော့မှ ချမ်းငြိမ်းကိုက မျက်ခုံးပင့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါမေးရင် ဖြေမှာလား"

"မေးကြည့်လေ ..."

ချမ်းငြိမ်းကိုက မျက်လုံးစင်းပြီး တစ်ချက်ကြည့်လိုက်၏။ မသေချာဘဲမေးရင် ပါးတောင်ရိုက်ခံရကိန်း ရှိနိုင်တယ်။ ပုံစံက လည်း နင်လား ငါလားဆိုပြီး နပမ်းထသတ်မယ့် ဂိုက်ကြီးနဲ့။ မိန်းကလေးကလည်း ဖြစ်နေပြန်တော့ လက်သီးချင်း ယှဉ်ထိုးလို့မှမဖြစ်သေးဘဲ ကွေ့ဝိုက်ပြီးပေးရမပေါ့။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ခင်နန်းထွေး ..."

ချမ်းငြိမ်းကို စိတ်ထဲမှ "တောဆန်လိုက်တာ" ဟုတွေးရင်း

"အသက်ကရော ..."

"နှစ်ဆယ့်တစ် ..."

"ဘယ်မှာနေတာလဲ ..."

"ကျောက်မြောင်းမှာ တိုက်ခန်းငှားနေတယ်"

"ငါတို့အိမ်ကို ဘာလို့ပြောင်းလာရတာလဲ"

"ပြောပြီးပြီလေ ... ရှင့်အဖေက ခေါ်လို့ပါဆို ..."

"ဘာကိစ္စနဲ့ ခေါ်ရတာလဲ"

"သူတို့နဲ့အတူတူ လာနေဖို့ပါဆိုမှ ..."

"ဘာအတွက်နဲ့ လာနေဖို့လဲ ..."





"ဒီမှာ ရှင်တော်တော်ရစ်တဲ့လူပဲ ... ရှင့်အဖေက မပြောလိုက်ဘူးလား"

"ပြောတော့ မပြောဘူး ... ဒါပေမဲ့ ဒီမနက်ကမှ မေမေ ပြောလို့ရိပ်မိသလောက်တော့ရှိတာ ... မင်းဖြစ်လိမ့်မယ်လို့တော့ အတွေးထဲမှာ ပေါ်ကိုမပေါ်ဘူး"

"ကျွန်မကလည်း ရှင်ဖြစ်နေမှန်းသိရင် လက်ခံမှာမဟုတ်ဘူး"

"အဲဒါဆိုလည်း ကိုယ့်အိမ်ကိုယ်ပြန်တော့လေ"

ခင်နန်းထွေးက ချမ်းငြိမ်းကိုကို ကြည့်လိုက်ပြီး ...

"ကောင်းပြီလေ ... ရှင်ကိုယ်တိုင် ကျွန်မကို ပြန်လွှတ်လိုက်တာနော် ... ပြန်လာခေါ်ဖို့ စိတ်ကူးမယဉ်နဲ့ ..."

"ဝေးသေး ..."

"ဒါဖြင့် သွားပြီ ..."

ခင်နန်းထွေးက အထုပ်ဆွဲကာ ထွက်သွားသဖြင့် ချမ်းငြိမ်းကို ပွစိ ပွစိပြောရင်း ကျန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

ဒေါ်သူဇာဦး ဟင်းချက်နေသော မီးဖိုချောင်ထဲသို့ မခင်စိန် တစ်ယောက် ထမီ'မ'ကာ ခြေလှမ်းဖွဖွနင်းရင်း ခေါင်းကိုလည်ပြန် အောင်ကြည့်ပြီး ဝင်လာ၏။ ဒေါ်သူဇာဦးက ...

"မခင်စိန် ... ဘယ်ကိုကြည့်နေတာလဲ"

"ဟို ... အိမ်မှာ ဘယ်သူရှိလဲ မသူဇာ ..."

"အကြီးကောင်ကို ခြံထဲမှာမတွေ့ဘူးလား ... အငယ်မက ကျူရှင်သွားပြီ ..."

"သူတို့အဖေရော ..."

"အပြင်ဆိုပြီး ထွက်သွားတာပဲ ... ဘာလဲ ... ထပ်တွေ့ပြန် ပြီလား"

ဒေါ်သူဇာဦးက ဟင်းအိုးကို ဘေးတွင်ချထားလိုက်ပြီး ထမီ ကိုပြင်ဝတ်လိုက်ရင်း ပြောနေသဖြင့် မခင်စိန်က ...





"တွေ့တော့တွေ့တယ် ... ဒါပေမဲ့ မသူဇာယောက်ျားကို မဟုတ်ဘူး ... မသူဇာ သားကို ကောင်မလေးတစ်ယောက်နဲ့တွေ့ တာ ..."

"ဩော် ... ဘာများလဲလို့ သူ့ကောင်မလေး ဖြစ်မှာပေါ့"

"ကျွန်မလည်း အဲလိုပဲထင်တာပဲလေ ... ဒါပေမဲ့ ရိုးရိုးသား သားတော့ ဟုတ်မယ်မထင်ဘူး"

"ပြောပါဦး ..."

ဒေါ်သူဇာဦးက တွန်းပို့သဖြင့် မခင်စိန်တစ်ယောက် အား တက်သွားကာ ဆက်ပြော၏။

"ကောင်မလေးက အထုပ်တွေဆွဲပြီး ဒီအိမ်ရှေ့မှာရပ်နေတာ ကျွန်မဈေးကအပြန် သူတို့ကိုမြင်တာနဲ့ မသိမသာ အကဲခတ်နေ လိုက်တာ ... ကောင်မလေးက အထုပ်ဆွဲပြီး အိမ်ထဲအဝင် ချမ်းငြိမ်း ကိုက အဲဒီအထုပ်ကြီးကို ပခုံးမှာထမ်းပြီး လမ်းထိပ်ဘက်ထွက်သွား တယ် ... အဲဒါနဲ့ ကျွန်မလည်း အနောက်ကနေလိုက်ကြည့်တာ လမ်း ထိပ်မရောက်ခင်မှာ စကားပြောနေကြသေးတယ် ... မသူဇာသား က အထုပ်ကြီးကို ပစ်ချလိုက်တာနဲ့ ကောင်မလေးက အဲဒီအထုပ်ကို ဆွဲပြီး ရှေ့ကထွက်သွားတယ် ... စိတ်ဆိုးသွားပုံပဲ ... ပြီးမှ နောက် ကနေ လိုက်ချော့တယ်လေ၊ အအေးဆိုင်ထဲ ခေါ်သွားတာ ကျွန်မ စိတ်ထင်တော့ ကလေးမလေးက မဖုံးမဖိနိုင်လို့များ လိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



လား”

“ဟုတ်ရောဟုတ်ရဲ့လား မခင်စိန်ရယ် ... ”

“သေချာပါတယ် ... ကျွန်မ ရတဲ့သတင်းဆို ဘယ်တုန်းက လွဲတယ်ရှိလို့လဲ”

“အခု အဲဒီကောင်မလေးရော ... ”

“ကောင်မလေးကို ဘာပြောလိုက်လဲမသိဘူး ပြန်ထွက်သွားတယ်”

“ချမ်းငြိမ်းတို့ရော ... ”

“မသိဘူး”

ထိုအခိုက် ချမ်းငြိမ်းကို ဝင်လာသဖြင့် မခင်စိန်တစ်ယောက် ပြန်သွား၏။ ချမ်းငြိမ်းကိုက မခင်စိန်ကိုကြည့်ရင်း ...

“သူက ဘာလာလုပ်တာလဲ ... ဖေဖေ့ကို တွေ့ပြန်ပြီတဲ့လား”

“ကောင်မလေးရော”

“ဗျာ ... ”

ဒေါ်သူဇာဦးက အရင်းမရှိအဖျားမရှိ စကားစလိုက်သဖြင့် ချမ်းငြိမ်းကို ကြောင်သွားပြီး ဒေါ်သူဇာဦးကိုကြည့်ကာ ခေါင်းတွေ ကုတ်နေ၏။

“မေးနေတယ် ... ကောင်မလေး ဘယ်ရောက်သွားပြီလဲလို့”





“ပြန် ... ပြန်လွှတ်လိုက်ပြီလေ”

“ဘာကိစ္စနဲ့ပြန်လွှတ်ရတာလဲ”

“မေမေနဲ့တွေ့မှာစိုးလို့ ... ”

“သွားခေါ်လာခဲ့”

“ဗျာ ... ”

“ငါပြောတာ မကြားလို့လား ... တဗျာဗျာနဲ့ ... ”

“ကြားပါတယ် ... ခေါ်ပြီး ဘာလုပ်မလို့လဲဟင် ... ”

“မေးစရာရှိတာ မေးရမှာပေါ့ ... ”

“ဘာမေးမလို့လဲ ... မေမေ ... ”

“လျှာရှည်လိုက်တာ ... သွားခေါ်ဆိုမှ ... ”

ချမ်းငြိမ်းကို ခေါင်းကုတ်ရင်း အပြင်သို့ပြန်ထွက်လာလိုက်၏။ ကားဂိတ်တွင် ကားစောင့်နေသော ခင်နန်းထွေးက အထုပ်တွေနှင့်ရပ်နေသဖြင့် ခင်နန်းထွေးအနားသို့ မယောင်မလည် ကပ်သွားပြီး ...

“အဟမ်း ... ”

ခင်နန်းထွေးက လှည့်ကြည့်ပြီး မျက်စောင်းထိုးကာ မသိချင်ယောင်ဆောင်နေ၏။ ချမ်းငြိမ်းကိုက ခင်နန်းထွေး လက်ထဲမှ အထုပ်ကို ဆွဲယူပြီး ရှေ့မှထွက်သွားသဖြင့် ခင်နန်းထွေး မျက်လုံးအဝိုင်းသားနှင့်ဖြစ်သွား၏။ ပြီးမှ ချမ်းငြိမ်းကို လက်မောင်းကိုဆွဲမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိုက်ပြီး ...

"ရှင် ဘာလုပ်တာလဲ ... "

"လက်ကိုလွှတ် ... "

"အောင်မာ ... "

ဒီတော့မှ ခင်နန်းထွေးက ချမ်းငြိမ်းကို လက်မောင်းကိုတွန်းထုတ်လိုက်ပြီး လက်နှစ်ဖက်ကို ထမီနှင့်သုတ်နေသဖြင့် ချမ်းငြိမ်းကိုက ...

"ဟော့ ... အဲဒါ ဘာလုပ်တာလဲ ... "

"ရှင့်လက်ကို ကိုင်မိလို့လေ ... နေစမ်းပါဦး၊ အခုတစ်မျိုးတော်ကြာတစ်မျိုးနဲ့ ရှင်ကဘာလဲ ... လူကို အရူးမ မှတ်နေလို့လား"

"ငါစိတ်နဲ့ငါကိုယ်ဆိုရင်တော့ မင်းကိုလာမခေါ်ဘူး၊ မေမေက ခေါ်ခိုင်းလိုက်လို့ ... "

"အစောကြီးကတည်းက ကျွန်မ ပြောသားပဲ ... ရှင့်အဖေက ရှင့်အမေကိုတော့ ပြောပြလောက်မှာပါလို့"

"ထားပါတော့ ... ဖြစ်လာတဲ့ပြဿနာ ငါနဲ့မဆိုင်ဘူးနော်"

"ဘာပြဿနာ ဖြစ်စရာအကြောင်းရှိလဲ ... "

"ဒါတော့ ဘယ်သိမလဲ ... "

"ငြိမ်းရော ... "

"ကျူရှင်သွားပြီပေါ့ ... "





"ရှင်က ကျောင်းပြီးသွားပြီလား ... "

"ကြာပေါ့ ... "

"ကျွန်မသာ ငြိမ်းနဲ့အတူနေရမယ်ဆိုတာ ငြိမ်းသိရင်ဝမ်းသာသွားမှာပဲ"

ခင်နန်းထွေးကို ချမ်းငြိမ်းကကြည့်လိုက်ပြီး ရှုံ့မဲ့သွား၏။ ပြီးမှ ...

"အားကြီးကြီး ဝမ်းသာပါလိမ့်မယ်"

"ရှင်က ကျွန်မနဲ့ငြိမ်းရဲ့ ဆက်ဆံရေးကိုသိလို့လား"

"မသိဘူး ... သိလည်း မသိချင်ဘူး"

"မသိဘဲနဲ့များ"

"သူ့ သဘောကျရင်တောင် ငါသဘောမကျဘူး"

"အမလေး ... ကျွန်မကရော သဘောကျတယ်များထင်နေလား ... ဝေးသေး ... "

"မင်း အဲဒီတိုက်ခန်းမှာနေတာ ဘယ်လောက်ကြာပြီလဲ"

"သိပ်မကြာသေးဘူး ... အဆောင်မှာနေပြီးမှ တိုက်ခန်းငှားနေတာ နှစ်လလောက်ပဲရှိသေးတယ်"

"တစ်ယောက်တည်းလား"

"ကျွန်မသူငယ်ချင်းတစ်ယောက်နဲ့အတူ ငှားနေတာ ... သူ ကျွန်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါတို့နဲ့တစ်သက်လုံးနေမှာလား"

"ဒါတော့ မပြောတတ်ဘူး ... ရှင့်ကို အကဲခတ်ရဦးမှာ"

"ငါက မဆိုးပါဘူး ... ဒါပေမဲ့ မေမေကတော့ ဆိုးတယ်"

"ကျွန်မကလည်း လိမ်မာပါတယ်"

"ဖေဖေနဲ့တော့ ခက်ပါတယ်"

"ဟုတ်တယ် ... ရှင့်အဖေနဲ့တော့ခက်တယ် ... ကျွန်မ ဘာသာကျွန်မ အေးအေးဆေးဆေးနေချင်တာ"

"လက်မခံနဲ့ပေါ့ ဘာလို့လက်ခံလဲ ... "

"လက်မခံလို့ကောင်းမလား အားနာစရာကြီး ... "

"အားနာတတ်တယ်ပေါ့ ဟုတ်လား ... "

"ဟုတ်တယ် ... အားနာတတ်တယ်"

"အားနာရင် ဘာဖြစ်တတ်လဲ သိလား"

"ရှင်နော် ... "

"သိလားလို့မေးတာ ... သိလည်း ပြီးရော ... "

"သူ့အပူပါတာ ကျနေတာပဲ"

"ဟာ ... ငါက အကောင်းနဲ့ပြောတာကွ ... မင်းအသက်က ငယ်ငယ်လေးပဲရှိသေးတာ တခြားချစ်သူတွေ ဘာတွေမရှိဘူးလား"

"မရှိဘူး ... ထားလည်းမထားဖူးဘူး"

"အဲဒါခက်တာပဲ ... ဖေဖေတစ်ယောက်နဲ့တော့"





"ရှင်ကဘာလဲ ... ကျွန်မ လိုက်နေမှာကိုတော်တော်ပဲ စိုးရိမ်နေတာလား ... ရှင့်အဖေ စီစဉ်တဲ့ကိစ္စပဲ ... "

"ငါသိတယ် ... ဒီကိစ္စ ဖေဖေနဲ့အေးအေးဆေးဆေး ပြန်ဆွေးနွေးရမယ်"

ချမ်းငြိမ်းကိုကိုကြည့်ရင်း ခင်နန်းထွေး မျက်ခုံးပင့်လိုက်၏။ အိမ်ရှေ့ရောက်သည်နှင့် ချမ်းငြိမ်းကိုက မဝင်သေးဘဲ ခင်နန်းထွေး ဘက်လှည့်ကာ ...

"တစ်ခွန်းမေးရင် တစ်ခွန်းပဲဖြေ ... တိတိကျကျနဲ့မှန်မှန်ကန်ကန်ပြော ... ဟုတ်ရင်ဟုတ်တယ် မဟုတ်ရင်မဟုတ်ဘူးဆိုတာ"

"ဆရာမလုပ်ပါနဲ့ ... ရှေ့ကဝင် ... "

ခင်နန်းထွေးကို မျက်စောင်းထိုးရင်း ရှေ့မှဝင်လိုက်၏။ ဧည့်ခန်းထဲတွင် ထိုင်နေသော ဒေါ်သူဇာဦးကို တွေ့သဖြင့် ခင်နန်းထွေး ၏အထုပ်ကို ချလိုက်ပြီး ...

"မေမေ ... ဒီမှာ ခေါ်လာပြီ ... "

ချမ်းငြိမ်းကို စကားအဆုံးမှာ ဒေါ်သူဇာဦးက ခင်နန်းထွေး ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မရယ်မပြုံး မျက်နှာနှင့် ...

"ထိုင်လေ ... "

"ဟုတ်ကဲ့ ... "

ခင်နန်းထွေးက ဒေါ်သူဇာဦးရှေ့တွင် ဝင်ထိုင်လိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းကိုကပါ ခင်နန်းထွေးဘေးတွင် ဝင်ထိုင်လိုက်၏။ ဒေါ်သူဇာဦးက ပြောလို့ရတာမဟုတ်ဘူး။ စိတ်အခန့်မသင့်ရင် ထနပန်းလုံးနေမှ ဖျင်ပေးမယ့်လူ မရှိလို့ မဖြစ်ဘူးလေ။ အဲဒါကြောင့် ခင်နန်းထွေးဘေးမှာဝင်ထိုင်ပြီး ခင်နန်းထွေးစကားမှားရင် ဝင်ထောက်ပေးရန် ပြင်လိုက်သည်။ ဒေါ်သူဇာဦးက ခင်နန်းထွေးကိုကြည့်ပြီး ...

"နာမည် ဘယ်လိုခေါ်လဲ"

"ခင်နန်းထွေးပါ အန်တီ ... "

"ဘယ်မှာနေတာလဲ သမီးက ... "

"ကျောက်မြောင်းက တိုက်ခန်းမှာ ငှားနေတာပါ"

ဒီအထိ စကားဝိုင်းက ငြိမ်နေသေးတော့ ချမ်းငြိမ်းကို စိတ်တစ်ဝက်အေးနေသေး၏။ ဒေါ်သူဇာဦးကလည်း မခင်စိန်စကားအရဆို ခင်နန်းထွေး အထုပ်တွေကိုကြည့်ရင်း မတော်ရသေးတဲ့ ချွေးမလို့ပဲ သဘောထားလိုက်သည်။ အထုပ်တွေ မြင်ကတည်းက ဒါ မခင်စိန်ပြောသလို မဖုံးမဖိနိုင်တော့လို့ အိမ်ကဆင်းလာတာပဲဟု ယူဆရင်း ...

"ပွင့်ပွင့်လင်းလင်းပဲ မေးမယ်နော် သမီး ... အမှန်အတိုင်းပဲ ပြော ... "

"ဟုတ် ... "

ခင်နန်းထွေးကတော့ မတုန်လှုပ်ပါဘူး။ ရင်ထိတ်နေတာက ချမ်းငြိမ်းကို။ ဒေါ်သူဇာဦးကလည်း ရင်ထိတ်နေသား။ ဒါပေမဲ့လို့ ကိုယ့်သားက မိုက်ခဲ့တာကိုးဆိုပြီး တည်တည်ငြိမ်ငြိမ်လေသံနှင့်မေးသည်။

"ဘယ်နှစ်လရှိပြီလဲ ... "

"နှစ်လလောက်တော့ရှိပြီ အန်တီ ... "

ဒီအဖြေကို ခင်နန်းထွေးရော ချမ်းငြိမ်းကိုပါ မတုန်လှုပ်ဘူးလေ။ ဘာလို့ဆို ... အမှန်တကယ်လည်း ခင်နန်းထွေးက တိုက်ခန်းမှာနေတာ နှစ်လလောက်ပဲရှိသေးတာကိုး။ ဒါပေမဲ့ ... ကိုယ့်အတွေးနဲ့ကိုယ် မေးတဲ့ ဒေါ်သူဇာဦးကတော့ လက်ထဲက ရှုဆေးဗူးကို နှာခေါင်းထဲဝင်မတတ် ထည့်ပြီး ရှူနေရသည်။ သဘောကတော့ ခေါင်းတွေမူးသွားတယ်ပေါ့။ ခဏနေမှ ဒေါ်သူဇာဦးက ...

"အဲဒီတော့ အခု ဘာလုပ်မယ် စိတ်ကူးလဲ သမီး ... "

"ဒီမှာပဲနေဖို့ ဆုံးဖြတ်လိုက်တယ် အန်တီ ... "

"အေး ... အေး ... ကောင်းပါတယ်၊ သမီးရဲ့မိဘတွေကရော"

"စစ်ကိုင်းမှာပါ အန်တီ ... "

"ဩော် ... အေး ... သား မင်းပဲ အခန်းစီစဉ်ပေးလိုက်"

"ဗျာ"

ဒေါ်သူဇာဦးကို မျက်လုံးပြူးရင်း ကြည့်နေမိတာ ချမ်းငြိမ်း







www.burmeseclassic.com

www.burmeseclassic.com



ကို။

"ပြောနေတာ မကြားဘူးလား ... အခန်းပြင်ပေးလိုက်ပါဆို"

"ဘယ်အခန်းလဲ မေမေ ... "

"သမီး ဘယ်အခန်းမှာ အိပ်ချင်လဲ ... "

ဒေါ်သူဇာဦးက ခင်နန်းထွေးဘက်လှည့်ကာ မေးခွန်းထုတ်လိုက်သဖြင့် ခင်နန်းထွေးက ...

"သမီး ငြိမ်းနဲ့အတူတူ အိပ်ချင်ပါတယ် အန်တီ ... "

"သမီးငယ်နဲ့က သိနေတာလား"

"ကျူရှင်အတူတူပဲ တက်နေတာလေ ... "

"သြော် ... အေး ... ချမ်းငြိမ်းကို ... အငယ်မအခန်းကို လိုက်ပြလိုက် ... နားဦးနော် သမီး ... "

"ဟုတ် ... "

ခင်နန်းထွေးက ချမ်းငြိမ်းကိုကို အထုပ်သယ်လာရန် မျက်စပစ်ပြလိုက်သဖြင့် ချမ်းငြိမ်းကိုက မျက်လုံးပြူးပြ၏။ ဒေါ်သူဇာဦးက ...

"ဟဲ့ ကောင်လေး ... ထလေ ... "

"ဟုတ် ... မေမေ ... "

ဒေါ်သူဇာဦးက ထခိုင်းနေသဖြင့် မထချင် ထချင်ပုံစံမျိုး ထကာ ခင်နန်းထွေး၏အထုပ်ကို ဆွဲလာခဲ့လိုက်၏။ ငြိမ်းသူဇာအခန်းရှေ့ရောက်သည်နှင့် အထုပ်ကိုပစ်ချလိုက်ပြီး ...



"ဒီအခန်းပဲ ... ဟိုဘက်က ငါ့အခန်း ... "

"ရှင့်အခန်းက မပြောလည်းရပါတယ် ... သိစရာမှ မလိုဘဲ"

"အခန်းချင်းတူနေလို့ မှားဝင်လာမှာစိုးလို့ပြောတာ ... ငါကရော ပြောချင်တယ်ထင်လို့လား ... "

"အမလေး ... ကျွန်မ ဒီလောက်ကတော့ မှတ်ဉာဏ်ကောင်းပါသေးတယ် ... ရှင်သာ ငြိမ်းတစ်ယောက်ထဲ နေတယ်ထင်ပြီး အခန်းထဲ ဝင်,ဝင်မလာနဲ့ ... "

"ဝေးသေး ... ငါက သရဲကြောက်တတ်တယ်"

ချမ်းငြိမ်းကို ထွက်သွားသဖြင့် ခင်နန်းထွေးက မျက်စောင်းထိုးကာ အခန်းထဲသို့ ဝင်လိုက်၏။ အခန်းတံခါးပိတ်လိုက်ပြီးမှ အသံတိုးတိုးဖြင့် ညည်းလိုက်၏။

"ရှုပ်ပေါပေါနဲ့ ဘယ်လိုဟာကြီးလဲ မသိဘူး ... "

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဖိုင်တွဲထဲ ပစ္စည်းအစုံအလင်ညှပ်ကာ အခန်းထဲမှအထွက် ဒေါ်သူဇာဦးက ...

"ဘယ်လဲ ... "

ချမ်းငြိမ်းကိုက ဧည့်ခန်းထဲ လှမ်းကြည့်လိုက်ပြီး ...

"ဖေဖေရော ... "

"အလုပ်ဆိုပြီး သွားတာပဲ ... "

"ဟိုတစ်ယောက်ကော ... "

"အခန်းထဲမှာ ... နင်က ဘယ်သွားမလို့လဲ ... "

"အလုပ်သွားလျှောက်မလို့လေ ... သူငယ်ချင်းနဲ့ချိန်းထားတယ်"

"ကောင်မလေးကို ကျူရှင်ဝင်ပို့ပေးလိုက်ဦး ... "

"ဟာ ... မေမေ့သမီးနဲ့အတူတူ သွားခိုင်းလိုက်လေ"





"ငြိမ်းသူဇာကို သူ့အဖေ ခေါ်သွားတယ်"

"ဘာကိစ္စနဲ့ခေါ်သွားတာလဲ ... သူက ကျူရှင်မတက်ဘူးလား"

"ဝယ်ခိုင်းစရာရှိလို့ နင့်အဖေနဲ့ကပ်ပြီးလိုက်သွားတာ၊ အခန်းထဲမှာ ခင်နန်းထွေး ကျန်ခဲ့တယ် ... တစ်ခါထဲ ခေါ်သွား ... "

"ရှုပ်လိုက်တာ ... "

ချမ်းငြိမ်းကိုကို ဒေါ်သူဇာဦးက ဗိုက်လိမ်ဆွဲလိုက်ပြီး ...

"နင့်ပြဿနာလေ ... အဲဒါ ... "

"အား ... ဘာလဲ မေမေရ ... အဲဒါ ဖေဖေ့ပြဿနာပါ"

"ဘာ နင့်အဖေပြဿနာလဲ ... နင့်အဖေကို မပြောရသေးဘူး"

"ဘာကို မပြောရသေးတာလဲ"

"ခင်နန်းထွေး ရောက်နေမှန်း မသိသေးဘူး ... ငြိမ်းသူဇာကိုလည်း မပြောနဲ့လို့ မှာထားတယ် ... "

"ခက်တာပဲ ... "

"မခက်ဘူး ... ခြံထဲမှာစောင့်နေ ... ငါခေါ်လာခဲ့မယ်"

ချမ်းငြိမ်းကိုတစ်ယောက် ခေါင်းကုတ်ကာ ခြံထဲသို့ဆင်းလာလိုက်၏။ ခဏအကြာ ခင်နန်းထွေး ထွက်လာသဖြင့် လှမ်းကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကားဂိတ်ထိပဲ ရမယ်နော် ... "

"ရှင့်ကို ဘယ်သူက လိုက်ပို့ခိုင်းနေလို့လဲ"

"စကားကလည်း ရှည်လိုက်တာ"

"ရှင်သာ ရှေ့ကသွားပါ ... လူများတွေမြင်ရင် တစ်မျိုးထင်ဦးမယ်"

"ထင်ချင်စရာကိုး ... ငါကသာ နှစ်နာရမှာ၊ ဒီလမ်းထဲမှာ ငါက နာမည်သုံးလုံးနဲ့နေနေတာ"

"ဘာလဲ ... အပေတေဆိုပြီးတော့လား"

"စောစောစီးစီးနော် ... ရန်စကား မစချင်ဘူး"

"အဲဒါကြောင့် ... ရှင့်ကိုရှေ့ကသွားလို့ ပြောတာပေါ့"

ခင်နန်းထွေးက ရှေ့မှထွက်သွားသဖြင့် ချမ်းငြိမ်းကိုတစ်ယောက် မျက်ခုံးပင့်လိုက်ပြီး အနောက်မှလိုက်လာ၏။ လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြသော လူငယ်အများစုက ခင်နန်းထွေးကို လည်ပြန်ကြည့်နေကြသဖြင့် ချမ်းငြိမ်းကို စိတ်ထဲ မသိမသိုင်းအူတိုသွား၏။ ရှေ့မှလျှောက်နေသော ခင်နန်းထွေးကို လှမ်းခေါ်လိုက်သဖြင့် ခင်နန်းထွေးက လှည့်ကြည့်ပြီး ...

"ဘာလဲ"

"ကျူရှင်ထိ ငါလိုက်ခဲ့မယ်"

"မလိုပါဘူး"





"မင်းနဲ့လိုက်ချင်လို့တော့ မထင်နဲ့ ... ငြိမ်းသူဇာကို ပြောစရာရှိလို့"

"ဟွန်း ... "

ခင်နန်းထွေးက မျက်စောင်းလှလှထိုးရင်း ဆက်လျှောက်သွားချိန်တွင် လက်ဖက်ရည်ဆိုင်ထဲမှ အောင်ဆင့်က ချမ်းငြိမ်းကိုကို လက်လှမ်းပြသဖြင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်၏။ အောင်ဆင့်နှင့်အတူ ချမ်းငြိမ်းကိုတို့လမ်းထဲမှ လူပျိုကြီး မျိုးဝင်းလည်းရှိနေသေး၏။ မျိုးဝင်းက ချမ်းငြိမ်းကိုထက် လေးနှစ်လောက်ကြီးသူ။ အရင်တုန်းက ဖြူနှင်းသက်ကို ကြိတ်ပိုးနေတဲ့သူဆိုတော့ မျက်နှာကြောတော့ တည့်လှတယ်မဟုတ်။ သို့ပေမယ့်လည်း အောင်ဆင့်နှင့်မဆုံတာ ကြာသဖြင့် ဝင်ထိုင်လိုက်သည်။ အောင်ဆင့်က ...

"ဘာသောက်မလဲ ... "

"တော်ပြီ ... ချိန်းထားတာရှိလို့ ... "

ချမ်းငြိမ်းကိုက ရေနွေးကြမ်းငှဲ့ရင်း ပြောလိုက်သဖြင့် မျိုးဝင်းဆိုတဲ့ငနဲက ...

"ခုနက ကောင်မလေးက ဘယ်သူလဲ ... တစ်ခါမှမတွေ့ဖူးပါဘူး ... "

မျိုးဝင်းစကားစလိုက်တာနဲ့ ချမ်းငြိမ်းကိုတို့က သိနေပြီသား။ ဒီလူက လူမပိုင်ရှင်နေ နာမည်တော့ပိုင်ချင်တာ။ အခုနေ



www.burmeseclassic.com

www.burmeseclassic.com



သာ မသိဘူးလို့ ပြောကြည့်လိုက်ပါလား။ သူ လိုက်မယ်ဆိုပြီး ထပြေးတော့မှာ။ ဆိုင်တယ်ပြောလိုက်ရင်လည်း ဖြူနှင်းသက်ကို သူ အပိုင်ကိုင်ပြီး စကားလုံးကြီးကြီးနဲ့ သိမ်းတော့မှာလေ။ အဲဒါကြောင့် ရေနွေးကြမ်းကို မှုတ်သောက်လိုက်ပြီး မတ်တပ်ရပ်လိုက်တယ်။ ပြီးမှ မျိုးဝင်းကိုကြည့်ပြီး ...

"ခုနကောင်မလေးက ကျွန်တော်နဲ့စေ့စပ်ထားတာ၊ သွားတော့မယ် ... ဖြူနှင်းနဲ့ချိန်းထားလို့ ..."

ကဲ ... မျိုးဝင်းဆိုတဲ့ငနဲ သာတတ်နိုင်သေးလဲ ဟဟား။ မြှားတစ်ချောင်းထဲနဲ့ target နှစ်ခုကို ပစ်လိုက်တယ်။

ပြတ်ရော ... ချမ်းငြိမ်းကို စိတ်ထဲတွေးရင်း ကျေနပ်နေပုံများ ပါးစပ်က နားရွက်တပ်ချိတ်တော့မည်။ ကားဂိတ်ကို ခပ်သွက်သွက်လျှောက်လာလိုက်ရင်း ခင်နန်းထွေးကို မျက်လုံးဝေ့ရှာကြည့်လိုက်သည်။ ခင်နန်းထွေးကိုတွေ့မှ အနားကိုတိုးသွားပြီး ...

"ဟူး ... အဲဒါပြောတာပေါ့ ခက်တယ် ..."

ခင်နန်းထွေးက မျက်စောင်းထိုးကြည့်နေတုန်း ချမ်းငြိမ်းကိုက ဆက်ပြောပြန်သည်။

"မင်းကိုလေ ငါတို့လမ်းထဲက ကလေးအဖေတစ်ယောက်က မျက်စိကျနေလို့ လက်ဖက်ရည်ဆိုင်ကနေ အတင်းဆွဲခေါ်ပြီး မေးနေတယ်"





"အဲဒါ ဘာလုပ်ရမှာလဲ ..."

"ဘာလုပ်ရမှာလဲ မလုပ်နဲ့လေ ... တော်ကြာ အဲဒီမျိုးဝင်းဆိုတဲ့လူက မင်းကို ရည်းစားစကား လိုက်ပြောရင်ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ ... စဉ်းစားပေးလိုက်ရုံပဲပေါ့"

"ဟာ ... မင်း တော်တော်မလွယ်တဲ့အမျိုးပဲ ..."

"ဟုတ်တယ် ... ကျွန်မတို့တစ်မျိုးလုံး ဘယ်သူကမှမလွယ်ဘူး ... ကျွန်မဖေဖေဆို မေမေ့အဖြေကိုရဖို့ သုံးနှစ်သုံးမိုးစောင့်ခဲ့ရတာ"

"အဲဒါပြောတာ မဟုတ်ဘူး ..."

"ရှင် အခုဘယ်သွားမှာလဲ ... ကိုယ့်လမ်းကိုယ်သွား စကားမရှည်နဲ့ ... ကားဂိတ်ကြီးမှာ လူများတွေ တွေ့ရင် တစ်မျိုးထင်ကြဦးမယ် ..."

"မှားပါတယ် ... သိပ်စတိုင် ထုတ်ချင်ရင်လည်း ဗိုက်ဖုံးအင်္ကျီကြီးနဲ့ ကျူရှင်မတက်နဲ့ ... stockings ဝတ်ပြီး အလန်းလုပ်၊ ဒီပုံတုံးကြီးနဲ့ ဘယ်သူ့ကမှ ငါလိုလန်းလန်းလေးကို တစ်မျိုးထင်ကြမှာမဟုတ်ဘူး"

ချမ်းငြိမ်းကိုက ခင်နန်းထွေးဝတ်ထားသော အပေါ်ပိုင်းအင်္ကျီကားကားလေးကိုကြည့်ရင်း ပြော၏။ ခင်နန်းထွေးက ...

"ဒီမှာ ... ဒီကလူတွေက ရှင့်လို နှာဘူးမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့ရလား ... ယောက်ျားပဲ ... "

"ရှင်က သူများကျတော့ ပြောတတ်တယ် ... ရှင့်ကိုရှင်ရော မှန်ထဲမှာ ခြေဆုံးခေါင်းဆုံး ကြည့်လာခဲ့ရဲ့လား"

"ငါက ဘာဖြစ်နေလို့လဲ ... "

"ဝတ်ထားတဲ့ ဒီဇိုင်းက အရောင်မွဲတဲတဲနဲ့ တော်သေးတာပေါ့ ... ရှင့်ဘောင်းဘီ ဒီထက်ကျပ်ရင် အောက်ပိုင်းပြတ်ထွက်သွားလိမ့်မယ် ... bodystructure ကို လေလေး ဘာလေးပြန်ထိုးလိုက်ဦး၊ တစ်ကိုယ်လုံးနဲ့ ခြေထောက်က မမျှဘူးဖြစ်နေတယ်"

ခင်နန်းထွေးက မျက်စောင်းထိုးရင်း ပြောလိုက်သဖြင့် ချမ်းငြိမ်းကို ဒေါဖောင်းသွား၏။ ဟုတ်လည်းဟုတ်တာပဲလေ။ ကိုယ်က ပြောတာက တစ်ခွန်းလေးပဲကို သူက ကိုယ့်ကိုပြန်ဖွဲ့သွားလိုက်တာများ။ ကိုယ့်ကိုယ်ကို ဝိန်မှန်း အခုမှပဲ သတိထားမိတော့သည်။ ဒါပေမဲ့လို့ မိန်းကလေးဆိုတိုင်း အလျှော့ပေးစရာလား။ မခံချင်စိတ်နဲ့ ပြန်ပြောလိုက်သည်။

"ဩော် ... မြင်တတ်တယ်နော်၊ သူများကိုမကြည့်နဲ့ ငါက ယောက်ျားလေး ... မင်းကိုယ်မင်းရော ဂရုစိုက်လာရဲ့လား၊ ကိုယ့်ခြေထောက်လည်း ကိုယ်ကြည့်ဦး ... လှတယ်ဆိုပြီး ဖိနပ်ဆိုဒ်က ကလေးဆိုဒ်ကို အတင်းထိုးသွပ်ထားတာ ကောက်ညှင်းခြေထောက်တောင် စားချင်စိတ်မရှိတော့ဘူး"





ချမ်းငြိမ်းကိုစကားကို ခင်နန်းထွေးက သူ့ခြေထောက်သူ ရှေ့ထိုးကြည့်မိ၏။ ပြီးမှ ...

"ဒါကတော့ ဖိနပ်အသစ်ပဲ ... ဒီလောက်တော့ရှိမှာပေါ့"

"မိန်းကလေးဖြစ်ပြီး ခြေသည်းလက်သည်းကလည်း သန့်သန့်ရှင်းရှင်းမရှိဘူး ဝါကျင်နေတာပဲ ... "

"ဒါက ... မနက်ကပဲ လက်သည်းဆိုးထားတာတွေ ဖျက်ပစ်လိုက်လို့ပါနော် ... "

"ဟွန်း ... ဆိုးလည်းလှမလာပါဘူး ... ခြေထောက်ကိုလည်း ငုံ့ကြည့်မိရဲ့လား ... ဂဠုန်ခြေသည်းတွေလား မှတ်ရတယ်"

"ရှင်နော် ... လွန်လာပြီ ... "

"မှန်တာပြောတာပဲ ... ဂဠုန်ခြေသည်းလို့အပြောခံရလို့ လက်သည်းနီဆိုးဖို့ မစဉ်းစားနဲ့ ဝက်ဝံခြေသည်းဖြစ်သွားမယ်"

"ရှင် ဘယ်လိုလူလဲ ... ယောက်ျားမှဟုတ်ရဲ့လား၊ မိန်းကလေးတစ်ယောက်ကို ဒီလောက်အပြစ်မြင်နေရင် ရှင်ဒီတစ်သက် ဘယ်မိန်းမကိုမှ ရမှာမဟုတ်ဘူး"

"ဘယ်မိန်းကလေးကိုမှ အပြစ်မမြင်တတ်ဘူး၊ အဲ ... မင်းက လွဲရင်ပေါ့ ... ဟဲဟဲ ... "

"သိတယ် ... သိတယ် ... ရှင်က နှာဘူးပဲဟာ"

"ပြောချင်တာပြောပဲ ... ယောက်ျားမှာ နှာဘူးမဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဂန်ဒူးပဲလို့ မင်းပဲပြောခဲ့တာလေ မှတ်မိလား"

"ရှင်က နှစ်ဖက်ချွန်ကြီး ... "

"ဟာ ... ဘာနှစ်ဖက်ချွန်လဲ ... မင်းနော် ... ငါနားမလည်တဲ့ဥပမာတွေနဲ့ လာလာမနှိုင်းနဲ့ ... "

ပြတင်းပေါက်တွင် လေညင်းခံနေသော ခင်နန်းထွေးကို ကြည့်ကာ စချင်စိတ်များ တဖွားဖွားပေါ်လာပြန်သေး၏။

ထို့ကြောင့် ...

"ဒီမှာ ... မင်းနဲ့ငါနဲ့ နေရာလဲရအောင်"

ခင်နန်းထွေးက ချမ်းငြိမ်းကိုကို မျက်လုံးပြူးကြည့်၏။ ခင်နန်းထွေးကို အနီးကပ်တွေ့နေရသဖြင့် ချမ်းငြိမ်းကို မင်သက်သွားပြီး ... နှာခေါင်းထဲ တိုးဝင်လာသော သနပ်ခါးနံ့ကို ရှူလိုက်မိ၏။

ခင်နန်းထွေးက ...

"ဘာကိစ္စနဲ့ ရှင့်ကို နေရာလဲပေးရမှာလဲ အေးအေးဆေးဆေးနဲ့ ငြိမ်ငြိမ်ထိုင်ပြီးလိုက်ခဲ့ ... "

ခဏအကြာ ဖြူနှင်းသက်နှင့်ချိန်းထားသော မှတ်တိုင်ရှေ့တွင် ဖြူနှင်းသက်ကိုတွေ့လိုက်သဖြင့် ...

"ငါ ဆင်းတော့မယ် ... သွားပြီ ... "

"မလိုက်တော့ဘူးလား"

"ဟင့်အင်း ... ကိစ္စရှိလို့ ... "





ချမ်းငြိမ်းကို မဆင်းခင် ကားကထွက်သွားသဖြင့် ရှေ့မှတ်တိုင်တွင် ဆင်းလိုက်၏။ ကားပေါ်မှ ခင်နန်းထွေးကို လှှာထုတ်ပြလိုက်ပြီး ဖလိုင်းကစ် လုပ်ပြလိုက်သဖြင့် ခင်နန်းထွေးက လက်ဝါးထောင်ပြ၏။ ကားထွက်သွားမှ ဖြူနှင်းသက်ရှိရာ မှတ်တိုင်သို့ တစ်ဟုန်ထိုးပြေးလာလိုက်ပြီး ဖြူနှင်းသက်အနားရောက်မှ ...

"ဟူး ... ဖြူနှင်း ... ငါ ... ငါ နောက်ကျသွားတယ်၊ မောလိုက်တာဟာ ... "

ဖြူနှင်းသက်က ချမ်းငြိမ်းကိုကို သေသေချာချာကြည့်လိုက်ပြီး ...

"နင်က ဘယ်ကဘယ်လိုလာတာလဲ ... ဒီမှတ်တိုင်မှာဆင်းတာမဟုတ်ဘူး"

"အေး ... ငါ မှတ်တိုင်ကျော်သွားလို့ လာလေ ... သွားရအောင် ... "

"အင်း ... နင် ထောက်ခံစာတို့ ဘာတို့ပါလား"

"ပါတယ် ... "

"အလုပ်က ဒီကနေ လမ်းလျှောက်ရင် ကြာဦးမှာ၊ ကားပဲစီးသွားကြမယ်လေ ... "

"ဟိုလေ ... ဖြူနှင်း ... "

"အင်း ... ပြော ... "



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင်းသက်ကိုကြည့်ရင်း ပြောမယ့်စကားကို ပြန်စဉ်းစားနေမိ၏။ ဖြူနှင်းသက်က ...

"ဘာလဲ ... ချမ်းငြိမ်းကို ပြောလေ ... "

"သြော် ... စကားပြောရင်း လမ်းလျှောက်ရအောင်လား၊ နှင်နဲ့မတွေ့တာလည်း ကြာပြီဆိုတော့ ... "

"နှင် လျှောက်နိုင်လို့လား"

"လျှောက်နိုင်သားပဲ ... "

"ဒါဆို သွားမယ်လေ ... "

ဖြူနှင်းသက်က ချမ်းငြိမ်းကိုကိုကြည့်ရင်း ပြုံးပြလိုက်သဖြင့် ချမ်းငြိမ်းကိုရင်ထဲ အတိုင်းမသိပျော်သွား၏။ ခဏနေမှ ...

"ဖြူနှင်း ... "

"အင်း ... "

"ငါ နှင့်ကို တစ်ခုတောင်းဆိုစရာရှိတယ် ... "

"ဘာကိုလဲ ... "

"ငါ ... နှင့်ကို ... "

ချမ်းငြိမ်းကို စကားကို ဖြူနှင်းသက်လည်း ရင်ခုန်နေမိ၏။ ချမ်းငြိမ်းကိုက ခေါင်းကြီးငုံ့ထားရင်း ဆက်ပြော၏။

"ဟိုလေ ... ငါ ... ငါ နှင့်ကို ဖြူလို့ခေါ်ချင်တယ် ... အဲဒါ"

ဖြူနှင်းသက် ပြုံးလိုက်ပြီး စိတ်ထဲမှ တွေးလိုက်၏။



"အဲဒီလောက်ပဲ 'အ'ရလား ချမ်းငြိမ်းကိုရယ် ... "

ချမ်းငြိမ်ကိုတစ်ယောက် ဖိုင်တွဲလေးပိုက်ကာ ဖြူနှင်းသက်အဖြေကို စောင့်နေ၏။

"ခေါ်လို့ရမလားဟင် ... "

"ခေါ်လေ ... ရပါတယ် ... ငါကတော့ ပြောင်းခေါ်ဖို့မလိုလောက်ဘူး ထင်တယ်နော် ... "

"နင့်သဘောပဲ ဖြူ ... "

"ကျောင်းပြီးသွားတော့ နင်ဘာတွေ လုပ်ဖြစ်သေးလဲ"

"ဘာမှမလုပ်ဖြစ်ပါဘူး ... ကျောင်းတုန်းထဲက ငါဝါသနာပါတာ ဓာတ်ပုံရိုက်တဲ့အလုပ်ပဲဟာ ... ကျောင်းပြီးတော့ ဂျာနယ်တိုက်မှာ ဝင်အလုပ်လုပ်တယ် ... တစ်ခါတလေကျတော့လည်း ကိုယ်ဝါသနာပါတဲ့အလုပ်ကို ငြီးငွေ့မိတယ် ... နင်ရော ... "

"ငါက ဘာဖြစ်ရမှာလဲ ... "

"နင်ရော ... ချစ်သူတွေ ဘာတွေ ရနေပြီလားလို့"

ချမ်းငြိမ်းကိုအသံက တိမ်ဝင်သွားသဖြင့် ဖြူနှင်းသက်က ပြုံးလိုက်ပြီး ...

"ငါ့အကြောင်းလည်း သိရဲ့သားနဲ့ ... "

"ဒါဆို အခုထိ တစ်ယောက်ထဲပဲပေါ့ ... "

"ဒီလိုပါပဲဟာ ... ငါ့အချိန်နဲ့ငါ့အလုပ်နဲ့က ငါ့ဘဝကို အပိုင်



www.burmeseclassic.com

www.burmeseclassic.com



စီးထားတာ ... ငါ့မှာ ပိုနေတဲ့အချိန်ရယ်လို့ မရှိဘူး"

"အချိန်မရလို့ ချစ်သူမထားတာပေါ့နော်"

"အဲဒါလည်း ဖြစ်နိုင်တာပဲ"

"ငါ တစ်ခုပြောလို့ ရမလား ... "

"ပြောပေါ့ ... ငါ နားထောင်နေတာပဲဟာ"

"နင် စိတ်မဆိုးရဘူးနော် ... ဖြူ ... "

"အင်းပါ ... "

ချမ်းငြိမ်းကိုစိတ်ထဲ ကြိတ်ပြုံးလိုက်ပြီး 'အချိန်ရှိနိုက် လှံ့လစိုက်' ရင်း ညည်းစားစကားဖွင့်ပြောရန် နှိုင်းအပျိုး ...

"ငါလေ ... နင့်ကို ... "

နိုင်ငံနာက အပျိုးမှာလေးတင် နိဂုံးပိတ်ရန် ဖြစ်သွား၏။ ဖြူနှင်းသက် အလုပ်မှ မိန်းကလေးတစ်ယောက်က နောက်မှနေပြီး ဖြူနှင်းသက်လက်ကိုဆွဲလိုက်သဖြင့် ဖြူနှင်းသက်နှင့်ချမ်းငြိမ်းကိုတို့ နှစ်ယောက်စလုံး လှည့်ကြည့်မိ၏။ ထိုကောင်မလေးက ဖြူနှင်းသက်ကို ပြုံးပြလိုက်ပြီး ...

"မမဖြူ ... အလုပ်သွားမှာမဟုတ်လား။ နွယ်လည်းအလုပ်သွားမလို့ အတူတူသွားမယ်လေ ... "

ထိုကောင်မလေးက ချမ်းငြိမ်းကိုနှင့် ဖြူနှင်းသက်တို့ကြားသို့ တိုးဝင်လိုက်ပြီး ဖြူနှင်းသက်လက်မောင်းကိုချိတ်ကာ ရှေ့မှ





ထွက်သွားသဖြင့် ချမ်းငြိမ်းကို ခေါင်းကုတ်ရင်း ကျန်ခဲ့၏။

"အို ... ဒီနေ့ မပြောရလည်း နောက်နေ့ပေါ့ကွာ ... "

ကိုယ့်ကိုယ်ကို ဖြေသိမ့်ရင်း ခြေလှမ်းနှေးနှေးဖြင့် လိုက်သွားလိုက်၏။ ဖြူနှင်းသက်က နောက်သို့တစ်ချက်လှည့်ကြည့်ပြီး ပြုံးပြသဖြင့် ချမ်းငြိမ်းကိုက လက်ပြကာ "သွားနှင့်" ဆိုသည့်ပုံစံလုပ်ပြလိုက်၏။ စိတ်ထဲမှ ထိုကောင်မလေးကို ကင်ပွန်းတပ်ပေးလိုက်၏။

"စုန်းပြူးမ ... "

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

"ဘယ်သူ ... ဘယ်သူ ... "

ဦးငြိမ်းမောင်မောင်က အပေါ်အင်္ကျီချွတ်နေရင်းက တံ့ဆိုင်းသွားပြီး ဒေါ်သူဇာဦးကိုကြည့်ကာ ပြောလိုက်၏။ ဒေါ်သူဇာဦးက ...

"ရှင့်သားရဲ့ ကောင်မလေးပါဆိုမှ ... "

"ဘာကိစ္စနဲ့ ရောက်နေရတာလဲ ... "

"ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"တောက် ... "

ဦးငြိမ်းမောင်မောင်က သူ့အတွေးနဲ့သူ တောက်ခေါက်လိုက်၏။ ကိုယ်ကတော့ သူငယ်ချင်းရဲ့သမီးနဲ့ စကားစပ်လာပြီးမှ ဒင်းက ချစ်သူရှိနေရုံတင်မကဘူး အိမ်ထိပါ လိုက်လာနေပြီဆိုတော့ မျက်နှာပျက်စရာက ဖြစ်နေပြီလေ။ ဒေါ်သူဇာဦးကလည်း ဦးငြိမ်းမောင်





မောင် တောက်ခေါက်သံကိုကြားပြီး ဆက်ပြောရကောင်းနိုးနိုး၊ ထသွားရကောင်းနိုးနိုးနဲ့ ဖြစ်သွားသည်။ ဒါတောင် ဒေါ်သူဇာဦးက အိမ်ပေါ်ရောက်နေတယ်ပဲ ပြောရသေးသည်။ ကိုယ်ဝန်ကိစ္စပါ ထပ်ပြောလိုက်ရင် ဦးငြိမ်းမောင်မောင်တစ်ယောက် ချမ်းငြိမ်းကိုကို လက်သီးနဲ့ ထထိုးမလားဘဲ။ နဂိုကမှ တည့်ကြတဲ့ သားအဖမှမဟုတ်ဘဲ။ ကိုယ့်မှာလည်း သားတစ်ယောက်ထဲရှိလို့ ချစ်တော့ချစ်ရှာသား။ ဦးငြိမ်းမောင်မောင်စိတ်မျိုးနဲ့ဆို ဒေါ်သူဇာဦးပါ မပြီး အဆူခံထိမှာ မြင်ယောင်နေမိသေးသည်။ ဦးငြိမ်းမောင်မောင်က ...

"ငါလည်း သေသေချာချာ ရှင်းပြစမ်းပါဦး ... မင်းသားက ဘာတွေမဟုတ်တာလုပ်ထားလို့ အိမ်ပေါ်ထိပါ ရောက်နေရတာလဲ"

"ဘာမှတော့ မလုပ်ထားပါဘူး ... "

ပြောသာပြောရတာ ပြဿနာက သေးသေးလေးမှမဟုတ်ဘဲ။ လောလောဆယ်တော့ အားလုံးအနေချောင်ဖို့ ဒေါ်သူဇာဦးက ခေါင်းသုံးရမှာပဲလေ။

"ကောင်မလေးက အေးအေးလေးပါပဲ ... ငြိမ်းသူဇာနဲ့သူငယ်ချင်းတဲ့ ... အရင်က ကျောက်မြောင်းဘက်မှာ တိုက်ခန်းငှားနေတာ၊ အခု အဆင်မပြေလို့ ငြိမ်းသူဇာနဲ့အတူလာနေတာ၊ ဒီရောက်မှ ချမ်းငြိမ်းကိုရဲ့ ကောင်မလေးမှန်း ကျွန်မလည်းသိတာ"

"ခက်တယ် ... ခက်တယ် ... ငါကလည်း ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးငြိမ်းမောင်မောင်က စကားကိုမဆက်သေးဘဲ စဉ်းစားဆိုထိသည်။ ဒေါ်သူဇာဦးက ဘာကိစ္စပဲလုပ်လုပ် သူ့ကိုတိုင်ပင်မှ ကြိုက်တာကိုး။ ချစ်ဦးမောင်နဲ့ သားရေးသမီးရေးကိစ္စ စကားစပ်တာတောင် သူ့ကိုအသိမပေးရကောင်းမလားဆိုပြီး အော်ကြီးဟစ်ကျယ် ရန်တွေ့နေမှဖြင့် မလွယ်ဘူးလေ။ ဒေါ်သူဇာဦး အကြောင်းလည်း သိနေတာပဲ။ ညာတာပါတေးနဲ့ စကားကို လျှောချလိုက်ရသည်၊ နောက်ဖြစ်နောက်ရှင်းပဲ။

"ဟိုဟာ ... အိမ်ကို တခြားဧည့်သည်လာသေးလား"

"မလာဘူး ... ဘာကိစ္စရှိလို့လဲ ... "

"ဘာမှမရှိပါဘူး ... ငါ့သူငယ်ချင်းတစ်ယောက် ရန်ကုန်လာမယ်ဆိုလို့ ... လာရင်လည်း ကောင်းကောင်းမွန်မွန် ဧည့်ခံထားလို့ ပြောမလို့ ... "

"မလာပါဘူး"

"မလာလည်း ပြီးတာပဲ ... "

ဦးငြိမ်းမောင်မောင်ကိုကြည့်ရင်း ဒေါ်သူဇာဦးက ...

"ဧည့်သည်ဆိုတာ ရှင့်တပည့်ပဲလား"

"လာပြန်ပြီလား ... ဒီတပည့် ... "

"မသိဘူးလေ ... ထင်တာ ပြောကြည့်တာပဲ"

"မဟုတ်ပါဘူး ... ထမင်းဆာတယ်ကွာ၊ ခူးဦး ... "





"ချမ်းငြိမ်းကိုကို မစောင့်တော့ဘူးလား"

"ဘယ်သွားတာလဲ"

"အလုပ်ဆိုပြီး မနက်ကတည်းက ထွက်သွားတာပဲ"

"ဘယ်အချိန်ရှိပြီလဲ"

"ခြောက်နာရီ မထိုးသေးဘူး"

"ဟိုကောင်မလေးကရော ဘယ်သွားလဲ"

"ကျူရှင်လေ ... "

"ဒါဖြင့်လည်း သူတို့ပြန်လာမှပဲ စားကြတာပေါ့"

"အင်း ... ပြင်ထားနှင့်မယ် ... "

ချမ်းငြိမ်းကို ဘတ်စ်ကားပေါ်မှ ဆင်းဆင်းချင်း ငြိမ်းသူဇာနှင့် ခင်နန်းထွေးတို့နှစ်ယောက်ကို တွေ့လိုက်ရ၏။ ငြိမ်းသူဇာက ...

"ကိုကို ... ဘယ်ကပြန်လာတာလဲ"

"အလုပ်လေ ... နင်တို့ကရော ... "

"ကျူရှင်ပေါ့ ... ဒီနေ့ သုံးချိန်တောင် တက်ရတာ"

ခင်နန်းထွေးက စကားမပြောသေးဘဲ ခပ်တည်တည် လျှောက်နေသဖြင့် ငြိမ်းသူဇာက ...

"နန်း ... ကိုကိုနဲ့အရင်သွားနှင့် ... ငြိမ်း ဝယ်စရာရှိလို့"

"နန်းပါ လိုက်ခဲ့မယ်လေ ... "



www.burmeseclassic.com

www.burmeseclassic.com



"သွားနှင့်ပါ ယောင်းမရယ် ... "

ငြိမ်းသူဇာက ပြုံးစိစိနှင့် တစ်ဘက်လမ်းသို့ ကူးသွားသဖြင့် ချမ်းငြိမ်းကိုနှင့် ခင်နန်းထွေးတို့ ကျန်ခဲ့၏။ ချမ်းငြိမ်းကိုက ...

"ခုနက ငြိမ်းသူဇာက မင်းကို ဘယ်လိုခေါ်လိုက်တယ်"

" ... "

"ဟော့ ... မေးနေတယ်လေ 'အ'သွားတာလား"

"အရှုသာခံမနေနဲ့ ... ယောင်းမလို့ခေါ်သွားတာ"

"ယောင်းမ ... ဟဟ ... မင်းကမွေးတတ်လို့လား"

"ရှင်နော် ... မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ လူကိုပြောဖို့ပဲ"

"မသိလို့မေးတာပါ ... မင်းတို့မိန်းကလေးတွေကလည်း ငါတို့လိုပဲနော် ... ငါတို့လည်း ခင်တဲ့လူဆို ယောက်ဖလို့ခေါ်တတ်ကြတာ ... မင်းရော တွေ့တဲ့လူတိုင်းကို ယောင်းမလို့လိုက်ခေါ်နေကျလား"

"ဘာပြောတယ် ... "

"ဩော် ... မသိလို့ မေးကြည့်တာပါ"

"သိအောင် ပြောတော့ရော ရှင်က ဘာလုပ်မလို့လဲ"

"မဟုတ်ဘူးလေ ... အခေါ်အဝေါ်လွဲနေလို့ မင်းပဲစဉ်းစားကြည့်လေ ... ဥပမာကွာ ... မင်းအဖေက နောက်မိန်းမ ယူလိုက်ပြီပဲထား ... "





"ရှင်နော် ... သူများအဖေကိုများ ... "

"ဥပမာလေ ... ဥပမာ ... အဲဒီနောက်မိန်းမကို မင်းက ယောင်းမရေလို့ ခေါ်မလား ပြော ... "

"မိထွေးကို ဘယ်သူက ယောင်းမလို့ခေါ်တာ ကြားဖူးလို့လဲ ... ရှင် ရူးနေလား ... "

"အဲဒါပဲလေ ... အဲဒါ ... အခေါ်အဝေါ်လွဲနေပါတယ်ဆို"

ချမ်းငြိမ်းကို စကားကြောင့် ခင်နန်းထွေး ခြေလှမ်းများ ရပ်သွားပြီး ချမ်းငြိမ်းကိုကို ကြည့်လိုက်၏။ ချမ်းငြိမ်းကိုက ...

"ဘာလဲ ... ငါပြောတာ မှားသွားလို့လား"

"ရှင် ဘာအဓိပ္ပာယ်နဲ့ ပြောနေတာလဲ"

"ဘာဖြစ်လို့လဲ ... "

"မိထွေးကို ယောင်းမလို့ခေါ်ရသလားလို့ မေးကတည်းကို က ကျွန်မက ... ရှင် ... ဘာတွေပြောနေတာလဲ"

"မဟုတ်ပါဘူး ... ဖေဖေနဲ့ မင်းကိစ္စ မတိုင်ပင်ရသေးလို့ သေသေချာချာ မပြောသေးတာပါ ... "

"ဘာမှပြောမနေနဲ့ ကျောင်းပြီးရင် ယူရမှာ ... "

"ဘာ ... မင်းကို အဲဒီကိစ္စနဲ့ အကျပ်ကိုင်ထားတာလား"

"အမိန့်လေ ... ကျွန်မ ဖေဖေကိုယ်တိုင်က ပြောလိုက်တာ"

"ဟာ ... မင်းအဖေလည်း သိနေတာလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … ကျွန်မဖေဖေနဲ့ ရှင့်အဖေက သူငယ်ချင်း"

"အဲဒါတော့ မကောင်းပါဘူး … ဖေဖေကလည်း ဖြစ်စရာရှား လို့ သူငယ်ချင်းရဲ့သမီးနဲ့မှ … မင်းအဖေက မဆူဘူးလား"

"ရှင် ဘာတွေလာကြောင်နေတာလဲ … ကျွန်မတို့ကိစ္စကို စကားလမ်းကြောင်းအရင်ပို့တာ ရှင့်အဖေ … ရှင့်အဖေက စကား လာစပ်လို့ ကျွန်မဖေဖေက သဘောတူလိုက်တာ … ဒါပဲ … "

"ကျွန်မတို့ကိစ္စဆိုတော့ … ဘာကိစ္စလဲ … "

"ရှင်နဲ့ကျွန်မ ကျောင်းပြီးရင် ယူဖို့လေ … "

"ဘုရားရေ … "

"ဘာ အခုမှ ကြောက်ပါပြီလဲ … "

"ပြောမိလို့လား … ဒါနဲ့စကားမစပ် မင်းနဲ့ငါ့ကိစ္စကို ငါတို့ တစ်အိမ်လုံးကသိနေကြလား … အေးနော် … သိနေလို့လည်း မေမေက နေရာထားဖို့စီစဉ်ပေးတာပေါ့ … မသိပါဘူး၊ ငါက … ဟီးဟီး"

ချမ်းငြိမ်းကို ရယ်လိုက်သဖြင့် ခင်နန်းထွေးက မျက်စောင်း ထိုးကာ ကြည့်၏။

"ဘာရယ်တာလဲ"

"ဘာမှမရယ်ဘူး … အဟီး … မရယ်ပါဘူးလို့ … "

ရယ်ရတဲ့အကြောင်းအရင်းက ပြောလို့မှမဖြစ်ဘဲ။ ဟုတ်





တယ်လေ။ ကိုယ်က မတွေးသင့်တာ တစ်လွဲတချော်တွေးပြီး စိတ် ပူနေတာကိုး။ အကြောင်းအရင်းသာ ပြောပြလိုက်လို့ကတော့လား မမက သူ့ဖိနပ်နဲ့ဘယ်ပြန်ညာပြန် ဂျပန်နှိပ်စက်သလို နှိပ်စက်သွား မှာ။ အခုမှပဲ ချမ်းငြိမ်းကို ရှင်းရှင်းလင်းလင်းကြီး သဘောပေါက် တော့သည်။ အိမ်ထဲရောက်တာနဲ့ ချမ်းငြိမ်းကို ရေချိုးပြီး ထမင်းစား ခန်းထဲဝင်ထိုင်ရင်း ဦးငြိမ်းမောင်မောင်ကို လှမ်းကြည့်လိုက်သေး။ ဦးငြိမ်းမောင်မောင်က …

"ကောင်မလေးရော … "

"ရေချိုးနေတုန်း ထင်တယ် … "

ဒေါ်သူဇာဦးက ဦးငြိမ်းမောင်မောင်နှင့် ချမ်းငြိမ်းကိုကို တစ် လှည့်စီကြည့်နေတုန်း ငြိမ်းသူဇာနှင့် ခင်နန်းထွေးတို့ ရောက်လာ၏။ ငြိမ်းသူဇာက ချမ်းငြိမ်းကို ဘေးခုံတွင် ခင်နန်းထွေးကို ထိုင်ခိုင်းလိုက် သဖြင့် ဦးငြိမ်းမောင်မောင်က …

"အငယ်မနဲ့ သမီးနဲ့က သူငယ်ချင်းဆို … "

"ဟုတ်ကဲ့ ဦး … "

"အေး … အိမ်မှာ လွတ်လွတ်လပ်လပ်ပဲနေ … "

"ဟုတ် … "

ဒေါ်သူဇာဦးက ဦးငြိမ်းမောင်မောင်ကို ဟင်းခတ်ပေးလိုက် ပြီး ခင်နန်းထွေးပန်းကန်ထဲသို့ ကြက်သားဟင်းတုံးကြီးကြီးကို ရွေး



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပေးလိုက်၏။ ခင်နန်းထွေးက ပြုံးလိုက်ပြီး ငပိချက်ပန်းကန်ကို အနိုက် ... ဒေါ်သူဇာဦးက ...

"သမီး ... သမီး ... အဲဒါ မစားနဲ့ ... "

ဒေါ်သူဇာဦးက အလန့်တကြား အော်လိုက်သဖြင့် ဦးငြိမ်းမောင်မောင်နှင့်ချမ်းငြိမ်းကိုတို့အားလုံး ဒေါ်သူဇာဦးကို ကြောင်တောင်တောင်နှင့် ကြည့်နေကြ၏။ ဒေါ်သူဇာဦးက ဦးငြိမ်းမောင်မောင်ကို ကြည့်လိုက်ပြီးမှ ...

"ဩော် ... ဒီငပိချက်က တအားစပ်လို့ ... စပ်တာမှရေ ဘယ်လောက်သောက်သောက် အစပ်မပြေဘူး ... "

ဒေါ်သူဇာဦးစကားကို ဦးငြိမ်းမောင်မောင်က ချောင်းဟန့်လိုက်ပြီး ...

"အဲဒီလောက်စပ်ရင်လည်း ဘာလို့ချက်ထားလဲ၊ အိမ်မှာ ဘယ်သူက အစပ်စားနိုင်ကြလို့လဲ ... "

"ကျွန်မချက်တာ မဟုတ်ဘူး ... မခင်စိန် လာပေးထားတာ"

"အဲဒီမိန်းမ လာပြန်ပြီလား ... ဘာတွေပြောသေးလဲ"

"ဘာမှမပြောပါဘူး"

ဒေါ်သူဇာဦးက မသိချင်ယောင်ဆောင်ကာ ငပိချက်ပန်းကန်ကို ကြောင်အိမ်ထဲ ထည့်ထားလိုက်၏။ ခင်နန်းထွေးက မျက်ခုံး





ပင့်ကာ ဟင်းချိုမြည်းရန် ဇွန်းနှင့်မွှေတုန်း ဒေါ်သူဇာဦးက ...

"သမီး ... အဲဒါက ငရုတ်ကောင်းမှုန့်တွေနဲ့ ပူတယ် ... အရည်ဆမ်းစားချင်ရင် အန်တီ နောက်နေ့ကျ အရည်သက်သက်ချက်ပေးမယ် ... "

"ရပါတယ် အန်တီရဲ့ ... နန်းကဖြစ်သလို စားတတ်တယ်"

"အခုအချိန်က ဖြစ်သလိုစားလို့မှ မရဘဲ ... "

"ရှင် ... "

ဒေါ်သူဇာဦးစကားက ခင်နန်းထွေးတစ်ယောက်ထဲကိုပဲ အံ့သြစေတာ မဟုတ်ဘူးလေ။ ချမ်းငြိမ်းကိုကိုပါ အံ့သြစေတာ။ အရင်ကဆို ဒေါ်သူဇာဦးက ဒီလိုမှမဟုတ်ဘဲ။ ထမင်းစားတဲ့တစ်ချိန်ပဲ ချစ်စရာကောင်းတယ်လို့ ဦးငြိမ်းမောင်မောင်ကတောင် ချီးကျူးထားတာ။ ထမင်းစားချိန်ဆို စကားနည်းတာကိုး။ အခုတော့ဖြင့် ခင်နန်းထွေးတစ်ယောက် ပါးစပ်ထဲတောင် ထမင်းမဝင်သေးဘူး။ ဟိုဟာမစားနဲ့ ဒီဟာမသောက်နဲ့ စသဖြင့် စီမံခန့်ခွဲနေတာ။ ချမ်းငြိမ်းကိုတောင် မျက်လုံးပြူးပြီး ကြည့်နေမိသည်။ ဒေါ်သူဇာဦးက သူ့စကားသူ ပြန်ဖြေရှာသား။

"ဩော် ... အခုလို မိသားစုနဲ့ တစ်စုတစ်ဝေးထဲလိုစားကြတော့ ဖြစ်သလိုစားလို့ မဖြစ်ဘူးလို့ပြောတာ ... "

"ဟုတ် ... ဟုတ်ကဲ့ အန်တီ ... "



www.burmeseclassic.com

www.burmeseclassic.com



ခင်နန်းထွေးတစ်ယောက် အူကြောင်ကြောင်နဲ့ပဲ ထမင်းစားခန်းကို နိဂုံးချုပ်လိုက်ရ၏။ ထမင်းစားသောက်ပြီးမှ ခင်နန်းထွေးက ကော်ဖီခွက်ကိုင်ရင်း ခြံထဲက ဒါန်းပေါ် အားရပါးရထိုင်လိုက်သည်။ ခဏနေတော့ ငြိမ်းသူဇာရောက်လာပြီး ခင်နန်းထွေးဘေးမှာ ဝင်ထိုင်ရင်းက စကားစပြန်တယ်။

"နန်း ... အခုချိန်ဆို နန်းပြောတဲ့ နန်းရဲ့သူငယ်ချင်းတစ်ယောက်လည်း တစ်ယောက်ထဲပဲဖြစ်နေမှာနော် ... "

"အင်း ... ဟုတ်တယ်ငြိမ်းရ ... မမဖြူကို လွမ်းလိုက်တာ၊ မနက်ဖြန်ကျူရှင်ကအပြန်ကျရင် ဝင်မလားလို့ ... "

"သွားလိုက်ပါဦးကွာ ... အဲဒီမမတစ်ယောက်ထဲဆိုတော့ အားငယ်နေမှာပဲ"

"ဟင်း ... "

ခင်နန်းထွေး သက်ပြင်းချလိုက်သဖြင့် ငြိမ်းသူဇာက ...

"အဲဒီမမကို နန်းက အရမ်းပဲခင်လားဟင် ... "

"ခင်ရုံဘယ်ကမလဲ ငြိမ်းရယ် ... အရမ်းပဲချစ်တာပေါ့ ... မမဖြူနဲ့ကြုံရင် မိတ်ဆက်ပေးမယ် ... သဘောအရမ်းကောင်းတာ၊ ဒီအချိန်ထိ ချစ်သူမရှိသေးဘူး၊ ဒါပေမဲ့ မမဖြူမှာ သူဆိုတဲ့လူတစ်ယောက်တော့ ရှိတယ်တဲ့"

"သူ ... သူဆိုတာ ဘယ်သူလဲ"





"အဟင်း ... နန်းလည်း မသိဘူး၊ ကဗျာဆန်တယ်နော်၊ မမဖြူက သူ့ကိုအားမလိုအားမရဖြစ်နေတာ သိလား၊ အဲဒီ သူဆိုတဲ့လူက မမဖြူကိုချစ်နေတာ မမဖြူကသိနေပြီသားတဲ့ ... သူကလည်း ဖွင့်မပြောရဲဘူးတဲ့ ... ရယ်ရတယ်နော်"

"မမဖြူကရော သူ့ကိုချစ်နေလို့လား"

"ဟုတ်မှာပေါ့ ... အဲဒါကြောင့် အားမလိုအားမရဖြစ်နေတာ သူနဲ့မမဖြူက တစ်လောကမှ ပြန်ဆုံဖြစ်တာလေ ... မမဖြူနဲ့အတူနေခဲ့တဲ့တစ်လျှောက်လုံး သူ့အကြောင်းတွေကို ပြောပြနေကျ၊ ဝမ်းသာပါတယ် ... နှစ်ယောက်သား ပြန်ဆုံကြလို့၊ မမဖြူက သနားဖို့ကောင်းတယ် ... သူ့အပေါ်ကို မျှော်လင့်နေပေမယ့် မရိပ်မိအောင် ဟန်ဆောင်နေခဲ့တာတဲ့ ... "

"ဟုတ်လား ... အေးပေါ့၊ တို့မိန်းကလေးတွေမှာ သနားဖို့ကောင်းတဲ့ အချက်တစ်ချက်ရှိတယ် ... အဲဒါက ကိုယ်ချစ်နေတဲ့လူကို ဖွင့်ပြောလို့မရတာဘဲ ... "

"ဟုတ်တယ်နော် ... မမဖြူလည်း တော်တော်ခံစားခဲ့ရမှာပဲ ... ကိုယ်ချင်းစာပါတယ်"

"အမယ် ... ကိုယ်ချင်းစာရအောင် ယောင်းမက အဲလိုအဖြစ်မျိုး ကြုံနေပြီလား ... ဟဲဟဲ ... ကြုံနေရပြီထင်တယ် ... "

"ဟင် ... ဘာကိုကြုံရမှာလဲ ... ဘာမှန်းလည်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဟ ..."

ခင်နန်းထွေးနှင့်ငြိမ်းသူဇာတို့ စကားပြောနေတုန်း ချမ်းငြိမ်းကို ရောက်လာ၏။ ချမ်းငြိမ်းကိုက ငြိမ်းသူဇာကိုကြည့်ကာ ...

"မေမေ ခေါ်နေတယ် ... အငယ်မ ..."

"ဟဟ ... ရှောင်နိုင်းတဲ့နည်းက ရိုးလိုက်တာ၊ နင်နည်းနည်းလောက် ရှောင်ပေးဟာလို့ ပြောတာကမှ ဆန်းဦးမယ်"

"အောင်မာ ... ငါထုလိုက်ရ နင့်ကို မေမေခေါ်နေလို့ ပြောနေတာ ... ငါက သူနဲ့စကားပြောချင်တာ မဟုတ်ဘူး"

ငြိမ်းသူဇာ အိမ်ထဲဝင်သွားမှ ခင်နန်းထွေးက ချမ်းငြိမ်းကိုကို လှမ်းပြောလိုက်၏။

"ကျွန်မကလည်း ရှင်နဲ့စကားမပြောချင်လွန်းလို့ ဖြစ်နိုင်ရင် ပါးစပ်ကို ဇစ်တပ်ထားလိုက်ချင်တယ်"

"တပ်လေ ... သော့ခလောက်ပါ ဝယ်ပေးရဦးမလား"

"အဲဒီသော့ခလောက်ကို ရှင်ပဲကြိုးနဲ့ချည်ပြီး လည်ပင်းမှာဆွဲထား ..."

"ဘာ ..."

ချမ်းငြိမ်းကိုက အိမ်ထဲမဝင်သေးဘဲ ခင်နန်းထွေးရှေ့တည့်တည့်တွင် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ကာ မိုက်ကန်းကန်းအထာနှင့်ကြည့်ရင်း ပြော၏။





"မင်းက ငါ့ကို ဝက်ရူးပြန်နေတဲ့ကောင်လို့များ ထင်နေတာလား ..."

"ဒါတော့ ဘယ်သိမလဲ ... ရှင့်ကိုယ်ရှင်ပဲ သိမှာပေါ့"

"ဟုတ်တယ် ... ငါက မင်းလို အရူးမနဲ့တွေ့ပြီး စကားပြောချိန်ပဲ ရောဂါက ထဖောက်တတ်တာ သိလား ..."

"ဘယ်သူက အရူးလဲ ... ရှင်ကသာ ရူးနေတာ"

"မင်းနော် ... ငါ့မိန်းမဖြစ်မယ့်အရေး ကြိုတွေးပြီး ... ဟင်းဟင်း ..."

"ဘာ ... ရှင် ဘာစကားပြောတာလဲ ..."

"ခွင့်လွှတ်လိုက်မယ်လို့ ပြောတာ ... လျှောက်တွေးမနေနဲ့"

"စိတ်ကူးထဲတောင် မထည့်ဘူး ..."

"အောင်မာ ... မင်းစိတ်ကူးနဲ့ ငါကရော တန်လို့လား"

"ဟုတ်တယ် ... မတန်ဘူး၊ ကျွန်မစိတ်ကူးက ဈေးပေါတဲ့ ရှင်နဲ့နည်းနည်းလေးမှမတန်ဘူး ... အဲဒါကြောင့်မို့ ကျေးဇူးပြုပြီး သူများစိတ်ကူးထဲ ဝင်ပါချင်စိတ်လေး လျှော့ပါ ..."

ခင်နန်းထွေးက မျက်စောင်းထိုးလိုက်ပြီး ဒါန်းကိုအားပြင်းပြင်းနှင့်လွှဲကာ ထသွားသဖြင့် ချမ်းငြိမ်းကို၏ခြေထောက်ကို ဒါန်းက လွဲရိုက်ပြီးသား ကွက်တိဖြစ်သွား၏။

"ဒုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျ … ကျိုးပါပြီ … ခြေထောက် … "

ခင်နန်းထွေးက ချမ်းငြိမ်းကို အော်သံကို လှည့်ကြည့်ပြီး မျက်လုံးချွေပြလိုက်သဖြင့် ချမ်းငြိမ်းကို ဒေါသထွက်ကာ ကျန်ခဲ့၏။

အခန်း (၇)

ရုံးထဲသို့ ဖြူနှင်းသက်နှင့်အတူ နွယ်နွယ်ဝင်းပါ ပါလာသဖြင့် ချမ်းငြိမ်းကို စိတ်ညစ်သွား၏။ နွယ်နွယ်ဝင်းဆိုတဲ့ ကောင်မလေးက အလိုက်ကန်းဆိုးလည်းမသိ အရိပ်သုံးပါးလည်း နားမလည်။ အခုလဲ ဖြူနှင်းသက်က စကားတစ်ခွန်း မစရသေးဘူး … သူချည်းပဲ လုပြော နေသည်။

"အဲဒါ မမဖြူရယ် … နွယ် ပြောတာ မှားလား"

ဘာက ဘယ်လိုမှားလဲတော့ ချမ်းငြိမ်းကိုလည်း နားမလည် ပါဘူး။ ဒါပေမဲ့လည်း … အနီးအနားက စကားသံဆိုတော့ နိုးပြီး နားထောင်နေလိုက်တာပေါ့။ ဖြူနှင်းသက်ကပြုံးပြီး ခေါင်းခါလိုက် တာကိုတော့ တွေ့လိုက်ရသည်။ ခဏနေတော့ မောင်မောင်သက် ဆိုတဲ့လူက …

"ကိုချမ်းငြိမ်းကို ရှိပါသလားခင်ဗျာ … "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော်ပါ ..."

"မန်နေဂျာရုံးခန်းထဲ ဝင်လိုက်နော် ..."

မောင်မောင်သက်ဆိုတဲ့လူက စကားကသာ ချမ်းငြိမ်းကိုကို ပြောနေတာ အကြည့်က နွယ်နွယ်ဝင်းဆီမှာပဲ။ ဒါပေမဲ့ ကိုယ့်အလုပ်မှ မဟုတ်ဘဲ မန်နေဂျာရုံးခန်းထဲသာ ဝင်လိုက် သည်။ အခန်းထဲတွင် မန်နေဂျာဟုထင်ရသည့် အသက်သုံးဆယ်အရွယ် လူတစ်ယောက် ထိုင်နေသည်ကို ချမ်းငြိမ်းကို ဦးဆုံးမြင်လိုက်ရသည်။ ထိုလူက ပြုံးပြီး ...

"ထိုင်ပါ ..."

သူ ထိုင်ခိုင်းတော့လည်း ထိုင်ရမှာပေါ့။ မန်နေဂျာဆိုတဲ့လူက ရုပ်ကတော့ဖြောင့်သား။ မဆီမဆိုင် ဖြူနှင်းသက်ကိုတောင် စိတ်မချဖြစ်သွားသည်။ ထိုလူက ...

"ကျွန်တော့်နာမည်က ညီမင်းထက်ပါ ... ဒီက ညီကဖြူနှင်းသက်ရဲ့ မိတ်ဆွေထင်တယ်"

"ဟုတ်ပါတယ် ..."

"အင်း ... ဒီမှာလူတွေက သူ့နေရာနဲ့သူ ပြည့်နေကြပြီလေ"

"ဒါဆို ကျွန်တော့်အတွက် နေရာမရှိတော့ဘူးပေါ့"

ချမ်းငြိမ်းကို စကားကို ညီမင်းထက်က ပြုံးပြလိုက်ပြီး ...

"ခဏလေးပါ ... ညီက ဖြူနှင်းသက် အာမခံပေးထားတဲ့





လူဆိုတော့ နေရာမရှိလည်း ရှိအောင်လုပ်ပေးရမှာပေါ့"

"ဒါဆို ဖြူကြောင့် ကျွန်တော်က အလုပ်မရှိလည်းရှိအောင် လုပ်လို့ရတယ်ဆိုတဲ့သဘောလား ... နေရာမရှိရင် မခန့်ပါနဲ့။ ကျွန်တော်က မိန်းကလေးတစ်ယောက်ကို ခုတုံးလုပ်ပြီး အလုပ်လုပ်ရလောက်အောင် မညံ့ဖျင်းသေးပါဘူး"

"တစ်ခုခုကို အထင်မှားနေပုံပဲ ... ကျွန်တော် ပြောတာက ဒီလိုပါ ... ကျွန်တော်တို့ကုမ္ပဏီမှာ လူတွေပြည့်နေပေမယ်လို့ ဖြူနှင်းသက်လို အလုပ်ကြိုးစားတဲ့လူတစ်ယောက်က ထောက်ခံပေးထားတဲ့လူကို ကျွန်တော်က ဒီအတိုင်းကြီး မပြန်စေချင်လို့ပါ"

"အခုလို စဉ်းစားပေးတာ ကျေးဇူးပဲ ... ဒါပေမဲ့ ကျွန်တော် လုပ်လို့မဖြစ်တော့ဘူးဆိုတာ အခုမှ ပိုသဘောပေါက်လာတယ်၊ ခွင့်ပြုပါဦး ..."

ချမ်းငြိမ်းကို မန်နေဂျာရုံးခန်းထဲမှ ထွက်လာသဖြင့် ဖြူနှင်းသက်က မျက်လုံးချင်းဆုံအောင် ကြည့်ပြီး မျက်ရိပ်ပြသည့် အဓိပ္ပာယ်မှာ 'အဆင်ပြေလား'လို့ မေးမှန်း ချမ်းငြိမ်းကို သဘောပေါက်ပါသည်။ ချမ်းငြိမ်းကို စိတ်ထဲကပဲ ဖြူနှင်းသက်ကို တောင်းပန်လိုက်ရင်း အပြင်ကို ထွက်လာလိုက်သည်။ သိပ်မကြာပါ ... ဖြူနှင်းသက် နောက်က လိုက်လာပြီး ...

"ချမ်းငြိမ်းကို ..."



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းကို လှည့်ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။ ဖြူနှင်းသက်က ...

"အဆင် ... မပြေဘူးလားဟင် ... "

ဖြူနှင်းသက်အမေးကို မဖြေသေးဘဲ တိုက်ပေါ်မျက်လုံးကဝေ့ကြည့်ချိန် ညီမင်းထက်ကို ပြတင်းပေါက်နားမှာ တွေ့လိုက်ရသည်။ ညီမင်းထက်ကလည်း ချမ်းငြိမ်းကိုနဲ့ ဖြူနှင်းသက်ကိုကြည့်နေပုံရသည်။ ချမ်းငြိမ်းကို အကြည့်လွှဲလိုက်ပြီး ...

"ဖြူ ... ငါ မျိုးဇာတို့အိမ်မှာ စောင့်နေမယ်၊ နင်ရှုံးဆင်းဆင်းချင်း ဝင်လာခဲ့နော် ... ငါပြောစရာ စကားရှိတယ် ... "

"အင်း ... "

ဖြူနှင်းသက်ကို ကျောခိုင်းပြီး ကားဂိတ်သို့ထွက်လာလိုက်၏။ စိတ်ထဲမှ ညီမင်းထက်ဆိုသည့်လူကို သင်္ကာမကင်းဖြစ်နေရင်း ဖြူနှင်းသက်မျက်နှာကို မြင်ယောင်နေမိသေး၏။

ကံကောင်းထောက်မစွာ သီချင်းနားထောင်နေသည့် မျိုးဇာက ချမ်းငြိမ်းကိုကို လှည့်ကြည့်ပြီး ...

"လာလေကွာ ... ခုတလော ငါ့ဆီကိုဓာတ်ကျနေပါလား"

"မထင်မှတ်ဘဲ ဓာတ်ကျတာပေါ့ ... "

"ဆို ... ဘာကိတ် ... "

ချမ်းငြိမ်းကိုက မျိုးဇာဘေးတွင် ဝင်ထိုင်လိုက်ပြီး မန်နေကျာ





ဆိုသူအကြောင်းကို သင်္ကာမကင်းဖြစ်ကြောင်း ခရေစေ့တွင်းကျပြောပြလိုက်၏။ ထိုအခါ ... မျိုးဇာက ရယ်လိုက်ပြီး ...

"မင်းကွာ ... ဒီဘဲ ရုပ်လန်းတာနဲ့ ဖြူနှင်းသက်က မျက်စိကျစရာလား ... မဆီမဆိုင် မသကာဆို မင်းစိတ်မချရင် အဲဒီမှာ တောင် မဖြစ်မနေ လုပ်ရဦးမှာ ... "

"မဖြစ်ဘူး ... အဲဒီမှာ အလုပ်လုပ်ဖြစ်ရင် ငါ့အသည်းကို ဘရိတ်တေးနဲ့ မွှန်းနေသလို ဖြစ်လိမ့်မယ်"

"အပြောကတော့ ဟုတ်နေတာပဲ ... မင်းနဲ့ဖြူနှင်းသက်က ဘာဆိုင်သေးလို့လဲ ... "

"ဒီနေ့ ဖွင့်ပြောမလို့ ချိန်းထားတယ် ... သူအလုပ်ဆင်းရင် ဒီကိုလာလိမ့်မယ် ... "

"ဟာဟား ... တေမိတော့ မိုးကြိုးပစ်တော့မယ်ထင်တယ်၊ မိုးတော့ ခြိမ်းပြသား ... "

"နောက်မနေနဲ့ ... ပြီးတော့ မင်းကိုပြောစရာရှိသေးတယ်"

"ဘာတုန်း ... "

"ဟိုတစ်ခါ အုန်းနို့ခေါက်ဆွဲဆိုင်မှာ ငါနဲ့ရန်ဖြစ်ခဲ့တဲ့ ကောင်မလေးကို မှတ်မိလား"

"ဪ ... ရုပ်ပျာလေးလား ... ဘာဖြစ်လို့လဲ ... မင်းကိုကြိုက်နေလို့တဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... သူက ငါ့အဖေရဲ့သူငယ်ချင်းသမီးတဲ့ ... ငါနဲ့ ကျောင်းပြီးရင်ယူဖို့ ဖားသားကြီးက စကားစပ်ထားပြီးသား။ အခု အိမ်ပေါ်သောင်တင်နေတယ်"

ချမ်းငြိမ်းကိုက စိတ်ပျက်ပျက်နှင့် ညည်းလိုက်သဖြင့် မျိုးဇာက ...

"ကောင်းကွာ ... သိပ်ကောင်းပဲ ... မင်းစန်းပွင့်ပုံကတော့ ငါတောင် ငိုချင်းချရမယ် ... အဲဒီတော့ မင်းက ဖြူနှင်းသက်ကို ဒုက္ခပေးဦးမယ်ပေါ့ ... "

"ဘာဒုက္ခပေးရမှာလဲ ... "

"စဉ်းစားကြည့်လေ ... မင်းဖားသားကြီးအကြောင်းလည်း သိရဲ့သားနဲ့ ဘူးဆိုဖရုံသီးချင်တာ မဟုတ်ဘူး ... မင်းနောက်ဆုံးကျရင် အဲဒီရုပ်ပျာလေးနဲ့ပဲ နှစ်ပါးသွားရမှာ ... အဲဒီကျ ဖြူနှင်းသက်က ဘယ်လိုကြီးကျန်နေရစ်ခဲ့မလဲ ... ဒီဇာတ်လမ်းမှာ မင်းကဗီလိန်လား ... ဒါမှမဟုတ် သူတို့နှစ်ယောက်ထဲက တစ်ယောက်ကပဲ ဗီလိန်ဖြစ်မလား ... "

"ဟူး ... စိတ်မောလိုက်တာကွာ ... ကြံစမ်းပါဦး ... "

"ဟေ့ကောင် ... ငါ့ကို မင်းအမှုထဲ ဆွဲမထည့်နဲ့"

"မထည့်ပါဘူး ... အကြံဉာဏ်တောင်းတာပါ"

ချမ်းငြိမ်းကိုကိုကြည့်ရင်း မျိုးဇာက စဉ်းစားနေ၏။ ခဏနေ





မှ ...

"နေဦး ... အဲတစ်ယောက်နာမည်က ဘယ်သူလဲ ... "

"ခင်နန်းထွေးတဲ့ ... တောဆန်သလိုလို နန်းဆန်သလိုလိုနဲ့"

"အေး ... ထားပါတော့ ... ခင်နန်းထွေးမှာ ချစ်သူတွေ ဘာတွေမရှိဘူးလား"

"မရှိဘူးတဲ့"

"ဒါဆို ဒီကြားထဲမှာ တစ်ယောက်ယောက်နဲ့ ချိတ်ပေးလိုက်ပါလား ... မသိမသာ ချိတ်ပေးလိုက်လေ ... အဲဒါဆို မင်းနဲ့ယူဖို့က နည်းနည်းတော့ ပေါ့သွားမယ်ထင်တယ်"

"ငါက ဘယ်သူနဲ့ချိတ်ပေးရမှာလဲ"

"ခဏလေး ... မင်းခုနကပြောတဲ့ မန်နေဂျာဆိုတဲ့လူရှိတယ် မဟုတ်လား ... "

"အင်း ... "

"အဲဒီလူနဲ့ဆိုရင်ရော ... ဒါဆို တစ်ချက်ခုတ်နှစ်ချက်ပြတ်ပဲ၊ ဘယ်လိုလဲ ... "

"ချိတ်ပေးမယ်ဆိုတာကတော့ ဟုတ်ပါပြီ ... ဒါပေမဲ့ ငါနဲ့ အဲဒီလူနဲ့က ခင်တာလည်းမဟုတ်ဘူး ... ဘယ်လိုချိတ်ပေးရမှာလဲ"

"အဲဒါခက်တယ် ... မင်း အဲဒီမှာ အလုပ်လုပ်သင့်တာ ချမ်းငြိမ်းရ ... မင်းကလည်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ရေ ပြောချင်တာပြောပြီး ထွက်လာတာ၊ မြန်တော့မဝင်နိုင်ဘူး ... "

"အဲဒီအတွက် ငါ့တာဝန်ထား ... ငါ ဖြူနှင်းသက်ကို ပြောပေးမယ်"

"တော်ပါပြီကွာ ... ဖြူ့ကိုစိတ်အနှောက်အယှက်ပေးရာကျမယ်"

"ဩော် ... ဒါတောင် အလုပ်ကိစ္စပဲ ပြောပေးရမှာနော် ... မင်းသာ Propose လုပ်ပြီးမှ စေ့စပ်ထားတဲ့လူရှိတယ်ဆိုတာသိရင် ဘယ်လောက်စိတ်ထိခိုက်သွားမလဲ ... စဉ်းစား ... "

"တခြားအကြံလေး မရှိတော့ဘူးလား"

"ငါကလည်း ရှိနေပြီးသားမို့ပါ ... သုတကျတော့လည်း ခင်စုမွန်ကို တစ်ဘက်သတ်ဆိုတော့ မထူးပါဘူးကွာ ... မင်း သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးချယ်ရမယ်ဆို ဘယ်သူ့ကိုရွေးမလဲ ... "

"မင်းဆိုရင်ကော ... "

ချမ်းငြိမ်းကို စကားကို မျိုးဇော မျက်ခုံးပင့်လိုက်ပြီး ...

"ငါဆိုရင်တော့ ... ခင်နန်းထွေးကိုပဲရွေးတယ်"

"ဘာလို့ ... "

"မင်းနဲ့ဖြူနှင်းသက်နဲ့က ဘာမှမဆိုင်သေးတာ၊ နောက်ပြီး





ဒီအခွင့်အရေးက မင်းနဲ့မင်းဖားသားကြီးနဲ့ ပြေလည်ဖို့ နံပါတ်ဝမ်းပဲ၊ သူ့စကားနားထောင်တယ်ဆိုပြီး ပစားပေးချင်ပေးမှာ ... "

"တော်ပါကွာ ... မျှော်တော်ယောင်ဘဝကြီးနဲ့ ... "

"မသိဘူး ... မသိဘူး ... ဒါမင်းဘဝအတွက်ပဲ ကြိုက်ရာလမ်းကိုလျှောက် ... အချစ်ရှိမှပြည့်စုံတယ်ထင်လည်း ဆူးလမ်းကိုသာနင်းတော့ ... "

"လောလောဆယ်တော့ ခင်နန်းထွေးက ရှုပ်နေတာ၊ သူ့ကိုအရင်ရှင်းရမယ် ... "

"That right ... "

ပြောမယ့်သာပြောရတာ ခင်နန်းထွေးက ချမ်းငြိမ်းကိုကိုဆိုရင် အဖက်တောင်လုပ်ချင်တာမဟုတ်ဘူး။ ဘာပဲပြောပြော သူ့ကိုတော့ ရည်းစားရအောင် ရှာပေးရမှာပဲ။ လောလောဆယ် ချမ်းငြိမ်းကို ခေါင်းနောက်နေပြီ။

"ဒီအကျီလေးဆို အတော်ပဲ ... မမဖြူနဲ့ ... "

ခင်နန်းထွေးတစ်ယောက် ဂမုန်းပွင့်ကုန်တိုက်ထဲ ဖြူနှင်းသက်ကို လက်ဆောင်ပေးရန် အကျီရွေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးရော ... လိုက်ပါမလား ... ဟိုဟာလေးပဲယူရင် ကောင်းမလား ... "

အကျီများကိုကြည့်ရင်း စိတ်ညစ်သွား၏။ လက်ထဲမှ အဖြူရောင်အကျီလေးကို တန်းပေါ်ခဏတင်ထားလိုက်ပြီး တစ်ဘက်မှ အကျီများကိုရွေးနေတုန်း ဘေးမှလူတစ်ယောက်က ခင်နန်းထွေး တင်ထားသော အကျီကိုကြည့်နေသဖြင့် လှည့်ကြည့်လိုက်ပြီး ...

"အဲဒါ ... ကျွန်မ ရွေးထားတာ ... "

"ဟုတ်လား ... ဆောရီးနော် ... "

ထိုလူက အရောင်းစာရေးမလေးကို လှမ်းခေါ်လိုက်ပြီး ...

"ဒီပုံစံထဲက အဖြူရောင်ရှိသေးလား"

"တခြားအရောင်တွေပဲ ရှိတော့တယ်ရှင် ... "

"ဟုတ်လား ... ဒီက ညီမက ... "

ခင်နန်းထွေးကို လက်ညှိုးထိုးပြီး ပြောလိုက်သဖြင့် ခင်နန်းထွေးက ...

"ပြော ... "

"ဒီအကျီယူမလို့လား ... "

"ရှင့်အပူပါလို့လား ... ဘယ်ဟာယူယူပေါ့"

"ဗျာ"

"အူကြောင်ကြောင်နဲ့ တခြားဟာသွားယူပါလား ... သူများ





ရွေးပြီးသားကြီးကို ... "

ထိုလူက တစ်ချက်ပြုံးလိုက်ပြီး အကျီအဖြူလေးကိုကြည့်ကာ ...

"ကျွန်တော် ကောင်မလေးတစ်ယောက်ကို လက်ဆောင်ပေးချင်လို့ပါ ... သူက အဖြူရောင်ကြိုက်တယ်လေ ... "

"အဖြူရောင်ကြိုက်ရင်လည်း တခြားဒီဇိုင်းထဲက ပေးလိုက်ပါ ... ကျွန်မယူမှာ ... အစ်မ အဲဒီအဖြူလေးပဲပေးတော့"

စာရေးမလေးက ထိုလူ့လက်ထဲမှ အဖြူရောင်ကိုယူကာ ထွက်သွားသဖြင့် ခင်နန်းထွေးကျေနပ်သွား၏။ ထိုလူကလေသံ ခပ်တိုးတိုးဖြင့် ...

"ဝစာလေးပဲ ... "

"ဘာ ... ဘာပြောတယ် ... "

"ဘာမှမပြောပါဘူး"

"ယောက်ျားဖြစ်ပြီး ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ... "

ကောင်တာတွင် ပိုက်ဆံရှင်းပြီး ထိုလူ့ကို မျက်စောင်းထိုးကာအထွက် အပေါက်ဝတွင် လူတစ်ယောက်နှင့်ဝင်တိုက်မိတော့၏။

"အမလေး ... "

လက်ထဲမှ အကျီထုတ်ကျသွားသဖြင့် ညီမင်းထက် ကောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပြီး ...

"ဆောရီးနော် ... ဘာဖြစ်သွားသေးလဲ ... "

"ဘာမှမဖြစ်ဘူး"

လေသံမာမာနှင့် ပြောလိုက်သောကြောင့် ညီမင်းထက်က

"မျက်စိကို ရှင်ရှင်ထားမှပေါ့ကွ ... "

"ရှင်တယ် ... ရှင်လွန်းလို့ ခက်နေတာ"

"မဟုတ်မှလွဲရော ... ဒီအင်္ကျီက ဒီဆိုင်ကဝယ်လာတာပါ နော် ... "

"ဘာလဲ ... လူကို သူခိုးမှတ်နေလို့လား"

"မဟုတ်ပါဘူး ... "

"အသရေဖျက်မှုနဲ့ဖမ်းခံရမယ် ... ရုပ်ကိုသေချာကြည့် ... သူခိုးရုပ်လား ... "

"ပြောလို့ဘယ်ရမလဲ ... သူခိုးမှာ ဂျိုပါတာမှမဟုတ်တာ"

"စိတ်ချ ... နောက်တစ်ခါ အင်္ကျီလာဝယ်ရင် ဂျိုတပ်လာခဲ့မယ် ... ပေး ... လူကိုများ သူခိုးလေး ဘာလေးနဲ့ ... "

ညီမင်းထက် လက်ထဲမှ အင်္ကျီထုပ်ကို ဆတ်ခနဲဆွဲယူပြီး ထွက်သွားသဖြင့် ညီမင်းထက် ပြုံးလိုက်၏။ ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ကောင်တာတွင် ရပ်နေသော ဘုန်းဆက်က ...

"ဂွစာလေးနဲ့ ရန်ဖြစ်နေတာလား"





"မင်းက ဆိုင်ကို အလှည့်သက်သက်လား ... မေမေ့ဆီက ပိုက်ဆံလာတောင်းတာလား"

"ကိုကိုကလည်း မေမေ အိမ်ခဏပြန်မယ်ဆိုလို့ ကျွန်တော် ဆိုင်လာစောင့်ပေးတာ ... ဒီရောက်တာနဲ့ ခုနက ဂွစာလေးကိုတွေ့ လို့ဝင်လုံးတာ"

"မင်းပဲ အလုံးခံလိုက်ရတယ်မဟုတ်လား ... ဟိုက ငါ့ကို တောင် ဖောက်စားသွားတာ"

"ကက်ကက်လန်အောင် ရန်တွေ့နေတာပဲနော် ဟဲဟဲ"

ခင်နန်းထွေး နှာတစ်ချက်မှုတ်လိုက်ပြီး ...

"ဘယ်လိုလူတွေမှန်းလည်း မသိဘူး"

ပိုက်ဆံအိတ်ကို ဖျစ်ညှစ်လိုက်ပြီး တက္ကစီငှားကာ ဖြူနှင်း သက်ဆီသို့ ထွက်လာခဲ့၏။ တိုက်ခန်းရှေ့တွင် ခဲ့သော့ပိတ်ထားသဖြင့် လှေကားထစ်တွင်ထိုင်ရင်း ဖြူနှင်းသက်ကို စောင့်နေမိ၏။ ခဏ အကြာ ဖြူနှင်းသက် ရောက်လာသည်နှင့် ...

"ဟယ် နန်း ... ဘယ်ကဘယ်လို ရောက်လာတာလဲ ... မျက်နှာလည်း မကောင်းပါလား ... ဟိုအိမ်ပေါ်ကဆင်းလာတာ တော့ မဟုတ်လောက်ပါဘူးနော် ... "

"ဟုတ်ပါဘူး ... မမဖြူကလည်း ... "

ဖြူနှင်းသက်က တံခါးဖွင့်လိုက်သည်နှင့် ခင်နန်းထွေးအရင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကာ ဆိုဖာခုံတွင် ထိုင်လိုက်၏။ ပြီးမှ ကုန်တိုက်မှအကြောင်းကို စီကာပတ်ကုံး ပြောပြလိုက်သဖြင့် ဖြူနှင်းသက်က ပြုံးလိုက်ပြီး …

"ကံကောင်းတာပေါ့ … ဖြူက သူနဲ့ခဏတွေ့နေလို့ ကြာသွားတာ … "

"သူနဲ့အဆင်ပြေလား … "

"မပြေပါဘူး နန်းရယ် … အလုပ်သွင်းပေးတော့လည်း မလုပ်ဘူး"

"ဘာလို့မလုပ်တာလဲ"

"သူပြောတာကတော့ အဲဒီမန်နေဂျာကို ကြည့်မရလို့ဆိုလားဘဲ … ပြီးတော့ သူကပြောသေးတယ်၊ ဖြူ့ကို အဲဒီလူနဲ့သိပ်အရောမဝင်နဲ့တဲ့ … ဘာတွေမှန်းလည်း မသိပါဘူးကွာ"

"ဘာဖြစ်ရမှာလဲ … အခုမှ အူလာတိုနေတာနေမှာပေါ့။ အဲဒီလူကလည်းနော် ချစ်ရင်ချစ်တယ် ဖွင့်ပြောလိုက်တာမဟုတ်ဘူး၊ ဝေ့လည်ကြောင်ပတ်နဲ့ … "

"အင်း … ဒြော် … နန်းရော အဆင်ပြေလား"

"သူကလွဲလို့ တစ်အိမ်သားလုံးက အဆင်ပြေတယ် မမဖြူ"

"ဘာဖြစ်လို့လဲ မတည့်ဘူးလား … "

"ဟုတ်တယ် … စကားမပြောမိနဲ့ ပြောမိတာနဲ့ ရန်ထဖြစ်တော့တာပဲ … ဟိုတစ်ခါ အုန်းနို့ခေါက်ဆွဲဆိုင်မှာ ရန်ဖြစ်လာတယ်





ဆိုတဲ့လူလေ … "

"ဟယ် … တိုက်ဆိုင်လိုက်တာ၊ အဲတော့ … အခုလည်း အဲလိုပဲ အမြဲတကျက်ကျက်ပေါ့ … "

"အင်း … ဟုတ်တယ် … "

"သည်းခံပြီးနေပေါ့ … နန်းရဲ့ … "

"နန်းစိတ်ကိုလည်း သိရဲ့သားနဲ့ … "

"အခုရော ဖြူ့ဆီ အလည်သက်သက်ပဲလား"

"အဆင်ပြေရဲ့လားလို့ လာကြည့်တာ … မမဖြူရဲ့ ဒီမှာ အကျႌဝယ်လာတယ် … ကြိုက်ရဲ့လား … "

ခင်နန်းထွေး ပေးသောအကျႌကို ဖြန့်ကြည့်ရင်း …

"ငါ့ညီမလေးတော့ ဖြူ့ကြောင့် ပိုက်ဆံကုန်သွားရပြီ"

"ရပါတယ် မမဖြူရယ် … နန်းကပေးချင်လို့ပါ။ ဗိုက်ဆာတယ် … ဘာဟင်းဝယ်လာလဲ … "

"ဈေးရှေ့က ဆိတ်သားတွေ့တာနဲ့ဝယ်လာတာ … ခဏစောင့် ချက်လိုက်ဦးမယ် … "

"ဟုတ် … "

ဖြူနှင်းသက် နောက်သို့ ခင်နန်းထွေးပါဝင်သွားပြီး ဟင်းချက်ပေးရန် ပိုင်းကူနေ၏။ ခဏအကြာ ခင်နန်းထွေးက …

"မမဖြူ … မကြားရတာကြာပြီဆိုတော့ သူနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါဦးလား ... ”

“ဘာကိုလဲ နန်းရဲ့ ... ”

“အရင်က ဇာတ်လမ်းလေ ... အိုးဟိုး ... ”

ခင်နန်းထွေးက သိချင်းညည်းပြလိုက်သဖြင့် ဖြူနှင်းသက်က ပြုံးလိုက်၏။ ပြီးမှ ...

“ဘာဇာတ်လမ်းလဲ နန်းရဲ့ ... ဘာဇာတ်လမ်းမှ မရှိခဲ့ပါဘူး”

“တစ်ခုခုကို ပြောပြ မမဖြူရာ ... နန်း နားထောင်ချင်လို့ နော် ... ”

ဖြူနှင်းသက်က အတန်ကြာစဉ်းစားနေပြီးမှ ကျောင်းသား ဘဝအဖြစ်အပျက်တစ်ခုကို ပြန်မြင်ယောင်လာရင်း ...

“အဲဒီနေ့က အလွဲလွဲအချော်ချော်ဖြစ်ခဲ့တဲ့နေ့ပေါ့ ... ဖြူတို့ အခန်းထဲမှာ သူရယ် သူ့သူငယ်ချင်းတွေရယ် ... နောက်ပြီး ဖြူ့ သူငယ်ချင်းနှစ်ယောက်ရယ် ... အဲဒါပဲရှိတဲ့အချိန်ကပေါ့”

အခန်း (၈)

“ကြီးကောင်ကြီးမားနဲ့ဟာယ် ... မျိုးဇာ ... နင်အာပြဲကြီးနဲ့ အော်မနေနဲ့”

နိုင်ရည်ပွင့်က ထိုင်ခုံတွင်ထိုင်နေသော မျိုးဇာကိုပြောလိုက်သဖြင့် သုတက ...

“မအော်လို့ရမလား ... ဒီကောင်ကလည်း ဒီကောင်ပဲ ... ဘောင်းဘီလေး ပြဲသွားတာကိုများ ... ”

သုတစကားကြောင့် ဖြူနှင်းသက်တို့ ရယ်ကြသဖြင့် မျိုးဇာ မျက်နှာကြီး ရဲတက်သွားပြီး ...

“ဘောင်းဘီက ဝွတည့်တည့်ကမို့လို့ပေါ့ကွ”

ခင်စုမွန်က ...

“ကောင်းတယ် ... နည်းတောင်နည်းသေးတယ် ... အဲဒါ နောက်တစ်ခါ အပင်ပေါ်တက်ပြီး ပန်းခူးဦးမလား ပြော ... ”



www.burmeseclassic.com

"သူက လိုချင်တယ်ပြောတာကိုး ... "

မျိုးဇာက မျက်နှာလေး ရှုံ့မဲ့မဲ့နဲ့ပြောနေရှာတယ်။ သူ့ကောင်မလေးက အပင်ထိပ်ဖျားမှာပွင့်နေတဲ့ ပန်းကိုမှလိုချင်တယ်ဇပြောတာကိုး။ မရမက တက်ခူးပေးပြီး အဆင်းမှာ သစ်ကိုင်းစနဲ့ဘောင်းဘီကငြိပြီး ပြဲသွားတာ။ အဲဒါ ရှက်ရှက်နဲ့အခန်းထဲ ပြေးဝင်ပြီး ထိုင်ခုံကကို မထတော့ဘူး။ သူ့ကြောင့်မို့ တစ်ခန်းလုံးက အတန်းဆင်းသွားတာတောင် ဖြူနှင်းသက်တို့က မဆင်းရှာဘူး။

"တော်ပြီ ... အဲဒီသန္တာကို ဖြတ်ပစ်မယ်"

မျိုးဇာက စိတ်ကလည်း ခပ်ဆတ်ဆတ်ရယ်။ သူ့ကောင်မလေးကို ဖြတ်ပစ်မယ်လုပ်လို့ မနည်းဝိုင်းတားရသေးသည်။

ပြီးတော့လည်း ပြတ်သွားတာပါပဲ။ လောလောဆယ်တော့ မျိုးဇာမျက်နှာက ရှစ်ခေါက်ချိုးနေတော့ ချမ်းငြိမ်းကိုက မထူးတဲ့အဆုံး ပုဆိုးကို ထချွတ်ပါလေရော။ ခိုင်ရည်ပွင့်တို့ဆို မျက်နှာကိုလက်နှစ်ဖက်နဲ့ အုပ်ရတော့သည်။

"ဟဲ့ ... ဟဲ့ ... ချမ်းငြိမ်း ... နင်ဘာလုပ်တာလဲ၊ ညစ်ပတ်လှချည်လား"

"ဟ ... ငါ့ပုဆိုးချွတ်ပြီး ဒီကောင့်ကိုပေးမလို့လေ"

"နင်က ပုဆိုးချွတ်တော့ ဘယ်လိုကြီးဖြစ်နေမှာလဲဟ ... မချွတ်နဲ့ ... မချွတ်နဲ့ ... "





ခင်စုမွန်အသံကို ချမ်းငြိမ်းကိုက အင်တင်တင်လုပ်နေရင်းက ပုဆိုးကို ချွတ်ချလိုက်သည်။ ပြီးမှ ...

"ဒီမှာကြည့် ... ဘောင်းဘီတိုပါတယ် ... ဟော့ကောင်မျိုးဇာ ရော့ ... ဒီပုဆိုးဝတ်လိုက် ... "

မျိုးဇာကလည်း ဧွေ့ခနဲ ပုဆိုးကောက်လဲလိုက်သည်။ ပထမပြဿနာကတော့ ပြီးသွားလေပြီ။ ဖြူနှင်းသက်က ...

"ချမ်းငြိမ်းကို နင်က ဘောင်းဘီတိုကြီးနဲ့ ... တော်ကြာပါချုပ်မြင်မှ ရုံးခန်းထဲရောက်နေမယ်နော် ... "

"မတတ်နိုင်ဘူး ... အရှက်နဲ့သိက္ခာကတော့ လဲရမှာပဲ"

"ဟုတ်ပါပြီ ... အဲဒါတွေထားဦး ... ငါတို့ဗိုက်ဆာနေပြီ"

ခင်စုမွန်က နှုတ်ခမ်းထော်ရင်း ပြောနေသဖြင့် သုတက ...

"ဒီလိုလုပ် ... နင်တို့မှာ ချိုင့်အလွတ်ပါလား ... ပါရင် ငါ့ကိုပေးလိုက် ... "

သုတ စကားကို အားလုံးကြောင်သွားကြပြီး မျိုးဇာက ...

"ဘာလုပ်မလို့လဲ သုတ ... ဗိုက်ဆာလိုက်တောင်းမလို့လား"

"ခွေးကောင် ... စေတနာနဲ့ ဟင်းသွားဝယ်ပေးမလို့၊ မင်းကြောင့် ငါတို့နေလည်စာငတ်မှာ ... နင်တို့ ဒီမှာပဲစောင့်နေ ... ငါသွားဝယ်ပေးမယ် ... "

အားလုံးက သဘောတူညီချက်ဖြင့် သုတကျေးဇူးကြောင့်

www.burmeseclassic.com



တစ်ဖွဲ့လုံး အတန်းထဲတွင် နေ့လည်စာ စားဖြစ်ကြ၏။ ညနေ ကျောင်းဆင်းချိန်တွင် ချမ်းငြိမ်းကိုကို ရှေ့တစ်ယောက် နောက်တစ်ယောက်ကွယ်ရင်း ကျောင်းထဲမှအထွက် ပါချုပ်ကားနှင့် တန်းတိုးတော့၏။

"ဟေ့ကောင်တွေ ..."

"ခညာ ..."

မျိုးဇာ၊ သုတနှင့် ချမ်းငြိမ်းကိုတို့ တစ်ညီတညာထူးလိုက်ကြသဖြင့် ပါချုပ်က ...

"ဘယ်လိုဖြစ်နေကြတာလဲ ... မင်းတို့သုံးယောက် ငါ့ရုံးခန်းထဲ လိုက်ခဲ့စမ်း ..."

ပါချုပ်က ကားကို မောင်းထွက်သွားသဖြင့် ချမ်းငြိမ်းကိုတို့ ခေါင်းကုတ်ကာ ကျန်ခဲ့၏။ နိုင်ရည်ပွင့်က ...

"လာဟာ ... လစ်ရအောင် ... သူလည်း ငါတို့ကိုမှတ်မိမှာ မဟုတ်ဘူး"

နိုင်ရည်ပွင့်စကားကို မျိုးဇာက လက်ကာပြရင်း ...

"နင်တို့ကိုသာ မမှတ်မိတာ ... ဟိုတလောက ငါတို့ကိုထန်းရည်ဆိုင်မှာ ဖဲရိုက်ရင်း မိသွားလို့ ကောင်းကောင်းကြီး မှတ်မိလောက်တယ်"

"ခက်တာပဲ ..."





ဖြူနှင်းသက်က စိတ်ညစ်ညစ်နှင့် ညည်းလိုက်သဖြင့် ချမ်းငြိမ်းကိုက ...

"ဖြူနှင်း ... နင်တို့ ပြန်နှင့်ကြဟာ ... ငါတို့လက်မှတ်ထိုးပြီး ထွက်လာခဲ့မယ်"

ဖြူနှင်းသက်က ခင်စုမွန်နှင့် နိုင်ရည်ပွင့်ကို ကြည့်လိုက်ပြီး ...

"သွားမှတော့ အတူတူပဲသွားကြတာပေါ့ဟာ ... ငါတို့ပါ လိုက်ခဲ့မယ် ... မိန်းကလေးတွေပါတော့ ပါချုပ်စိတ်ဆိုးလောက်မယ် မထင်ဘူး ..."

"အေးဟာ ... ငါတို့ပါ လိုက်ခဲ့မယ်"

ခင်စုမွန်ကပါ ထောက်ခံချက်ပေးလိုက်သဖြင့် ခြောက်ယောက်စလုံး ပါချုပ် ရုံးခန်းထဲထိ ရောက်သွားကြ၏။ ရုံးခန်းထဲ တစ်ဖွဲ့လုံး ဝင်လာသဖြင့် ပါချုပ်က မျက်မှောင်အစီအပြင်ချိုးကာ ကြည့်သည်။

"ဟ ... ငါခေါ်တာ သုံးယောက်ထဲပါ ... ဘယ်နှဲ့ ..."

"ဒီလိုပါ ... ပါပါ ..."

မျိုးဇာက ပါချုပ်ကို ပါပါဟု ခပ်ရွှတ်ရွှတ်ခေါ်လိုက်၏။ အကြောင်းက မျိုးဇာ ကောင်မလေး သန္တာဆိုတာ တစ်ခြားလူမဟုတ်ဘဲ ပါချုပ်ရဲ့သမီးကိုး။ ပါချုပ်က ရိပ်တော့ရိပ်မိပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေရှေ့မှာ သူ့သမီးနဲ့ပတ်သက်ပြီး စကားစချင်တာမှ မဟုတ်တာ။ မသိမသာနဲ့ ငြိမ်နေပြီးမှ ...

"ဘယ်လိုတုန်း ... ပြောစမ်းပါဦး ... "

ဒီတော့မှ မျိုးဇာက ဖြူနှင်းသက်တို့ဘက်လှည့်ကြည့်ကာ 'ဘာပြောရမှာလဲ'ဟု အူကြောင်ကြောင်လုပ်နေသဖြင့် ပါချုပ်က ...

"ကဲ ... ကဲ ... မင်းတို့မပြောနဲ့တော့ ငါပဲမေးတော့မယ်၊ ဟိုကောင် ... "

ပါချုပ်က ချမ်းငြိမ်းကို၏ခေါင်းဘီတိုတိုကို လက်ညှိုးထိုးလိုက်သဖြင့် ချမ်းငြိမ်းကို ဒူးကွေးသွား၏။ ပါချုပ်က ...

"မင်းကိုယ်မင်း ကမ်းခြေရောက်နေတယ်များ မှတ်နေသလား ... ခေါင်းဘီတို တကားကားနဲ့ ကျောင်းလာကတည်းက ဒီလိုကြီးဝတ်လာတာလား ပြောစမ်း ... "

"အာ ... ပါပါကလည်း ... "

ချမ်းငြိမ်းကိုကပါ ပါပါဟုခေါ်လိုက်သဖြင့် ပါချုပ်မျက်နှာက ရှစ်ခေါက်ချိုးသွား၏။ မျိုးဇာ ခေါ်တာကတော့ထားတော့။ သူ့သမီးနဲ့ကြိုက်နေတော့ ပါပါလို့ခေါ်တာ ဖြေသာတယ်။ သူ့မှာလည်း သမီးက တစ်ယောက်ထဲရှိတာလေ။ အဲတော့ ... ရှစ်ခေါက်ချိုးသွားတာပေါ့။ ချမ်းငြိမ်းကိုက ဆက်ပြီး ...

"ဒီပုံစံကြီးနဲ့ ကျောင်းကိုလာတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။





ဂိတ်ဝမှာကတည်းက ကျွန်တော့်ကို မိုးကြိုးပစ်လိုက်မှာပေါ့"

"ဒါဖြင့် ... မင်းက ကျောင်းထဲရောက်မှ စတန့်ထွင်ပြီး ဝတ်တာပေါ့"

"ဟုတ်ပါဘူး ပါပါရယ် ... ဒီလိုပါ ... မျိုးဇာ ဒီကောင် ... "

ချမ်းငြိမ်းကိုက မျိုးဇာကို လက်ညှိုးထိုးပြလိုက်သဖြင့် ပါချုပ်က မျက်မှန်ပင့်လိုက်ပြီး ...

"ဘာဖြစ်လဲ ... ဆက်ပြော ... "

"ပါပ့ါသမီး ... "

"ဘာကွ ... "

ပါချုပ်မျက်နှာက အခိုးငွေ့ထွက်မတတ် တောက်လောင်သွားသဖြင့် ချမ်းငြိမ်းကိုက ...

"ဒီလို ... ဒီလို ပါပါ ... ပါပ့ါသမီး သန္တာက ကျွန်တော်တို့အဆောင်ဘေးက အပင် ... ဘာပင်ပါလိမ့် ... သုတ ဘာပင်လဲ"

ချမ်းငြိမ်းကိုက အပင်နာမည် မေ့နေသဖြင့် သုတကိုလက်တို့တာ မေးလိုက်၏။ သုတက ရုတ်တရက်မို့ ကြောင်သွားပြီး ...

"ကြက်ဆူပင်လား မသိဘူး"

"ဟုတ်ကဲ့ ... အဲဒီကြက်ဆူပင်က အပွင့်ကိုခူးခိုင်းတယ် ပါပါ"

"ငါ့သမီးက ကြက်ဆူပင်က အပွင့်ကိုခူးခိုင်းရအောင် ကြက်ဆူပင်ကပန်းလို့ရတဲ့ အပွင့်ဟုတ်လို့လား၊ မင်းတို့ကောင်တွေနော်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဗရုတ်လာမကျနဲ့"

"ဗရုတ်ကျတာ မဟုတ်ပါဘူး ပါပါရဲ့ … အမှန်တရားကို ရှင်းပြမလို့ပါ"

"ငါ့သမီးက အဲဒီအပွင့်ခူးပြီး ဘာလုပ်တာလဲ"

"ပန်မလို့နေမှာပေါ့ ပါပါရဲ့ … "

"ဟောကောင် … မင်းကိုမေးနေတာ မင်းဘောင်းဘီတိုဝတ်လာတဲ့ကိစ္စကိုမေးနေတာ … ငါ့သမီး ပန်းခူးတာနဲ့ဘာမှမဆိုင်ဘူး"

"ဟာ ဆိုင်တယ် … ပါပါ … ဆိုင်နေလို့ပါ"

မျိုးဇာက ကြားဖြတ်ဝင်ပြောသဖြင့် ပါချုပ်က လှည့်ကြည့်ပြီး …

"ပြောစမ်းပါဦး … "

"ကျွန်တော် အပင်ပေါ်တက်ခူးပြီးအဆင်း သစ်ကိုင်းနဲ့ ဘောင်းဘီကငြိပြီး ပြဲသွားတာ … အဲဒါ ချမ်းငြိမ်းက သူ့ပုဆိုးချွတ်ပြီး ပေးတာနဲ့ ကျွန်တော်ဝတ်ထားလိုက်တာ ဒီပုဆိုးပါ … "

မျိုးဇာက ပုဆိုးစဆွဲပြီး ပြောနေသဖြင့် ပါချုပ်က တစ်ချက်စဉ်းစားလိုက်ပြီး …

"ဒါဖြင့် သန္တာချိုက ပန်းခူးခိုင်းလို့ မင်းဘောင်းဘီကပြဲရတယ်ဆိုပါတော့ … "

"ဟုတ် … ဟုတ်ကဲ့"





"မင်းတို့ဟာက အကြောင်းပြချက်နဲ့ ဆင်ခြေကလွဲနေတယ်၊ ကြက်ဆူပင်ပေါ် တက်ခူးရလောက်တဲ့အထိ ကြက်ဆူပင်မှာ မင်းတစ်ကိုယ်လုံးကို နိုင်လောက်တဲ့ အကိုင်းအခက်မှမရှိဘဲ … သိပ်တော့ မဟုတ်သေးဘူး၊ ဒါ … မင်းတို့ တမင်သက်သက် ကျောင်းစည်းကမ်းဖောက်ပြီး ကျင့်ဝတ်ဖျက်တာပဲ … "

"ဟာ … ဟုတ်ဘူး ပါပါ … ကြက်ဆူပင် ဟုတ်ဘူး၊ စိန် … စိန်ပန်းပင်ထင်တယ်"

"စိန်ပန်းပင်ပေါ်တက်ရအောင် မင်းက စူပါမန်းလား … ဘယ်ကောင်က လှေကားထောင်ပေးလို့ တက်ရတာလဲ"

"သုတ … သုတ ကျောပေါ်ကတစ်ဆင့်တက်တာပါ … ပါပါ"

"တော် … တော် … နောက်တစ်ခါ ဒါမျိုးထပ်မမြင်ချင်ဘူး၊ ဒီမှာ အားလုံး လက်မှတ်ထိုးသွားကြ"

"ဟုတ် … "

လက်မှတ်ထိုးနေကြရင်းက သုတတစ်ယောက် ခင်စုမွန်ကို စလိုက်သေး၏။

"ခင်စုမွန် … နင် လက်မှတ်ထိုးပြီးရင် ငါလက်မှတ်ထိုးမယ်နော်"

"သေနာ … ဘာစကားပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ မှားလို့လား … ဒါဆိုလည်း ရတယ်လေ၊ နိုင်ရည်ပွင့်နဲ့ပဲ လက်မှတ်ထိုးလိုက်တော့မယ်"

နိုင်ရည်ပွင့်က သုတကို မျက်စောင်းထိုးနေသဖြင့် ဖြူနှင်းသက်တို့ ပြုံးလိုက်ကြ၏။ အပြန်တွင် ပါချုပ်က ချမ်းငြိမ်းကိုကိုကြည့်ပြီး …

"ဟိုကောင် … ခဏနေဦး … "

"ဗျာ … ဘာလုပ်စရာကျန်သေးလို့လဲ"

ပါချုပ်က ရုံးခန်းဗီရိုထဲမှ ပုဆိုးဟောင်းတစ်ထည်ကိုထုတ်ပြီး …

"ရော့ … ဒါဝတ်သွား … ဖုန်ခါပြီးဝတ် … "

မျိုးဇာက ချမ်းငြိမ်းကိုလက်ထဲမှ ပုဆိုးကို ဖြန့်ကြည့်ပြီး ရယ်၏။

"ခွိခွိ … ဟဟား … "

"ဟေ့ကောင် ဘာရယ်တာလဲ … "

"ပါပဲ့ပုဆိုးကြီးကလည်း ဟဟား … တိုက်ပုံသာဝတ်လိုက်လို့ကတော့ သတောင်းသား … အဲလေ … သတိုးသားလောင်းလို့ထင်ကြမှာပဲ"

"ဟေ့ကောင် ရှိတာထုတ်ပေးတာကွ … ဒါ ငါ့ပုဆိုး … ဟိုအရင်က မိန့်ခွန်းပြောရင် ဒီပုဆိုးပဲဝတ်သွားတာ၊ အိမ်ကိုပြန်မသယ်





သွားမိတာ ကျေးဇူးတင် … "

ချမ်းငြိမ်းကိုက မျိုးဇာလက်ထဲမှ ပိုးပုဆိုးပန်းရောင်ကို ဆွဲယူပြီး ဈေးခနဲခုန်ဝင်ကာ ဝတ်လိုက်သဖြင့် ခင်စုမွန်တို့ ပြုံးစိစိဖြစ်သွား၏။ ပါချုပ်က …

"ပုဆိုးကို နက်ဖြန် ပြန်လာပေး … မပြဲစေနဲ့ … "

"ဟုတ် … "

ချမ်းငြိမ်းကိုတစ်ယောက် အပေါ်အင်္ကျီအနက်ရောင် လက်ရှည်နှင့်ပိုးပုဆိုးပန်းရောင်ကို ဟပ်နေအောင် ဝတ်ထားသဖြင့် အားလုံးက ပြုံးစိစိနှင့်ဝိုင်းကြည့်ကြ၏။ မျိုးဇာက ခင်စုမွန်နှင့် နိုင်ရည်ပွင့်ကို မသိမသာလက်တို့ပြီး အနောက်မှ လျှောက်ခိုင်း၏။ ရှေ့မှ ချမ်းငြိမ်းကိုနှင့် ဖြူနှင်းသက်တို့ကို စနေကြသေး၏။

"သတို့သားနဲ့သတို့သမီးခင်ဗျာ … သတို့သမီးကလည်း ဒီနေ့မှ ပန်းရောင်ဝမ်းဆက်လေးနဲ့ … နှစ်ယောက်သား တိုင်ပင်ထားကြသလိုပဲ … အဲဒါ ပါပဲ့ကျေးဇူးကွ ပါပဲ့ကျေးဇူး … "

မျိုးဇာ လှမ်းနောက်နေသဖြင့် ဖြူနှင်းသက် ရှက်သွေးဖြာကာ မျက်နှာတစ်ခုလုံး နီရဲသွား၏။

"သူက ဖြူနဲ့မို့လို့သာ အူကြောင်ကြောင်နိုင်တာတဲ့ တခြားလူနဲ့ဆိုရင် အဲလိုမဟုတ်ဘူးလို့ သူ့သူငယ်ချင်းတွေက အမြဲပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မမဖြူပြောတဲ့ MZ က သူနဲ့အမြဲတွေ့ဖြစ်နေတာလား"

"အင်း TT နဲ့အစက အလုပ်အတူတူလုပ်ဖြစ်သေးတယ်လေ"

ဖြူနှင်းသက်က နာမ်စားနာမည်အသုံးပြုကာ ပြောပြသဖြင့် ခင်နန်းထွေးက MZ, TT စသဖြင့်သာ သိထား၏။ ခင်နန်းထွေးက သဘောလောက်သာ အဖုင်းပြေနားထောင်တတ်သည့်သူမို့ နာမည်ကို အထူးတစ်လည်လုပ်ပြီး မေးမနေတော့။ ဖြူနှင်းသက်ကလည်း ခင်နန်းထွေးကို အတွင်းကျကျထိတော့ လိုက်ပြောပြမနေပါ။

ညနေစောင်းက ကျော်လွန်၍ အမှောင်ဆိုင်းချိန်တွင် ခင်နန်းထွေးတစ်ယောက် ထမင်းစားသောက်ပြီး အကြောဆန့်ကာ ...

"အမ် ... မမဖြူ ... နန်း ပြန်တော့မယ်"

"ပြန်တော့မှာလား ... ဖြူကို နန်းနေတဲ့လိပ်စာပေးခဲ့ဦးလေ ... ခြော် ... ပေးထားလည်းပဲ ဖြူကလာလည်ဖြစ်မှာမဟုတ်ပါဘူး ... မပေးနဲ့တော့ နန်းအားရင် လာလည်လေ ... နော် ... "

"ဟုတ် ... သွားပြီ မမဖြူ ... လိုက်မပို့ဝေးနဲ့တော့၊ အောက်မှာမှောင်နေပြီ"

ခင်နန်းထွေး တိုက်အောက်သို့ရောက်သည်နှင့် ယောင်ပေပေရပ်နေသော ချမ်းငြိမ်းကိုကို တွေ့လိုက်ရ၏။ ချမ်းငြိမ်းကိုက ခင်နန်းထွေးကို လက်ညှိုးထိုးရင်း ...





"မင်းက ဒီကို ဘာလာလုပ်တာလဲ ... မှောင်နေတာတောင် အိမ်လည်နေတုန်း ... "

"အံမာ ... ဘာလုပ်လုပ်ပေါ့ ... ရှင့်အပူလား။ ကျွန်မတို့ လာကြိုတာတော့ မဟုတ်လောက်ပါဘူးနော်"

"ဝေးသေး ... ငါ့ဟာငါ ကိစ္စရှိလို့လာတာ"

"ဘာကိစ္စလဲ ... "

"ဘာလို့ပြောပြရမှာလဲ ... ကိုယ့်လမ်းကိုယ်သွား"

"သွားမှာပါ ... သွားမှာ ... "

ခင်နန်းထွေး ရှေ့မှထွက်သွားသဖြင့် ချမ်းငြိမ်းကို နှာခေါင်းရှုံ့လိုက်ပြီး စဉ်းစားကြည့်၏။ ဒီတိုက်နဲ့များ ဘယ်လိုပတ်သက်နေသလဲဆိုပြီး ...

"ဟေ့ ... ခင်နန်းထွေး ... ဟေ့ ... "

"ဘာတုန်း ... "

"မင်းပြန်မှာမဟုတ်လား ... ငါပါလိုက်ခဲ့မယ်"

"လိုက်တာပဲ ... ရှင့်ခြေထောက်နဲ့ရှင်လိုက်တာ၊ ကျွန်မနဲ့ ဘာဆိုင်လဲ"

"ဘာမှမဆိုင်ဘူး ... ရှေ့ကသွား ... "

"ဟွန်း ... အူကြောင်ကြောင်နဲ့ ... "

ခင်နန်းထွေး ကားဂိတ်ရောက်သည်နှင့် ချမ်းငြိမ်းကို ဘေး



www.burmeseclassic.com

www.burmeseclassic.com



နားတွင် ဝင်ရပ်လိုက်ပြီး ...

"အဟမ်း ... မင်းနဲ့ငါနဲ့ Peace ယူကြရအောင်"

"ရှင်တို့ ယောက်ျားတွေက ယုံရတာမဟုတ်ဘူး ... Peace လုပ်မယ်လေးဘာလေးနဲ့ ပြီးကျရင် အဲဒီ Peace လုပ်ထားတာကို အကြောင်းပြပြီး သူများရဲ့အခွင့်အရေးကို လိုက်ချုပ်ချယ်မှာ မဟုတ်လား ... မလုပ်ဘူး ... ကျွန်မ အေးအေးဆေးဆေးပဲ နေချင်တယ်"

"မလုပ်ပါဘူး ... မင်းနဲ့ငါနဲ့တွေ့တိုင်း ရန်မဖြစ်ချင်လို့ Peace လုပ်ရင်လည်း မင်းစိတ်တိုင်းကျ ကတိတောင်း ... ငါလည်း ကတိတစ်ခုတောင်းမယ် ဘယ်လိုလဲ ... "

ချမ်းငြိမ်းကို စကားကို ခင်နန်းထွေး စိတ်ဝင်စားသွားပြီး မျက်စောင်းလေးထိုးကြည့်၏။ ပြီးမှ ...

"အိုကေလေ ... ရှင်တောင်းမယ့်ကတိက ဘာလဲ ... "

"ငါ အခု ကောင်မလေးတစ်ယောက်ကို လိုက်မလို့"

"အဲဒီတော့ ... ကျွန်မက ကြားကနေအောင်သွယ်ပေးရမှာလား"

"ဖြတ်မပြောနဲ့လေ ... အဲဒါကြောင့် မင်းနဲ့ငါနဲ့မတည့်တာ၊ စကားကို ဆုံးအောင်နားထောင် ... "

"ဟုတ်ပါပြီ ... ပြောပါ ရှည်လိုက်တာ ... "

"အဲဒီကောင်မလေးကို ငါတကယ်ချစ်တာ ... နောက်ပြီး





သူနဲ့ပဲ လက်ထပ်ချင်တယ်"

"ဒီတော့ ကျွန်မက ရှင်နဲ့ကိစ္စကို ဖျက်ပေးရမယ်ပေါ့"

"ဒီတော့ မင်းသဘောပဲလေ ... မင်းလည်း စိတ်ကြိုက်နေလို့ရအောင် ပြောတာ"

"ရှင့်ဟာက မလွန်လွန်းဘူးလား ... ရှင်ပြောပုံဆို ကျွန်မကသာ ပွဲမဖျက်ရင် ကျွန်မကိုပါ ယူမယ်ပေါ့ ... အဲလိုလား"

"မဟုတ်ပါဘူး ... ငါက မင်း ငါ့ကိုနောက်ဆံတင်းနေမှာစိုးလို့ ... ရည်းစားထားချင်ရင်တောင် ငါတို့ကိစ္စကြီးရှိနေတော့ မထားဖြစ်လိုက်မှာစိုးလို့ ... "

"ရာရာစစ ... ကျွန်မကပဲ နောက်ဆံတင်းရဦးမယ်၊ ခုချိန်ထိလည်း ကျွန်မက ရှင်နဲ့ယူပါ့မယ်လို့ ဖေဖေ့ကိုပြောထားတာ မဟုတ်ဘူး ... ရှင့်အဖေကသာ အိမ်မှာလာနေဆိုလို့ လာနေတာ၊ ရှင့်ကိုယူဖို့ အိပ်မက်ထဲမှာတောင် အချိန်မပေးနိုင်ဘူး ရှင်းလား"

"ရှင်းပါတယ် ... ဒါဆို Peace ကိစ္စ သဘောတူတယ်ပေါ့"

"ကျွန်မဘက်ကလည်း တောင်းဆိုစရာရှိတယ်"

"တောင်းလေ ... တောင်းပေါ့ ... "

"ရှင့်အိမ်မှာ ကျွန်မကိုစကားပြောရင် မာကြောနေတာ မကြိုက်ဘူး ... "

"ငါက ဒီလိုပဲ ပြောတတ်တဲ့ဟာ ... "

"အဲဒါတော့ ရှင်ဆင်ခြင်ရမှာပေါ့ ... နောက်ပြီး ... "

"ကျန်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာ … ပြောမှာ … ကျွန်မဘာသာ ဘယ်သူနဲ့တွဲသွား တွဲလာလုပ်လုပ် ရှင်ဖျက်လိုဖျက်ဆီး လာမလုပ်နဲ့ … ဒါပဲ … "

"မလုပ်ပေါင်ဗျာ … မင်းရည်းစားရတော့ ငါကတောင် ပို ပျော်သေး … အဲ … တစ်ခုတော့ရှိတယ်နော် … မင်းရည်းစားရခဲ့ ရင်တော့ နောက်ဆက်တွဲကိစ္စ ကိုယ့်ဘာသာကိုယ်ရှင်း … မဖုံးမဖိ နိုင်မှ ကတိကိုလာမဖောက်နဲ့ … အဲဒီကျရင် ငါက လုံးဝဆောရီးပဲ နားလည်လား … "

"အမလေး … ကျွန်မကလဲ ရှင့်လိုလူမျိုးဆို ဝေးဝေးက ရှောင်တယ်"

"အောင်မာ … "

"ဘာအောင်မာလည်း မကျေနပ်လို့လား … အဲဒါဆိုလဲ"

"အေးကွာ … အေးကွာ … Peace "

"အဟင်း … "

ခင်နန်းထွေး ဘတ်စ်ကားပေါ်တက်သွားသဖြင့် ချမ်းငြိမ်းကို နှာခေါင်းရှုံ့လိုက်ပြီး လိုက်တက်လိုက်၏။ မျိုးဇာဆီက မရှိမယ့်ရှိ မယ့်အကြံကို အတင်းကုတ်ခြစ်တောင်းလာခဲ့ပြီး ခင်နန်းထွေးနှင့် Peace သာ ယူခဲ့ရ၏။ ခင်နန်းထွေးဆိုတဲ့သူက တကယ့်မလွယ်တဲ့ အမျိုး။

အခန်း (၉)

မနက်စောစော ချမ်းငြိမ်းကိုဆီသို့ သုတရောက်လာသဖြင့် ဧည့်ခန်းထဲတွင် စကားလက်ဆုံ ကျနေကြ၏။ သုတက …

"ဒါဆို မင်း ဖြူနှင်းသက်ပြောတဲ့အလုပ်မှာ မလုပ်ဖြစ်ဘူး ပေါ့"

"အေး … လုပ်ဖြစ်ရင်တောင် စိတ်ပါမှာမဟုတ်ဘူး"

"အေးလေ … မင်းသဘောပဲဟာ … ငါတောင် ဂျာနယ် တိုက်က ထွက်လိုက်ပြီ … "

"ဟုတ်လား … အခု ဘာလုပ်နေလဲ"

"အရင်က အင်္ဂလိပ်စာသင်တန်းမှာ ဆရာပဲပြန်လုပ်နေတာ ပေါ့ … သင်တန်းမှာလည်း ဟိုအရင်က ဝိုက်လုပ်ဖူးနေတော့ ဒုတိယ အကြိမ်ပြန်ဝင်တာ အခက်အခဲမရှိဘူး … ဒါနဲ့ ငါမနေ့က မျိုးဇာဆီ ဝင်သေးတယ် … မင်းလာသွားတယ်ဆို … "



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် ... "

"ဟိုကောင့်ကို ဒုက္ခသွားပေးတာ မဟုတ်လား ... ငါကြား ပြီးပြီ ... မင်းနဲ့စေ့စပ်ထားတဲ့တစ်ယောက် အိမ်ပေါ်ရောက်နေတယ် ဆို"

"အေး ... "

"မိတ်ဆက်ပေးလေကွာ ... "

"အာ ... ဘာကိစ္စနဲ့လဲ ငါနဲ့ဘာမှ ... "

ချမ်းငြိမ်းကို စကားပင်မဆုံးသေး။ ခင်နန်းထွေးက ညှော်ခန်း ထဲဝင်လာသဖြင့် ပြောမယ့်စကား ရပ်သွား၏။ ခင်နန်းထွေးက သုတကို ကြည့်လိုက်ပြီး ...

"ဟာ ... ဆရာ ဘယ်လာတာလဲ ... "

"ခင်နန်းထွေးကိုး ... ဒီမှာနေတာလား"

"ဟုတ်ကဲ့ ... "

"ဒါဆို ချမ်းငြိမ်းနဲ့က ... ဩော်ဟော ... "

"ဟာ့ကွာ ... ဘာလဲ မင်းနဲ့က သိနေတာလား"

သုတက ပြုံးပြလိုက်ပြီး ...

"သင်တန်းမှာ ဆရာလုပ်တုန်းကတည်းက ခင်နေတာ၊ ပြန် ဆုံလိမ့်မယ်လို့ မထင်ဘူး"

"ဆရာကသာ ထွက်သွားတာပါနော် ... နန်းတို့ဆို ဆရာ့ကို





လွမ်းနေတာ"

ခင်နန်းထွေးစကားကို ချမ်းငြိမ်းကိုက နှာခေါင်းရှုံ့လိုက်၏။ ပြီးမှ ... သုတဘက်လှည့်ကာ ...

"သုတ ... ငါဆီလာတာ ကိစ္စရှိလို့လား"

"အေး ... ဖြူ ... ဟိုဟာလေ ... "

သုတက ခင်နန်းထွေးရှိသဖြင့် စကားကို ဆက်မပြောသေး ဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေသဖြင့် ချမ်းငြိမ်းကို သဘောပေါက် သွားပြီး ...

"လက်ဖက်ရည် သွားသောက်ရအောင်ကွာ"

"အေး ... "

ခင်နန်းထွေးကို တစ်ချက်ကြည့်လိုက်ပြီး သုတပခုံးကိုဖက် ကာ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့၏။ လက်ဖက်ရည်ဆိုင် ရောက်မှ သုတက ...

"ခင်နန်းထွေးရှေ့မှာ စကားကထွက်တော့မလို့ ... "

"ကိစ္စမရှိပါဘူး၊ သူနဲ့ငါ Peace လုပ်ထားပြီးသား"

"ဘာလဲ မျိုးဇာပေးတဲ့ အကြံလား ... ကြည့်လည်းလုပ် ဦး ... တော်ကြာ ဒီနေ့ ကံမကောင်းပါလားဆိုပြီး ညည်းနေဦးမယ်"

"ကြံရာမရလို့ လုပ်မိလုပ်ရာပဲ လုပ်လိုက်တာ၊ အားလုံးအေး အေးသွားပါပြီ ... ဒါနဲ့ ဖြူ ဘာဖြစ်လို့လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး ... မနက်ဖြန် ဖြူ့ဘတ်ဒေးဆိုတာ သိရဲ့လား"

"ဟာ ... ဟုတ်သား မေ့နေတယ်၊ မင်းက မှတ်မိသားပဲ"

"မှတ်မိဆို ... ဖြူနှင်းသက်မွေးနေ့တိုင်း အမှတ်ရနေတာပဲဟာ"

"ခင်စုမွန်နဲ့ဆုံလို့ မဟုတ်လား ... "

"ဟဲဟဲ ... သိလည်း မသိချင်ယောင်ဆောင်နေလေကွာ"

"ဖြူ့မွေးနေ့ဆိုတာကတော့ ဟုတ်ပါပြီ ... ဖြူက မနက်ဖြန်အားပါ့မလား၊ မေ့တောင်မေ့နေပြီလား မသိဘူး"

"မေ့လည်း ညနေကျရင် ငါတို့စုပြီး သူ့တိုက်ကိုသွားမယ်ကွာ ... မင်းသိတယ် မဟုတ်လား"

"မနေ့ကတော့ တိုက်ရှေ့ထိ လိုက်ပို့ပေးလိုက်တာပဲ ... အခန်းတော့ မသိဘူး"

"မေးလိုက်ရင်ရမှာပဲ ... ဒါမှမဟုတ် တိုက်နားက လက်ဖက်ရည်ဆိုင်ကနေ စောင့်နေလည်း ဖြစ်တာပဲဟာ"

"အေးလေ ... ငါ မျိုးဇာအိမ်မှာပဲ စောင့်နေမယ်၊ မင်းလာခဲ့လိုက် ... "

"အေး ... ခင်စုမွန်ကို ဖုန်းဆက်လိုက်ရင် နိုင်ရည်ပွင့်ပါ ပါလာမှာပဲ"





"အိုကေ ... ဒါဆို မနက်ဖြန် လေးနာရီလောက်စောင့်နေမယ်"

သုတ ခေါင်းညိတ်ပြလိုက်သဖြင့် ချမ်းငြိမ်းကို စဉ်းစားလိုက်၏။ ဖြူနှင်းသက်ကို မွေးနေ့လက်ဆောင်မပေးဖြစ်ခဲ့သည့်အချိန်ကား ဘာလိုလိုနှင့် သုံးနှစ်လောက်ပင် ရှိနေလေပြီ။ ဖြူနှင်းသက်ကို အပေးချင်ဆုံးသော လက်ဆောင်ကို ထုတ်ပေးရန် အချိန်ကျနေပြီဖြစ်သဖြင့် မနက်ဖြန်ကို လျင်မြန်စွာ ရောက်ချင်လာလေပြီ။ လက်ဆောင်ပေးရင်း ဖွင့်ပြောရရင် ကောင်းမလားဟုတွေးရင်း ပြုံးလိုက်၏။

"ဘာလုပ်တာလဲ ... လက်ကိုလွှတ် ... "

ချမ်းငြိမ်းကိုက ခင်နန်းထွေးလက်ကို လွှတ်ချလိုက်ပြီး ဘေးဘီကြည့်ကာ ...

"တိုးတိုးပြောစမ်းပါ ... မင်းကို ရောင်းမစားပါဘူး"

"ဘာလို့ လက်ကြီးဆွဲပြီးခေါ်လာသလဲ ... ကျူရှင်ရှေ့ကြီးမှာ ငြိမ်းလည်း တွေ့သွားပြီ ... "

"တွေ့လည်း ဘာဖြစ်လဲကွာ ... မင်းကို အကူအညီတောင်စရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ဖြည်းဖြည်းသက်သာပြောပါလား၊ အဲဒါကြောင့် ရှင်နဲ့ Peace မယူချင်တာ"

"ကဲ ... ကဲ ... ငါမှားသွားတယ်၊ ရပြီလား ... အခုလော လောဆယ် ငါနဲ့ရွှေဆိုင်ကို လိုက်ခဲ့"

"ဘာကိစ္စလဲ ... "

"မင်းကို လက်စွပ်ရွေးခိုင်းမလို့"

"တကယ် ... "

"တကယ်ပေါ့ ... တကယ်မို့လို့ ကျုပ်ရှင်ထိ လာခေါ်တာပေါ့"

"ရှင်က ဒီလိုကျတော့လည်း ဘယ်ဆိုးလို့တုန်း"

"ပြောသားပဲ ငါက မဆိုးပါဘူးဆို ... "

ချမ်းငြိမ်းကိုနှင့်အတူ ခင်နန်းထွေးတစ်ယောက် ရွှေဆိုင် ရောက်သည်နှင့် စိတ်ကြိုက်ရွေးရင်း အဆုံးတွင် ကျောက်တစ်လုံး နှင့် လက်စွပ်ကိုကြည့်ကာ ...

"ဟယ် ... အဲဒါလေး လှတယ် ... "

"ဟုတ်လား ... မင်းဝတ်ကြည့်စမ်း ... "

ခင်နန်းထွေးက သွက်လက်စွာ ဝတ်လိုက်ပြီး ...

"လှတယ်တော့ ဘယ်လောက်လဲဟင် ... "

"တွက်ကြည့်ပေးမယ်နော်"

ဆိုင်ရှင်က တွက်ချက်ကြည့်ပြီးသောအခါ ...





"ခြောက်သောင်းခွဲလောက်ကျမယ် ညီမလေး"

ခင်နန်းထွေးက ချမ်းငြိမ်းကိုကို လှည့်ကြည့်သဖြင့် ချမ်းငြိမ်း ကိုက ...

"အဲဒါယူမယ် အစ်မ ... "

"ဟုတ်ပြီ မောင်လေး ... "

ချမ်းငြိမ်းကို ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံများကိုရေနေတုန်း ခင်နန်းထွေးတစ်ယောက် လေသံခပ်တိုးတိုးဖြင့် ပြော၏။

"ရှင် ဘယ်ကပိုက်ဆံတွေရလာတာလဲ ... ငွေတိုးချေးစား တာလား"

"ဘာကွ ... ရုပ်ကိုကြည့် ... မတရားအတိုးယူပြီး ကြီးပွား ချင်တဲ့ရုပ် မဟုတ်ဘူး ... ဒါ ဟိုအရင်ကတည်းက စုထားတာလေး တွေ သဘောပေါက် ... "

"ဟဟ ... ရှင်က ယောက်ျားဖြစ်ပြီး ငွေစုတတ်သားပဲ"

"ဟ ... ယောက်ျားဖြစ်ရင် ငွေမစုရဘူးလား"

"ရှင်ကလဲ ... ယောက်ျားလေးတွေက အပေါင်းအသင်းမက် တယ်လေ ... အပေါင်းအသင်းတွေနဲ့တွေ့ရင် ရှိသမျှပြောင်တာပဲ မဟုတ်လား"

"မထင်နဲ့ မမလေး ... ကျွန်တော်တို့ယောက်ျားလေးတွေ က အပေါင်းအသင်းပဲမက်တာ မမတို့လို ခေတ်ပေါ်အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



တွေနောက်ကို လိုက်ဖို့နှမြောတယ် ... အဲဒါကြောင့် အလဟဿ မဖြစ်ရအောင် စုထားတာ ရှင်းလား ... ”

“ဟွန်း ... ”

ချမ်းငြိမ်းကိုက ပိုက်ဆံရှင်းလိုက်ပြီး ...

“အစ်မ ... လက်စွပ်ထည့်တဲ့ဗူးရှိရင် တစ်ခါထဲထည့်ပေး လိုက်ပါနော်”

“ဗူးက သပ်သပ်ရောင်းတာ မောင်လေး ... ”

“ဝယ်မယ် အစ်မ ... ”

ခင်နန်းထွေးက ချမ်းငြိမ်းကိုကြည့်ကာ ...

“ရှင်ကလည်း ကျွန်မက သိမ်းမထားပါဘူး၊ လက်မှာပဲဝတ် ထားမယ့်ဥစ္စာ ... ဗူးကြီးက မလိုပါဘူး”

“ဘာကိုလဲ ... ”

“လက်စွပ်လေ ... ဗူးမပါလည်း ရတယ်လို့ ... ”

“မင်းကိုပေးမယ်လို့ ပြောမိလို့လား”

“ဘာ ... ”

“အင်းလေ ... ငါပြောမိလို့လား”

“ရှင်ပဲ ကျွန်မစိတ်ကြိုက်ရွေးဆို ... ”

“ဟုတ်တယ်လေ ... မင်းတို့မိန်းကလေးတွေ အကြိုက်ကို ငါက ဘယ်လိုလုပ်သိမှာလဲ ... ”





“ဒါဖြင့် ဘာလို့လက်မှာစွပ်ကြည့်ခိုင်းလဲ ... ”

“မင်းလက်နဲ့ ငါ့ကောင်မလေးလက်က ရွယ်တူလောက်ပဲ ရှိတာ ... တော် မတော် စမ်းဝတ်ကြည့်ခိုင်းတာလေ ဘာဖြစ်လို့လဲ”

“တော်တော်အကျင့်မကောင်းတဲ့လူ ... ”

“ဟာ ... ဟေ့ ... ”

ခင်နန်းထွေး ရှေ့မှထွက်သွားသဖြင့် ချမ်းငြိမ်းကို ကျန်ရစ်ခဲ့၏။ တော်တော်ကြာသည်အထိ ကားဂိတ်တွင် ခင်နန်းထွေးတစ်ယောက် နှုတ်ခမ်းထော်ကာ ခြေချင်းလိမ်မတတ် စိတ်ကောက်နေပုံရသဖြင့် ချမ်းငြိမ်းကို သက်ပြင်းချလိုက်ပြီး ... ခင်နန်းထွေးဘေးတွင် ရပ်လိုက်၏။ ပြီးမှ ... ခင်နန်းထွေးကို မကြည့်ဘဲ ...

“ရော့ ... ”

“ဘာလဲ ... ”

“ယူလေ ... ”

“ဘာကြီးလဲ ... ”

“သိချင်ရင် ဖွင့်ကြည့်ပေါ့ ... မင်းနဲ့တူလို့ဝယ်လာတာ”

ချမ်းငြိမ်းကို လှမ်းပေးသော စက္ကူအိတ်ကို ခင်နန်းထွေးယူလိုက်သည်နှင့် ချမ်းငြိမ်းကို ဘတ်စ်ကားပေါ်တက်လိုက်၏။ ပြတင်းပေါက်တွင် ထိုင်လိုက်ပြီး ခေါင်းပြူကာ ...

“မင်းနဲ့တကယ်တူတာသိလား ... စိတ်မဆိုးနဲ့ ငါတို့ Peace



www.burmeseclassic.com

www.burmeseclassic.com



ယူထားတယ်လေ ... သွားစရာရှိလို့ လိုက်မပို့ပေးတော့ဘူး"

ချမ်းငြိမ်းကိုက ကားထွက်သွားသည်အထိ စကားပြောသွားသဖြင့် ကားထွက်သွားမှ ခင်နန်းထွေး မျက်စောင်းထိုးလိုက်ပြီး အိတ်ကိုဖွင့်ကြည့်၏။ စက္ကူအိတ်ထဲမှ tweety အရုပ်က ခင်နန်းထွေးကို စိတ်ပြေသွားစေသဖြင့် အရုပ်၏နှုတ်သီးကို လိမ်ဆွဲလိုက်ပြီး ...

"ငါ့ကို ဒီ tweety နဲ့ လာနှစ်သိမ့်နေတာပေါ့လေ ... ပြန်လာမှ တွေ့ဦးမယ် ... ဟွန်း ... Peace ယူထားလို့ ကံကောင်းသွားတယ်မှတ် ... "

နွယ်နွယ်ဝင်းတစ်ယောက် မန်နေဂျာရုံးခန်းထဲမှ ထွက်လာသည်နှင့် ဖြူနှင်းသက် စားပွဲရှေ့တွင် ရပ်လိုက်ပြီး ...

"မမဖြူ မန်နေဂျာခေါ်နေတယ်"

"ဘာကိစ္စများပါလိမ့် ... "

ဖြူနှင်းသက် စဉ်းစားရင်း မန်နေဂျာရုံးခန်းထဲသို့ ဝင်လိုက်သည်နှင့် အလုပ်ရှုပ်နေသော ညီမင်းထက်က ...

"ထိုင်လေ ဖြူ ... "

"ကိစ္စရှိလို့လား ဆရာ ... "





"ဆရာလို့ မခေါ်ပါနဲ့ဆို့မှ ခက်တော့နေပြီ"

"အကျင့်ပါနေလို့ပါ ... "

ညီမင်းထက်က စာရွက်များကို သိမ်းလိုက်ပြီး ဖြူနှင်းသက်ကိုကြည့်ကာ ...

"အကျင့်ပါနေရင်လည်း ပြင်ပေးပါဦး ... ကျွန်တော့်ကို ဆရာ ဆရာနဲ့ခေါ်နေတာ ဘယ်နှစ်နှစ်ရှိနေပြီလဲ ... ကျွန်တော်ကသာ ဖြူ့ကိုခင်တာ ဖြူက ကျွန်တော့်ကို ခင်ပုံမပေါ်ဘူးနော်"

"မဟုတ်ပါဘူး ဆရာ ... အလုပ်အတူတူလုပ်နေကြတဲ့သူတွေဆိုတော့ ... "

"နှစ်ယောက်ထဲရှိချိန်ဆိုရင်တော့ ကိုထက်လို့ပဲခေါ်လေ၊ ဒီလောက်ကတော့ ခေါ်ခွင့်ရမှာပါနော်"

"ဟုတ် ... အခု ကိစ္စရှိလို့လားဟင် ... "

ညီမင်းထက်က အံဆွဲထဲမှ ပစ္စည်းကို ဖြူနှင်းသက်ရှေ့သို့ ချပေးလိုက်ပြီး ...

"ဖွင့်ကြည့်လေ ... "

ဖြူနှင်းသက် မရဲတရဲနှင့် ဗူးလေးကိုဖွင့်လိုက်ရာ ပလက်တီနမ်လက်စွပ်လေးကို တွေ့လိုက်ရ၏။ အံ့ဩသင့်သွားသည့် မျက်လုံးများကြောင့် ညီမင်းထက်က ရယ်လိုက်ပြီး ...

"မလန့်သွားပါနဲ့ဗျာ ... ကျွန်တော် ဖြူ့ကိုလက်ထပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေတာ မဟုတ်ပါဘူး၊ ဒီနေ့ ဖြူ့မွေးနေ့မို့လို့ ဘတ်ဒေးပရဲ ဆန္ဒအနေနဲ့ ပေးတာပါ ... ”

“ဖြူ့မွေးနေ့အတွက်ဆို မယူပါရစေနဲ့ ... တန်ဖိုးကြီးတဲ့ ဓစ္စည်းဆို ဖြူ မယူရဲဘူး”

“ကျွန်တော် စိတ်မကောင်းဖြစ်အောင် လုပ်မလို့လား၊ အရင် နှစ်တွေက ဖြူ့မွေးနေ့ကို အကြောင်း အမျိုးမျိုးကြောင့် လက် ဆောင်ပေးခွင့်မရခဲ့ဘူးလေ။ ဒီတစ်ခါတော့ ကျွန်တော်ရဲ့ လက် ဆောင်ကို လက်ခံပေးပါနော်.. ကျွန်တော့်ကို အသိအမှတ်ပြုတယ် ဆိုရင်ပေါ့ ..”

ညီမင်းထက်က လက်စွပ်ကို ယူလိုက်ပြီး ဖြူနှင်းသက်၏ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ပေးလိုက်၏။ ဖြူနှင်းသက် လက် ကို မလွှတ်သေးဘဲ ..

“ ဒီလက်စွပ်ကို ဝတ်ထားနေသရွေ့ ကျွန်တော်တို့ ခင်နေ မယ်လို့ ယုံကြည်ထားတယ်၊ Birthday မို့ မုန့်မကျွေးချင်ဘူးလား”

“ ကိုထက် စားချင်ရင် ဖြူ ဝယ်ကျွေးမှာပါ ”

“ အမ်း .. တစ်ခုခုကို ဝယ်ကျွေးတာထက်စာရင် ကျွန်တော် တစ်ခုတောင်းဆိုလို့ရမလား ...”

“ဘာများလဲ”

“ကျွန်တော် ဖြူရဲ့ အိမ်ကို လိုက်ပြီး ကြည့်ချင်တယ်။ ဖြူ





သာ ဖြူ့အိမ်ကို ခေါ်သွားမယ်ဆိုရင် ရေပဲ သောက်ရသောက်ရ ကျေ နပ်ပါတယ် .. ဟို ကျွန်တော် တစ်ယောက်ထဲ လိုက်ဖို့ မသင့်တော် ရင် နွယ်နွယ်ဝင်းနဲ့ မောင်မောင်သက်ကိုပါ ခေါ်လာခဲ့လေ ... ။ ဒီ လောက်ကတော့ ကျွန်တော် နားလည်ပါတယ် ... ဘယ်လိုလဲ... ဖြူ့အိမ်ကို လိုက်ဖို့ ခေါ်မှာ မဟုတ်လား ”

ညီမင်းထက် အမေးကို ဖြူနှင်းသက် ခေါင်းညိတ်ပြလိုက် ပြီး လက်ကို ရုန်းကာ ထွက်လိုက်၏။ ညီမင်းထက်နှင့် ပတ်သက် သည့် စကားများကို ချမ်းငြိမ်းကို ပြောခဲ့သည့်အတွက် ဖြူနှင်းသက် စိတ်ထဲ မတင်မကျ ဖြစ်နေ၏။ ရုံးဆင်းချိန်ရောက်သည်နှင့် နွယ်နွယ် ဝင်းတို့ စုံတွဲက တက်ကြွနေကြပြီး ဖြူနှင်းသက် အဖို့တော့ စိတ် လေးနေဆဲ။ ညီမင်းထက်က ရုံးရှေ့ထိ ကားမောင်းလာခဲ့ပြီး ဖြူနှင်း သက်အိမ်သို့သွားရန် အားသန်နေ၏။ တိုက်ရှေ့ရောက်သည်နှင့် ကားကို ရပ်ထားလိုက်ပြီး ...

“ဖြူက ဒီမှာနေတာလား”

“အင်း ... ဟုတ်တယ် ဆရာ ... ”

“ခေါ်ပြန်ပြီ ... ”

ဖြူနှင်းသက်က ပြုံးလိုက်ပြီး တိုက်ပေါ်တက်သွားသည်နှင့် အခန်းရှေ့တွင် ငုတ်တုတ်ထိုင်နေကြသော ချမ်းငြိမ်းကို၊ သုတ မျိုးဇာ၊ ခိုင်ရည်ပွင့်နှင့် ခင်စုမွန်တို့ ငါးယောက်စလုံး မတိုင်ပင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ရပ်ဖြစ်ကြ၏။ မျိုးဇာက ဖြူနှင်းသက်ကို တွေ့သည်နှင့်။

"ဒေါ်ဖြူ ... ကျွန်တော်တို့စောင့်နေတာ လှေကားမှာ တောင် အမြစ်တွယ်နေပြီ သိလား ..."

ဖြူနှင်းသက်က ပြုံးလိုက်ပြီး ချမ်းငြိမ်းကိုကိုကြည့်ကာ မျက်နှာအနည်းငယ် မှိန်ဖျော့သွားပြီး နောက်မှတက်လာသော ညီမင်းထက်တို့ကို လှည့်ကြည့်၏။ ပြီးမှ တံခါးဖွင့်ကာ ...

"ရှင်တို့တွေ လာမယ်မှန်းသိရင် ဖြူက ကြိုလာမှာပေါ့ ... လာ ... အထဲဝင်ကြ ..."

ဖြူနှင်းသက်တံခါးဖွင့်လိုက်သည်နှင့် မျိုးဇာတို့ဝင်လိုက်ကြပြီး ချမ်းငြိမ်းကိုက ညီမင်းထက်ကို မျက်မှောင်ကြုတ်ကာကြည့်၏။ ညီမင်းထက်က ပြုံးပြသော်လည်း ချမ်းငြိမ်းကို မသိချင်ယောင်ဆောင်ကာ အထဲသို့ဝင်လိုက်၏။ ဧည့်ခန်းထဲရှိ ဆိုဖာတွင် မျိုးဇာတို့လေးယောက်နှင့်သာ ထိုင်ခုံပြည့်သွားသဖြင့် မျိုးဇာက မတ်တပ်ထရပ်လိုက်ပြီး ...

"ကြီးတော်တို့ ... ဘယ်လိုလဲ ..."

ခင်စုမွန်နှင့်နိုင်ရည်ပွင့်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ပြီး ...

"ကျွန်မတို့ပဲ ... အောက်ဆင်းထိုင်ပါ့မယ်ရှင် ..."

နှစ်ယောက်သား ပြိုင်တူပြောလိုက်ပြီး ကြမ်းပြင်တွင် ဆင်း





ထိုင်ကြ၏။ နွယ်နွယ်ဝင်းလည်း ခင်စုမွန်ဘေးတွင် ဝင်ထိုင်သည်နှင့် မောင်မောင်သက်ကပါ ကြမ်းပြင်ပေါ်တွင် ထိုင်လိုက်၏။ ထိုအခါ ညီမင်းထက်ကပါ မောင်မောင်သက်ဘေးတွင် ထိုင်မည်အလုပ် ဖြူနှင်းသက်က ...

"ကိုထက် ... ခုံမှာထိုင်လေ ... ကြမ်းပြင်ကြီးမှာ"

"ရတယ် ဖြူ ... အောက်မှာပဲထိုင်တော့မယ်"

ဖြူနှင်းသက်က အခန်းထဲမှ ဖျာကိုထုတ်ကာ ခင်းပေးသဖြင့် ချမ်းငြိမ်းကိုတစ်ယောက် ဖြူနှင်းသက်ကို သေသေချာချာကြည့်နေ၏။ ချမ်းငြိမ်းတို့ ကြည့်နေမှန်းသိမှ စိတ်ထဲပို၍ မလုံသလို ခံစားမိသဖြင့် ...

"ခင်စုတို့ ဖြူ ခေါက်ဆွဲကြော်ဖို့ လာဝိုင်းလုပ်ပေးဦး"

"အိုကေ ..."

ခင်စုမွန်က ဦးစွာထလိုက်ပြီး ...

"ဖြူနှင်း ... ခေါက်ဆွဲကြော်မှာဆိုတော့ အသားပါပါမှရမှာနော် ... ဝယ်ပြီးပြီလား ..."

"ဟင့်အင်း ..."

ဖြူနှင်းသက်က ခေါင်းခါပြလိုက်သဖြင့် နွယ်နွယ်ဝင်းက ...

"မမဖြူ ... နွယ်တို့သွားဝယ်ပေးမယ်"

"အဲဒါဆိုရင်တော့ ပိုအဆင်ပြေတယ်နွယ် ... ဒီလမ်းထိပ်က

www.burmeseclassic.com



နေ လျှောက်သွားလိုက် လေးလမ်းကျော်မှာ ညနေဈေးရှိတယ်၊ နှယ်ပဲ အဆင်ပြေသလို ဝယ်လာခဲ့နော် ... ဖြူ ပိုက်ဆံပေးလိုက်မယ်"

ဖြူနှင်းသက် ပိုက်ဆံပေးလိုက်သည်နှင့် နွယ်နွယ်ဝင်းနှင့်အတူ မောင်မောင်သက်ပါ ထွက်သွား၏။

မျိုးဇာနှင့်သုတက ခင်စုမွန်တို့နှင့်အတူ မီးဖိုချောင်ထဲဝင်သွားကြသဖြင့် ဧည့်ခန်းထဲတွင် ညီမင်းထက်နှင့် ချမ်းငြိမ်းကိုတို့ နှစ်ယောက်သာ ကျန်ခဲ့၏။

ချမ်းငြိမ်းကိုက ဆိုဖာခုံမှထကာ ဝရံတာဘက်သို့ ထွက်လာသဖြင့် ညီမင်းထက်ပါ ဝရံတာဘက် ထွက်လာကာ ...

"ကိုချမ်းငြိမ်းကို အလုပ်အဆင်ပြေရဲ့လား ... "

ညီမင်းထက် စကားစလိုက်သဖြင့် ချမ်းငြိမ်းကိုတစ်ယောက် မပြောချင်သော်လည်း ဖြူနှင်းသက် မျက်နှာနှင့်ပြောလိုက်ရ၏။

"အဆင်ပြေသလားဆိုတာထက် ခင်ဗျားကပိုသိမှာပေါ့"

"ကျွန်တော့်ကို အစာမကြေနေပုံပဲ ... ဒီလိုမှန်းသိရင် ကျွန်တော် အစကတည်းက အမှားပါတဲ့စကားလုံးမျိုး မသုံးသင့်ဘူး၊ စိတ်မရှိပါနဲ့ ... "

"ထားလိုက်ပါတော့ ... အလုပ်ကိစ္စကို ကျွန်တော်ခေါင်းထဲ ထည့်ထားတာမှ မဟုတ်တာ"





"ဒါဆို တခြားအကြောင်း ပြောင်းပြောရအောင်လား"

ချမ်းငြိမ်းကို စိတ်ထဲမှ ဖြူနှင်းသက်နှင့်ပတ်သက်သည့်မေးခွန်းများကို ညီမင်းထက် အန်ကျလာမည်ကိုတွေးထားနှင့်မိ၏။ ထင်သည့်အတိုင်း ...

"ဖြူနဲ့ခင်တာ ကြာပြီလား"

"ပြောရရင် ပိုတယ်ထင်မှာစိုးလို့ ကျွန်တော်တို့တစ်ဖွဲ့လုံးမူလတန်းထဲက ခင်လာကြတာ ... "

"သြော် ... ဖြူက ညီကို ပိုခင်သလိုပဲနော်"

"အရင်က တစ်လမ်းထဲနေခဲ့တာ"

"ဟုတ်လား ..., ဖြူ့အဖေနဲ့အမေက မန္တလေးမှာလို့ကြားတယ်"

"ဟုတ်တယ် ... ဖြူ ကျောင်းပြီးသွားမှ အိမ်ပြောင်းသွားကြတာ ... "

"ကျွန်တော်နဲ့ဖြူက မိတ်ဆွေဖြစ်တာ တစ်နှစ်တောင်မရှိသေးဘူး ... ဖြူ ကျွန်တော့်ဆီမှာ အလုပ်လုပ်နေတာတော့ ကျောင်းပြီးကတည်းကပဲ ... အခုမှ စကားပြောမိကြတာ၊ ဒါဆို ညီက ဖြူ့အကြောင်းကို ကျွန်တော့်ထက် ပိုသိမှာပဲ"

"သိတော့သိတယ် ... မသိတာလည်းရှိတယ် ... သူ့စိတ်ကိုကျွန်တော် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တတ်ပါတယ် ... အလုပ်ထဲမှာတော့ ဖြူကသဘော ကောင်းတယ်၊ ရိုးတယ်၊ အေးတယ် ... တည်ငြိမ်မှုလည်းရှိတယ်"

"အလုပ်ထဲမှာမှ မဟုတ်ဘူး ... ဖြူက ဟိုအရင်ကတည်းက လူမြှေရတာ"

"ထင်ရပါတယ် ... ဖြူက နူးညံ့တယ် ... "

ညီမင်းထက်ကို ချမ်းငြိမ်းကို စောင်းကြည့်၏။ ဖြူနှင်းသက် နှင့်ပတ်သက်ပြီး နူးညံ့ညံ့၊ ကြမ်းထော်ထော် သူလိုလူမျိုး၏နှုတ်ထွက် စကားကို မိမိနားက သိပ်လက်မခံချင်။

ခဏအကြာ ချမ်းငြိမ်းကို ဝရံတာအောက်ဘက်သို့ ငုံ့အကြည့် ခင်နန်းထွေးကိုမြင်သဖြင့် မျက်လုံးအစုံ ပြူးကျယ်သွားတော့သည်။

အခန်း (၁၀)

ချမ်းငြိမ်းကို မီးဖိုချောင်ထဲ ပြေးဝင်လိုက်ပြီး ...

"ဖြူ ... ဖြူ ... "

အလန့်တကြားအော်သံကြောင့် မျိုးဇာတို့ လှည့်ကြည့်ကြ ၏။ သုတက ...

"ဟော့ကောင် ဘာဖြစ်နေတာလဲ တဖြူဖြူနဲ့ ... "

"မေးစရာရှိလို့ ... ဖြူ ... ညွှေသည်လာဖို့ရှိသေးလား"

ချမ်းငြိမ်းကို အမေးကို ဖြူနှင်းသက် စဉ်းစားနေပြီးမှ ...

"သေချာတော့မသိဘူး ... ဖြူ့သူငယ်ချင်း ခင်နန်းထွေး လာချင်လာမယ်ထင်တယ်"

"ခင်နန်းထွေး ... "

မျိုးဇာနှင့်သုတတို့ ပြိုင်တူအော်လိုက်သဖြင့် ဖြူနှင်းသက် ကြောင်သွား၏။ ခင်စုမွန်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်တို့အသိလား ..."

ခင်စုမွန့်အမေးကို မဖြေသေးဘဲ မျိုးဇာက မထူမပါးပုံစံနှင့် ခေါင်းသုံးလိုက်တော့၏။

"ငါ့ကောင်မလေးရဲ့ သူငယ်ချင်းဟ ..."

"အဲဒါ ဘာဖြစ်လဲ ..."

နိုင်ရည်ပွင့် အမေးဖြစ်၏။ မျိုးဇာက ချမ်းငြိမ်းကိုကို လှည့်ကြည့်လိုက်ပြီး ...

"အဲဒီကောင်မလေးနဲ့ပြတ်သွားတော့ ခင်နန်းထွေးက ချမ်းငြိမ်းကို အစာမကြေဘူး ... ချမ်းငြိမ်းကြောင့် ပြတ်သွားတယ် ထင်နေတာ ..."

မျိုးဇာစကားကို ချမ်းငြိမ်းကိုက ခေါင်းညိတ်ထောက်ခံလိုက်ပြီး ...

"ဟုတ်တယ် ... ဟုတ်တယ် ..."

"အဲဒီတော့ ..."

ခင်စုမွန်က မျက်ခုံးပင့်ပြီး ပြောလိုက်သဖြင့် မျိုးဇာက ...

"ချမ်းငြိမ်းနဲ့ထိပ်တိုက်တွေ့လို့ မဖြစ်ဘူး၊ ဖြူနှင်း ... ဒီကောင့် ကို နင့်အခန်းထဲမှာ ဝှက်ထားလိုက် ..."

မျိုးဇာ၏ အကြံကြောင့် ဖြူနှင်းသက်နှင့်အတူ ချမ်းငြိမ်းကိုပါ မျက်လုံးပြူးသွား၏။ တံခါးခေါက်သံကြားရသဖြင့် မျိုးဇာက ချမ်း





ငြိမ်းကိုကို ဖြူနှင်းသက် အခန်းထဲသို့ တွန်းပို့လိုက်ပြီး လေသံတိုးတိုးဖြင့် ...

"အဲဒါ ... ရှော့နော် ... ငါပြောသလိုလုပ် ... အထဲက ဂျက်ချထား ..."

"အေး ..."

လောလောဆယ် ဖြူလည်းသိလို့မဖြစ်သေးသလို ခင်နန်းထွေးသိလို့လည်း မဖြစ်သေးဘူး။

ခင်နန်းထွေးဆိုတဲ့အမျိုးက စောစောထဲက ပြောသလို မလွယ်တဲ့ အမျိုးပါဆို။ တော်ကြာ ကိုယ့်ကို အခဲမကြေတာနဲ့ဘဲ ဖြူ့ရှေ့မှာ အိုဗာလုပ်ပြီး 'ဒါ ကျွန်မယူမယ့် ယောကျ်ားပါ'ဆိုရင် အဲဒီနေရာမှာတင် ချမ်းငြိမ်းကို လျှာကိုက်ပြီး ဂန်းဖို့ပဲ ကောင်းတော့မည်။

ခက်တာက ဟိုလူ မန်နေဂျာက လူစုံမှ 'ကိုချမ်းငြိမ်းကို'ရော ဆိုရင် ပွဲကတော့လုပြီ။

ဒါပေမဲ့ ပြဿနာမရှိပါဘူး။ ဒဿဂီရိမျိုးဇာ ရှိသည်။ မျိုးဇာက ဒါမျိုးကျရင် ဒဿဂီရိဘီလူးလို ခေါင်းဆယ်လုံးမက အကြံဉာဏ်ထွက်သည်။ ဒီလောက် ခေါင်းပြေးတဲ့ မျိုးဇာသာ မိန်းကလေး ဖြစ်ကြည့်ပါလား။ ကိုကိုတွေ မောင်မောင်တွေ လံကွတ်တီဝတ်ပြီး 'အဘား' အော်ပြေးရမည်။ လည်လွန်း၍ ဖွင့်ဆိုခြင်းမျှသာ။

www.burmeseclassic.com



လောလောလတ်လတ်တော့ ကိုရီးယားက ချွေးထုတ်ခန်းကို ရောက်နေသလိုပ် ယပ်ခတ်စရာ ယပ်တောင် မရှိတာနဲ့ ဖြူနှင်းသက်စားပွဲကစာအုပ်ကိုယူပြီး ယပ်ခတ်နေလိုက်သည်။ ညှော်ခန်းနဲ့ ဖြူနှင်းသက်အခန်းက နံရံပဲခြားတာဆိုတော့ လေလည်တာကအစ ကြားရသည်။

နံရံနား အသာလေးကပ်ပြီး နားထောင်နေလိုက်သည်။

"မမဖြူ ... နန်း နောက်မကျသေးပါဘူးနော် ... "

"နောက်မကျသေးပါဘူးနန်းရဲ့ ... လာ ... ဖြူ့သူငယ်ချင်းတွေ ရောက်နေကြတယ် ... အထဲမှာဝင်ထိုင်လေ ... "

ခင်နန်းထွေးက ဖြူနှင်းသက်ကို လေသံတိုးတိုးဖြင့် ...

"မမဖြူ ... နန်း အကျီလဲမလို့ ... "

"လဲလေ ... နန်းရဲ့ ... "

ဖြူနှင်းသက်ကို မျိုးဇာက ဆွဲဆိတ်လိုက်သဖြင့် တစ်ချက်တွန့်သွားပြီး အခန်းထဲမှ ချမ်းငြိမ်းကို သွားသတိရ၏။ ထို့ကြောင့် ခင်နန်းထွေးလက်ကို အမိအရပြေးဆွဲရင်း ...

"နန်း ... ရေချိုးခန်းထဲမှာ လဲလိုက်လေ နော် ... "

"အခန်းထဲမှာပဲ လဲတော့မယ်လေ ... "

"ဟိုဟာလေ ... အခန်းထဲမှာက ... "

ဖြူနှင်းသက် စကားထစ်နေသဖြင့် မျိုးဇာက ...





"အဲဒီအခန်းထဲမှာ ကျွန်တော့်ရဲ့ ဒိဘာမင်ကြီး ခဏထည့်ထားလို့ ... ဒီကောင်က ကိုက်ရင် ဆွဲခါပလိုက်တာ"

"အမလေး ... "

ခင်နန်းထွေး လန့်သွားပြီး ရေချိုးခန်းထဲ ပြေးဝင်သွား၏။ အခန်းထဲမှ ချမ်းငြိမ်းကိုတစ်ယောက် မျိုးဇာကို ဒေါသူပုန်ထနေတော့သည်။

လွှတ်ခနဲ ပြောစရာစကားမရှိသဖြင့်ပြောချင်ရာပြောချလိုက်သော မျိုးဇာစကားကို ဖြူနှင်းသက် ရယ်လိုက်ပြီး ...

"နင့်ကို ဟိုကထုလိမ့်မယ် ... သူ့ကို ဒိဘာမင်လို့ပြောရမလားဆိုပြီး ... "

"အဟဲ ... ငါလည်း ပါးစပ်ထဲရှိတာ ပြောလိုက်တာပဲ ... ဒီကောင့် ပြဿနာလေ ... "

"အေးပါ ... ခင်စုတို့ကို ဝိုင်းလုပ်ပေးဦး ... "

ထိုအချိန်တွင် နွယ်နွယ်ဝင်းတို့ စုံတွဲရောက်လာသဖြင့် မီးဖိုချောင်ထဲတွင် လူစုံသွား၏။ ခင်နန်းထွေးက ရေချိုးခန်းထဲမှ ထွက်လာကာ ...

"ချွေးကို ဘာကိစ္စနဲ့ခေါ်လာရတာလဲ ... "

မျိုးဇာက မဖြေသေးဘဲ ခေါင်းကြီးငုံ့ကာ ...

"ဒီကောင်ကြီးက ကျွန်တော့်ကိုသိပ်ချစ်တာ၊ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွဲနေချင်တဲ့ကောင် မဟုတ်ဘူး ... ဖြူနှင်းတို့ကိုလည်း ခင်နေတာနဲ့ ခေါ်လာလိုက်တာ ... "

"ပွဲနဲ့ ... "

ခင်နန်းထွေးက မီးဖိုချောင်ထဲမှအထွက် မျိုးဇာကို တစ်နေ့နေရာမှာ မြင်ခဲ့ဖူးသလို ဝါးတားတားဖြစ်နေ၏။ ဆက်မစဉ်းစားတော့ဘဲ ဧည့်ခန်းထဲတွင် အဝတ်ထုပ်ကိုသွားအယူ ဝရံတာမှ ညီမင်းထက်နှင့် မျက်လုံးချင်းဆုံမိကြ၏။ ညီမင်းထက်က ပြုံးလိုက်ပြီး ...

"ငွေစာကိုး ... "

"ဘာငွေစာလဲ ... "

"ဂျိုမတပ်လာဘူးလား"

"ဂျိုတော့မပါဘူး ... ခွားတိုတော့ပါတယ်"

"ဘာလဲ ... ခဲတံချွန်ဖို့လား ... "

"ရှင့်ကိုထိုးဖို့ ... အကောင်သေးလို့ အထင်မသေးလိုက်နဲ့ ကျွန်မက မွေ့ပွေးထက်ဆိုးတယ်"

"ဟဟ ... စိတ်ဆိုးတတ်သားပဲ ... "

ညီမင်းထက် ရယ်လိုက်သဖြင့် ခင်နန်းထွေး မျက်စောင်းထိုးကာ မီးဖိုချောင်ထဲသို့ ဝင်လာလိုက်၏။

အခန်းထဲမှ ချမ်းငြိမ်းကိုတစ်ယောက် ချွေးတလုံးလုံးနှင့် မိုးနားထောင်နေရင်း ခေါင်းကိုက်လာသည်။ အပေါ်အင်္ကျီချွတ်ကာ





ချွေးများကို သုတ်နေတုန်း တံခါးဖွင့်လိုက်သဖြင့် လန့်သွား၏။

ဝင်လာသူက မျိုးဇာ ...

"အဟိုး ဟိုး ဟိုး ... "

သွားဖြဲရယ်ရင်း မျိုးဇာက တံခါးကို ပြန်ပိတ်လိုက်ပြီး ...

"ဘယ်လိုလဲ ... ဘုမ္မာဝတီအရှုပ်တော်ပုံကမှ ဖြေရှင်းလို့ရသေးတယ် ... မင်းအရှုပ်တော်ပုံက ကျိုင်ပဲ ... "

"ခွေးသား ... အခန်းထဲမှာပူလို့သေတော့မယ် ... ငါ့ကို မီးသွေးဖုတ်တဲ့ ဂိုဒေါင်ထဲ ထည့်ထားတာကမှ မဲပြီး မီးသွေးဖြစ်လာဦးမယ်"

"သည်းခံပါကွာ ... အဲဒါတွေကိုတွေးမိလို့ မင်းအတွက် Selfservice aircon ယူလာတယ်"

မျိုးဇာက ခါးကြားထဲထိုးလာသော ယပ်တောင်ကိုလှမ်းပေးသဖြင့် ချမ်းငြိမ်းကို ယူလိုက်ပြီး ...

"ဒီအခန်းထဲမှာ ဖြူတော့ ဘယ်လိုအိပ်သလဲ မပြောတတ်ဘူး၊ ငါတော့ ဒီလိုအခန်းထဲမှာ ဝင်အိပ်ရရင် လျှာကိုက်ပြီး သေမိလိမ့်မယ်"

"ကဲ ... အခု ဘယ်လိုစခန်းသွားကြမလဲ ... "

"အဲဒါ နောက်မှစဉ်းစား ... လောလောဆယ် ... ငါဗိုက်ဆာလို့ အူလိမ်နေပြီ ... ကြာရင် အဆာလွန်ပြီး သေမလားဘဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ စိတ်ချ ... ငါ့တစ်သက်နဲ့တစ်ကိုယ် အဆာလွန်ပြီး သေတဲ့မသာရယ်လို့ မကြားဖူးသေးဘူး ... ခဏစောင့် ... အခြေအနေကောင်းရင် ဖြူ့ကိုလွှတ်လိုက်မယ် ..."

"မလွှတ်နဲ့လေ ... ငါ ဒီမှာပူလွန်းလို့ အင်္ကျီချွတ်နေတာ"

"ပြန်ဝတ်ထားပေါ့ကွာ ... အခန်းထဲမှာ မှောင်နေပြီ၊ မီးဖွင့်လိုက် ..."

မျိုးဇာက ပြောချင်ရာပြောကာ ထွက်သွားသဖြင့် ချမ်းငြိမ်းကို ခေါင်းကို အားရပါးရ ကုတ်လိုက်ရ၏။

ခဏအကြာ ဖြူနှင်းသက် တစ်ယောက် ခေါက်ဆွဲကြော်ပန်းကန်ကိုင်ရင်း ဝင်လာသဖြင့် ချမ်းငြိမ်းကိုအင်္ကျီကို ဖြစ်သလို ဝတ်လိုက်၏။ သေချာကြည့်မှ အင်္ကျီက ပြောင်းပြန်ကြီးဖြစ်နေသော်လည်း ပြန်ဝတ်မနေတော့။

ဖြူနှင်းသက်က ပန်းကန်ကို စားပွဲပေါ်တင်လိုက်ပြီး ...

"ငါ့မွေးနေ့မှာ နင့်ကို ဒီလိုကြီးကျွေးရတာ အားနာလိုက်တာ"

"ရပါတယ် ဖြူရာ ... ငါကိုက ပြဿနာရှာမိတာပဲ ..."

"ငါ့အခန်းက ပူတယ်ဟ ... အဲကွန်းကလည်း မတပ်နိုင်ပါဘူး"

"ယပ်တောင်ရှိနေတာပဲ"





"ခဏနေ စားသောက်ပြီးရင် ခင်နန်းထွေးကပြန်တော့မှာပါ ... အဲဒီကျမှ နင်ထွက်လာခဲ့လေ နော် ... မျိုးဇာက နင်ဆာနေပြီဆိုလို့ ... ငါ ခေါက်ဆွဲကြော်ယူလာတာ၊ ငါသွားတော့မယ်"

"ခဏလေး ... ဖြူ ..."

ဖြူနှင်းသက် မတ်တပ်ရပ်လိုက်သည်နှင့် ချမ်းငြိမ်းကိုက ...

"နင့်ကို ..."

"ဘာလဲ ချမ်းငြိမ်းကို ..."

ချမ်းငြိမ်းကို ဘောင်းဘီအိတ်ထဲမှ လက်စွပ်ဗူးကို မထုတ်ရသေးဘဲ ဖြူနှင်းသက်လက်မှ လက်စွပ်ကို တွေ့သွား၏။

"ဖြူ ... လက်စွပ်က ..."

ဒီတော့မှ ဖြူနှင်းသက်က လက်စွပ်ကို တစ်ဘက်မှလက်နှင့်အုပ်လိုက်ပြီး ...

"ကိုညီမင်းထက် ပရဲဆန့် ပေးထားတာ၊ ငါမယူဘူးဆိုလည်း မရဘူး ... အတင်းပဲ ဝတ်ပေးလိုက်တာ"

"သြော် ..."

"နင် ဘာပြောမလို့လဲ ..."

"ဘာမှမဟုတ်ပါဘူး ... ခင်နန်းထွေးပြန်ရင် ငါ့ကိုလာပြောလို့ ပြောမလို့ပါ ..."

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင်းသက် ထွက်သွားသည်နှင့် ချမ်းငြိမ်းကို လက်စွပ်ဗူးကို ထုတ်ကြည့်ရင်း ...

"သူကိုယ်တိုင် ဝတ်ပေးတာတဲ့လား ... ဒါကြောင့် နင့်ကို နူးညံ့တယ်လို့ပြောတာဖြစ်မယ် ... ငါမကိုင်ရက်တဲ့လက်ကို နောက်ဆုံးတော့လည်း ... "

ချမ်းငြိမ်းကို ဆက်မတွေးတော့ဘဲ သက်ပြင်းချလိုက်၏။ ညှော်ခန်းထဲတွင် ချမ်းငြိမ်းကိုမှလွဲ၍ ခေါက်ဆွဲကြော် စားနေကြ၏။ ခဏနေမှ မောင်မောင်သက်က ...

"ဟိုလူရော ... "

"ဘယ်သူလဲ ... "

မောင်မောင်သက် အမေးကို မျိုးဇာက ဘယ်သူလဲဟု ပြောရင်း ချမ်းငြိမ်းကိုကို သတိရမိ၏။ ထိုတော့မှ ...

"သြော် ... အခန်းထဲမှာ ... "

ခင်နန်းထွေးက မျိုးဇာကိုကြည့်ကာ ...

"နာမည်က ဘယ်လို ... "

"ဟိုလူလေ ... ဟိုလူ ... အဟဲ ... ခုခေတ်က ကိုရီးယား ကားတွေခေတ်စားတာဆိုတော့ ချောင်ဟိုလူဆိုပြီး နာမည်ပေး ထားတာ"

မျိုးဇာက မပေါ်အောင် ဖုံးဖိပြောနေသဖြင့် ခိုင်ရည်ပွင့်တို့





ပြုံးကြ၏။ ခင်နန်းထွေးက ...

"ငြိမ်တယ်နော် ... "

"အင်း ... အရိုးကိုက်နေလို့"

"ဟုတ်လား ... တစ်ခါမှမမြင်ဖူးဘူး ... ကြည့်ချင်တယ်"

ခင်နန်းထွေးစကားကြောင့် ဖြူနှင်းသက်ပါ မျက်လုံးကျယ် သွား၏။ မျိုးဇာက ...

"အာ ... ကြည့်လို့မရဘူး"

"ဘာလို့လဲ ... ကိုက်တတ်လို့လား ... "

ခင်နန်းထွေးစကားကို မောင်မောင်သက်က ရယ်လိုက် ပြီး ...

"ဘယ့်နှဲ့ကိုက်တတ်ရမှာလဲ ... ခွေးမှမဟုတ်တာ ... "

"ဟင် ... "

ဖြူနှင်းသက်က နှယ်နှယ်ဝင်းကို မျက်ရိပ်ပြလိုက်သဖြင့် နှယ် နှယ်ဝင်းက မောင်မောင်သက်ပေါင်ကို ဆွဲလိမ်လိုက်၏။ မောင် မောင်သက်စကားကို ပြန်ဖြည်သူက မျိုးဇာ။

"အဟား ... ဟုတ်တယ် ... ဒီကောင်က ခွေးမဟုတ်ဘူး"

"ဒါဖြင့် ဘာကောင်ကြီးလဲ ... "

"ဝက်ဝံ ... "

"ပြောတော့ ဒို့ဘာမင်ဆို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒါလား ... ဒိုဘာမင်နဲ့ဝက်ဝံကို စပ်ထားတာလေ"

"အဆန်းပဲ ... ပိုတောင်ကြည့်ချင်လာပြီ ... "

"သူက ကောင်မလေးတွေကို ကြောက်တတ်တယ် ... စိတ်ဆိုးရင် မျက်နှာတစ်ပြင်လုံး နီရဲလာပြီး တွေ့ရာလိုက်ကိုက်တတ်တာ"

"ဟယ် ... မကြောက်ဘူးလား"

"မကြောက်ပါဘူး ... ငယ်နိုင်လေ ... "

ခင်နန်းထွေး နားလည်အောင် ကွေ့ပတ်ရှင်းပြမှ ဒိုဘာမင်ကိစ္စက ပြတ်တော့၏။

စားသောက်ပြီးချိန်တွင် မျိုးဇာမှလွဲ၍ အားလုံး ပြန်သွားကြ၏။ ထိုအခါမှ ဖြူနှင်းသက်က အခန်းတံခါး မြေးဖွင့်ပြီး ...

"ချမ်းငြိမ်းကို ထွက်လို့ရပြီ"

ဒီတော့မှ ချမ်းငြိမ်းကို အကြောဆန့်လိုက်ပြီး ဖြူနှင်းသက်ရှေ့တွင် မခံစားရသလို ပုံစံဖြင့် ...

"ပူလို့သေတော့မယ်ဟာ ... ဟိုကောင် ငါ့ကိုပြောတာကြည့်စမ်း ... ရစရာကို မရှိတော့ဘူး"

ချမ်းငြိမ်းကိုက မျိုးဇာကို လက်သီးနှင့်ဟန်ပြထိုးလိုက်သဖြင့် ဖြူနှင်းသက် ရယ်လိုက်ပြီး ...

"ရှစ်နာရီ ထိုးတော့မယ် ... "





"အေး ... ငါတို့ပြန်တော့မယ် ဖြူနှင်း ... "

မျိုးဇာက နှုတ်ဆက်လိုက်သဖြင့် ချမ်းငြိမ်းကို နေခဲ့ချင်သော်လည်း နေခဲ့ဖို့ မဖြစ်နိုင်မှန်း သိနေ၏။ ထို့ကြောင့် ငြိမ်သက်စွာ တိုက်အောက်သို့ ဆင်းလာလိုက်ပြီး မျိုးဇာကို ကားဂိတ်သို့လိုက်ပို့ပေး၏။ မျိုးဇာက ...

"မင်း ရုပ်ပြာလေးက တကယ့်မလွယ်ကြောလေးပဲ ... မြွေဆိုတာတောင် ဒင်းက ဘာမြွေလည်းဆိုတာ လှပ်ကြည့်ချင်သေးတယ်"

"သူက အဲ့လိုပဲ ... "

"မင်း ဖြူနှင်းသက်ကို လက်ဆောင်ပေးခဲ့လား ... "

ချမ်းငြိမ်းကို ပြုံးလိုက်ပြီး ဘောင်းဘီအိတ်ထဲမှ လက်စွပ်ဗူးကို ထုတ်ပြသည်။

"မပေးရသေးဘူးလား ... သွားပေးလေကွာ"

"နေပါစေတော့ ... ငါပေးမယ်ဆိုရင်တောင် သူ့မှာဝတ်ဖို့နေရာရှိတော့မှာမဟုတ်ဘူး"

"ဘာလို့လဲ ... ဟိုလူက မင်းအကြံကို ဦးသွားပြီလား"

"ဟုတ်နိုင်တယ် ... "

"သူပေးလည်း ဘာဖြစ်လဲကွာ ... ဖြူနှင်းသက်မှာ လက်နှစ်ဖက်ရှိတာပဲ ... ဘယ်တစ်ကွင်း ညာတစ်ကွင်းဝတ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရည်းစားကျမှ ဘယ်တစ်ကွင်း ညာတစ်ကွင်းဝတ်နိုင်း"

"အံ့ရောကွာ ... ဟိုငယ်ငယ်လေးကတည်းက မင်းကြိတ်ကြိတ်နေတဲ့အကြံက ဒီလိုအရွယ်ရောက်တဲ့အထိ မအောင်မြင်ပါလား"

"ဘာပဲပြောပြော ဆယ်တန်းနှစ်က ငါ သူ့ကိုလက်စွပ်ပေးသေးတယ်လေ ... "

"အာ ... အဲဒီတုန်းက ကျွဲရိုင်းဗူးကသံကွင်းကြီး စွပ်ပေးလိုက်ပြီးတော့ ... "

"သူ တန်ဖိုးထားတတ်မယ်ဆိုရင်တော့ ဒီအချိန်ထိ သိမ်းထားမယ်ထင်တာပဲ ... "

ချမ်းငြိမ်းကိုကို မျိုးဇာ လက်လျှော့လိုက်ပြီး လမ်းခွဲလာခဲ့ကြ၏။ မျိုးဇာပြောသလို ချမ်းငြိမ်းကိုအဖို့ ဘယ်အကြံအစည်ကမှ မအောင်မြင်ခဲ့သည်မှာ ယနေ့အချိန်ထိတိုင်။

ကိုယ့်ကိုယ်ကိုပဲ အပြစ်ဖို့ရင်း ခြေလှမ်းတို့ နှေးကွေးစွာ လျှောက်လာခဲ့၏။

အခန်း (၁၁)

မျက်နှာပေါ်သို့ အလင်းကျလာသဖြင့် မျက်စိကို ဆွဲကျုံ့လိုက်သော်လည်း အိပ်ပျော်နေသောစိတ်က လန့်နိုးသွား၏။ ခုတင်ပေါ်မှ ကုန်းရုန်းထပြီး အသံ ဗလံများကို နားစွင့်နေ၏။ ဝုန်းဒိုင်းကြဲပြီး ဝင်လာသော မိုးမိုး၏ သီချင်းကြောင့် အခန်းထဲမှထွက်လာလိုက်ပြီး ညှော်ခန်းထဲ ချောင်းကြည့်လိုက်၏။

အမယ် ... ဒင်းက သီချင်းနားထောင်လိုက် ကော်ဖီသောက်လိုက်နဲ့ စိမ်ကျနေပါလား။

ကိုယ့်မှာတော့ စစ်ရှုံးတဲ့ဝေဒနာကြီးကို ပွေ့ဖက်ပြီး အိပ်ခဲ့ရလို့ မနက်လင်းလင်းချင်း ဝေဒနာ ကုစားရမလား အထင်နဲ့ ... ခုတော့ ဒင်းက ဖွင့်တဲ့သီချင်းက မိုးမိုး ... ဆိုနေတဲ့ သီချင်းက 'မင်းနဲ့တွေ့တိုင်း ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့'သေချာ တွေးကြည့်ရင်လည်း ကိုယ့်အဖြစ်က သီချင်းလေးထဲကလိုမျိုး ဖြစ်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ။

"အဟာမ်း ..."

ချမ်းငြိမ်းကို ချောင်းဟန့်လိုက်သဖြင့် ခင်နန်းထွေးက ပြုံးကြည့်၏။

အသေအချာကြည့်ရင် ခင်နန်းထွေး မျက်နှာပေါက်က အင်းဘယ်လိုပြောရမလဲဆိုတာထက် ဘာနဲ့နှိုင်းပြရမလဲဆိုတော့ မျက်နှာက ပဲခူးသခွားသီးလို ဝိုင်းဝိုင်းပြပြ။ အဲဒီ ဝိုင်းဝိုင်းနဲ့ပြပြမှာမှ မျက်ခုံးမွေးက ဂျုတ်နှင့်ရိတ်ထားသလို တညီတညာတည်း တန်းနေသည်။ ထိုတန်းတန်းအောက်မှာမှ ဖားမျက်လုံးလေးလို မျက်ရစ်က မရှိရှာ။ မျက်လုံးအောက်မှာလည်း အိပ်ရေးမဝတဲ့လူလိုလို ကြက်သွန်မှုန်လို့ ငိုထားသလိုလို မို့နေသေး။ အဲ ... နှာတံကျတော့ စင်းနေတာများ စကိတ်တောင် တက်စီးလို့ရနိုင်သည်။ ပြီးကျမှ နှုတ်ခမ်း နှုတ်ခမ်းက တည့်တည့်ကြည့်ရင် တွဲတွဲလေးဘေးကကြည့်ရင် အောက်နှုတ်ခမ်းက အပေါ်နှုတ်ခမ်းထက် လက်သန်းတစ်လုံးစာလောက် ထွက်နေသည်။

ဒါပေမဲ့ သူ့စိတ်ဆိုးတဲ့မျက်နှာကိုကြည့်ရင် တစ်မျိုး ... ခုနက ပြောထားတဲ့ပုံတွေနဲ့ တခြားစီထွက်လာသည်။

စိတ်ဆိုးရင် လှတယ်ပေါ့နော့။

တော်ရုံတန်ရုံ ဘယ်မိန်းကလေးကမှ စိတ်ဆိုးရင် လှကြ





တာ မဟုတ်ဘူး။ ဒါ ... သူ့ပါရမီပေါ့လေ။

တစ်ခါ တစ်လေ မျက်လုံးပြူးပြီးတော့ ကြည့်ရှာသား။ သို့ပေမဲ့လို့ သူ့မျက်လုံးက နဂိုကတည်းကမှ ဖားပေါင်စင်းလေး နှစ်ကောင် တွဲလဲခိုနေသလိုလေ။ ဆိုတော့ ... အရမ်းကြီးလည်း မပြူးပါ။ မျက်လုံးအိမ် ကျယ်သွားသလောက်ပဲ။

အခုလည်း အဲလိုမျက်လုံးနဲ့ သစ်စိမ်းချိုး ချိုးတော့မယ့် စတိုင်လ်မျိုးလို ကြည့်နေလေရဲ့။

"အသံလေး ဘာလေး နည်းနည်းတိုးပါဦးလား ... ခေါင်မိုး ပွင့်ထွက်သွားဦးမယ်"

"ပွင့်ပစေပေါ့ ... ကျွန်မအိမ်မှ မဟုတ်တာ"

ချမ်းငြိမ်းကိုက အသံတိုး၍ ရီမှုလိုက်ရှာသော်လည်း မတွေ့သဖြင့် လက်လျှော့ကာ ...

"ဘယ်သွားကြလဲ ..."

"ဘယ်သူကိုမေးတာလဲ"

"ဟ ... ငါ့အိမ်က လူတွေကို မမေးလို့ အိမ်ရှေ့အိမ်ကလူတွေကို မေးတာဖြစ်မလား ..."

"မသိဘူးလေ ... ရှင်းရှင်းပြောပါလား၊ မနေ့က ရှင်တို့အမျိုး အလှူလာဖိတ်လို့ သွားကြတယ်"

"ဘယ်မှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်သိမလဲ ..."

"မသိလည်း ပြီးရော ... အခုအိမ်ကလူတွေ မရှိဘူးဆိုတော့ ပြောချင်သလိုပြောလို့ရတယ် မဟုတ်လား"

ချမ်းငြိမ်းကို စကားကို ခင်နန်းထွေးက တင်ပါးအောက်မှ ရိုမှုကို ထုတ်လိုက်ပြီး အသံတိုးကာ ...

"ရှင့်သဘောပဲ ..."

"ဗိုက်ဆာတယ် ဘာရှိလဲ"

"ရှင့်မှာ မျက်စိပါတာပဲ သွားကြည့်ပါလား"

ချမ်းငြိမ်းကို ဒေါဖောင်းသွားပြီး ခင်နန်းထွေးရှေ့တွင် မတ်တပ်ရပ်လိုက်၏။ ခင်နန်းထွေးက မသိချင်ယောင်ဆောင်ကာ သီချင်းကို ဝိတ်လိုက်ပြီး လှည့်အထွက် ချမ်းငြိမ်းကိုက ...

"ဒီမှာ ဒေါ်ခင်နန်းထွေး ... ခင်ဗျား ပါးစပ်က ပြောလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ ..."

"ရှင့် မျက်နှာမသစ်ရသေးဘူး မဟုတ်လား ... သွားသစ်၊ တံတွေးစင်တယ် ..."

"ဘာလဲ ... မင်းက ငါ့ကို အာပုတ်စော်နံတယ်လို့ ပြောချင်တာလား"

"ရှင်သိနေရင်လည်း မြန်မြန်သွားသစ်လိုက်ပါလား ... ကျွန်မကိုပြန်ပြီး မေးခွန်းထုတ်နေသေးတယ်"





"အိပ်ရာထတဲ့လူတွေထဲမှာ အာပုတ်စော်မနံတဲ့လူရှိရင် ငါ့ဆီခေါ်လာခဲ့ ... သွားပါ ... Free တိုက်ပေးလိုက်မယ်၊ မင်းကျတော့ရော မနံလို့လား"

"ကျွန်မက ရှင့်လိုမဟုတ်ဘူး၊ မနက်တစ်ခါ ညတစ်ခါသွားတိုက်တယ် ..."

"ဟ ... မနက်တစ်ခါ ညတစ်ခါတိုက်လို့ ခံတွင်းနံ့မွှေးနေရင် လူတိုင်းလိုက်တိုက်တော့မှာပေါ့ကွ ... ကိုယ့်ဘက်ကိုယ်ယက်တဲ့ လိပ်မရဲ့ ..."

"ဘာ ... ရှင်ဘာပြောတယ်"

"မကြားလို့လား ... လိပ်မ ... လိပ်မ ... လိပ် ..."

"ခွပ် ..."

"အော်မင်းဗျ ..."

ချမ်းငြိမ်းကို စကားတောင်မဆုံးသေး။ ခင်နန်းထွေးတစ်ယောက် ဒေါသအလုံးတို့က လက်ထိပ်တွင် စုပြုံလာကာ ချမ်းငြိမ်းကိုသို့ ဦးတည်သွား၏။ ချမ်းငြိမ်းကိုမျက်နှာကို လက်နှင့်အုပ်ရင်း ...

"သေပါပြီဗျ ... အား ... နာလိုက်တာ"

"သေ ... သေ ... မှတ်ထား ... နောက်တစ်ခါဆို ဒီလက်သီးက ဒီ့ထက်ပြင်းမယ်"

www.burmeseclassic.com



ခင်နန်းထွေး ဧည့်ခန်းထဲမှ ထွက်သွားပြီး အခန်းတံခါးကို ဆောင့်ပိတ်လိုက်သဖြင့် ချမ်းငြိမ်းကိုတစ်ယောက် ဆိုဖာခုံကိုမှီရင်း အံကြိတ်ကာ ...

"တောက် ... ရွှေရုပ် တပည့်လားမသိဘူး၊ ဆော်ထည့်လိုက်တာ ကြယ်တောင်မြင်သွားပြီ ... လိပ်မ ... ကိုယ့်ဘက်ကိုယ်ယက် ရုံတင်မဟုတ်ဘူး၊ သူများဘက်ကိုပါ ဖို့သွားသေးတယ် အားလား လား ... နာလိုက်တာ ... "

ဖြူနှင်းသက် ရုံးဆင်းရန် ကားဂိတ်သို့အလာ ညီမင်းထက်က ကားကို ဖြူနှင်းသက်ရှေ့တွင် ပိတ်ရပ်လိုက်သဖြင့် ဖြူနှင်းသက် လန့်သွား၏။ ထိုတော့မှ ညီမင်းထက်က ...

"ဖြူ ... ကားပေါ်တက်လေ ... "

"နေပါစေတော့ ... ဘတ်စ်ကားနဲ့ပဲ ပြန်တော့မယ်"

"တက်ပါ ဖြူရဲ့ ... ဖြူ့ကိုပြောစရာတွေရှိလို့ ... "

ညီမင်းထက်ကို ကြည့်လိုက်ပြီး ဖြူနှင်းသက် စဉ်းစားရကျပ် သွား၏။ မထူးတော့တဲ့အဆုံး ကားပေါ်တက်လိုက်သည်နှင့် ညီမင်း ထက်က ...

"အချိန်ရတယ် မဟုတ်လား ... ကော်ဖီဝင်သောက်ရအောင်





နော် ... "

" ... "

ဖြူနှင်းသက်ကို ပြုံးကာ ကြည့်နေသဖြင့် ဖြူနှင်းသက် မနေ တတ်တော့။ စိတ်ထဲမှ လိုက်လာမိတာ မှားသွားလားဟု အကြိမ် ကြိမ်တွေးရင်း ကော်ဖီဆိုင်ထဲရောက်သည်အထိ စကားမပြောဖြစ်။ ညီမင်းထက်က ကော်ဖီနှစ်ခွက်မှာလိုက်ပြီး ဖြူနှင်းသက်ကိုကြည့် ကာ ...

"ကျွန်တော့်ရဲ့ခင်မင်မှုကို အခုလို လက်စွပ်လေးဝတ်ထား ပြီး သက်သေပြတဲ့အတွက် ကျေးဇူးတင်တယ် ဖြူ ... "

"ဖြူက ကိုထက်ကို ခင်ပါတယ်"

"ဘယ်လိုလုပ်မလဲ ... ကျွန်တော့်ဘက်က တစ်ဆင့်တက် ချင်နေပြီ"

" ... "

"ဖြူ ... ကျွန်တော် ဖြူ့ကို ဖွင့်ပြောတုန်းက ဖြူစိတ်ဆိုး ပြီး ကျွန်တော့်ကို စကားမပြောတာ နှစ်နှစ်လောက်ရှိမယ်နော် ... ဒီနောက်ပိုင်းမှ ချမ်းငြိမ်းကို အလုပ်နဲ့ပတ်သက်ပြီး ဖြူ ကျွန်တော့် ကို စကားပြန်ပြောခဲ့တာ၊ ကျွန်တော်က အခွင့်အရေးသမားများဖြစ် နေလားမသိဘူး ... ဖြူ ကျွန်တော့်ကို စကားပြန်ပြောတာနဲ့ အခြေ တောင်းတယ်ဆိုတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ စိတ်မဆိုးခဲ့ပါဘူး ... ကိုထက်ကို ဖြူ ငြင်းခဲ့တာပါ"

"ဖြူ ... ချမ်းငြိမ်းကိုကိုများ မျှော်လင့်နေတာလား ... "

ညီမင်းထက်အမေးကို မဖြေသေးဘဲ စားပွဲထိုးလာချသော ကော်ဖီကို တစ်ငုံသောက်လိုက်ပြီး ...

"ဖြူမှာ ရည်းစားထားဖို့ အချိန်မပေးနိုင်လို့ပါ ... ကိုထက် ချမ်းငြိမ်းကိုနဲ့ မဆိုင်ပါဘူး"

"ဆောရီးနော် ... ဖြူ သိက္ခာကို ထိခိုက်သွားလားမသိဘူး"

ဖြူနှင်းသက် ပြုံးလိုက်သဖြင့် ညီမင်းထက်က ...

"ဖြစ်နိုင်မယ်ဆိုရင် ဖြူ့ကို ကျွန်တော် စောင့်နေချင်တယ်၊ ကျွန်တော် ဖြူ့ကို တကယ်ချစ်တာပါ"

ဖြူနှင်းသက် စိတ်ထဲမှ ညီမင်းထက်အစား ချမ်းငြိမ်းကိုကိုသာ ဖြစ်လိုက်စေချင်၏။ ထင်သည့်အတိုင်း ဖြစ်မလာသော်လည်း ခေါင်းငုံ့ကာ ကိုယ်လွတ်ရုန်းမိ၏။

"ဖြူ့ကို စဉ်းစားဖို့အချိန်ပေးမှာပါ ... ကျွန်တော် ဘယ်လောက်ပဲစောင့်ရစောင့်ရ ဖြူ့ရဲ့အဖြေကို ကျွန်တော် စောင့်နေမှာပါ"

"ဖြူ့ကို တကယ်ပဲ စိတ်မကုန်သေးဘူးလား"

"ဘာလို့စိတ်ကုန်ရမှာလဲ ... ကျွန်တော် ပထမဦးဆုံး မိန်းကလေးတစ်ယောက်ဆီက ငြင်းပယ်ခံလိုက်ရမှန်း သိခဲ့ပေမယ့်





ကျွန်တော် ဖြူ့ကို စိတ်ကုန်လို့ စကားမပြောတာ မဟုတ်ပါဘူး၊ ဖြူ့ရဲ့အလိုကျ စိတ်ချမ်းသာမယ်ထင်လို့ နေခဲ့တာပါ ... ဒါပေမဲ့ ဒီအချိန်ထိ ရောက်လာမှတော့ ကျွန်တော် ... ကျွန်တော် ဖြူကို လက်မလွှတ်ချင်တော့ဘူး ... "

ညီမင်းထက်အပြောကို ဖြူနှင်းသက် စဉ်းစားနေလိုက်၏။ ပြန်သည်အထိ ဖြူနှင်းသက်ဘက်မှ ရေရေရာရာအဖြေမပေးခဲ့။ ညီမင်းထက်က တိုက်ရှေ့ထိ လိုက်ပို့ပေးသည်။

"အပေါ်ထိတော့ ခေါ်ချင်ပါတယ် ... ဒါပေမဲ့ ... "

"ကျွန်တော် နားလည်ပါတယ်ဖြူ ... ဒါဆို ပြန်တော့မယ်နော်"

ညီမင်းထက်ကို နှုတ်ဆက်ပြီး တိုက်ခန်းထဲသို့ ဝင်လာလိုက်၏။ အခန်းရှေ့တွင် ငုတ်တုတ်ထိုင်နေသော ခင်နန်းထွေးက ဖြူနှင်းသက်ကို မြင်သည်နှင့် ...

"ကြာလိုက်တာ မမဖြူရယ် ... နန်း စိတ်တွေတအားဆိုးလို့ တစ်နေ့ကတည်းက ထွက်လာချင်နေတာ"

"ဘာဖြစ်လို့လဲ နန်းရဲ့ ... "

"ပြောပြမယ် ... ပြောပြမယ် ... "

ဖြူနှင်းသက်က တံခါးဖွင့်လိုက်သည်နှင့် ခင်နန်းထွေးရှေ့ အရင်ဝင်လိုက်ပြီး ဆိုဖာခုံတွင် ထိုင်လိုက်၏။ ဖြူနှင်းသက်သည် ရေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ခပ်ကာ ...

"ရော့ ... သောက်လိုက်ဦး ... "

ဖြူနှင်းသက် ပေးသောရေကို သောက်လိုက်ပြီးမှ ...

"ဟူး ... စိတ်တွေ တကယ်ပဲ ... "

"ဘာဖြစ်လို့လဲ နန်းရဲ့ ... ပြောပါဦး ... "

"ဘာဖြစ်ရမှာလဲ မမဖြူရယ် ... "

ခင်နန်းထွေးက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သဖြင့် ဖြူနှင်းသက် အံ့သြသွားပြီး ...

"ဟယ် ... ဒါဆို အခု သူရော ... သူ့အိမ်ကလူတွေသိလား"

"သူ့အိမ်ကလူတွေ သိလည်း ဘာလုပ်လို့ရမှာလဲ မမဖြူရဲ့၊ သူ့ဟာသူ စားပွဲနဲ့ဝင်ဆောင့်မိတာပါဆိုပြီး ပြောထားတာ"

"တော်သေးတာပေါ့ ... ငါ့ညီမလေးနဲ့တော့ ခက်တာပဲ၊ ယောက်ျားလေးကို လက်သီးနဲ့မှ သွားထိုးရတယ်လို့ ... "

"အာ ... မမဖြူကလည်း နန်းက ပါးမှမရိုက်တတ်ဘဲ၊ လက်သီးနဲ့ထိုးလို့သာ အခုစားပွဲနဲ့ဝင်ဆောင့်တယ်ဆိုပြီး သူညာလို့ရတာပေါ့ ... နန်းသာ ပါးရိုက်ကြည့်လိုက်ပါလား၊ သူ ဘယ်ဆင်ခြေနဲ့ ညာမလဲ"

"ဪ ... လက်သီးနဲ့ထိုးခဲ့တဲ့ ငါ့ညီမလေးကိုတောင် သူက ကျေးဇူးတင်ရဦးမယ်ပေါ့"





"ဟုတ်တယ် ... နန်းကို အဲလိုကြောလို့ရမလား"

"နန်းနဲ့သူနဲ့ အိမ်ထောင်ကျတဲ့အခါကျရင် သူက နန်းကို အငြိုးနဲ့နှိပ်စက်မှာပေါ့ မကြောက်ဘူးလား ... "

"မကြောက်ပေါင် ... နန်းလက်သီးကို သူမြည်းပြီးသွားပြီပဲ ထပ်စမ်းရဲတော့မှာ မဟုတ်ဘူး"

"မိန်းကလေးက အဲလောက်ပဲ ကြမ်းရသလားကွယ်"

"မကြမ်းလို့ မရဘူး မမဖြူ ... အဲဒီချမ်းငြိမ်းကိုဆိုတဲ့လူက တစ်စက်ကလေးမှ အကျင့်ကောင်းတာမဟုတ်ဘူး"

"ချမ်းငြိမ်းကို ... "

"ဟုတ်တယ် ... နာမည်က ချမ်းငြိမ်းကိုတဲ့၊ တစ်စက္ကန့်လေးတောင် မငြိမ်းချမ်းဘူး ... ထစ်ခနဲရှိ လူကိုစဖို့ပဲ ... ဟိုတစ်လောကကလည်း သူ့ကောင်မလေးကို လက်ဆောင်ပေးဖို့ဆိုပြီး နန်းကို လက်စွပ်လိုက်ရွေးခိုင်းတယ်လေ၊ နန်းကတော့ နန်းကိုများဝယ်ပေးတာလားလို့ ဘယ်ဟုတ်မလဲ ကိုယ်တော်က သူကြိတ်ပိုးနေတဲ့ ကောင်မလေးကို ပေးမလို့တဲ့လေ ... နန်းဖြင့် ဒေါသတွေထွက်လိုက်တာ မပြောနဲ့တော့ ... နောက်ပြီး ... "

ခင်နန်းထွေး စကားထဲ ဖြူနှင်းသက် စိတ်မဝင်စားတော့။

ခင်နန်းထွေးကို စိတ်မကောင်းစွာကြည့်ရင်း ချမ်းငြိမ်းကို မျက်နှာကို မြင်ယောင်နေမိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်နန်းထွေးက အားရပါးရ လေလုံးထွား ပြီးပြန်သွားသည်နှင့် ဖြူနှင်းသက် အခန်းထဲဝင်ကာ စားပွဲရှေ့တွင် ထိုင်လိုက်ရင်း အံဆွဲထဲမှ သေတ္တာလေးကိုထုတ်ပြီး ဖွင့်လိုက်၏။

သေတ္တာထဲမှ ဓာတ်ပုံကိုကြည့်ပြီး သက်ပြင်းချကာ ချမ်းငြိမ်းကိုပေးခဲ့ဖူးသော ကျွဲရိုင်းဗူးမှ သံကွင်းလေးကိုကိုင်ရင်း အတိတ်က အဖြစ်ကို မနေ့တစ်နေ့ကလို ပြန်မြင်ယောင်လာမိသည်။

※

လမ်းထိပ်တွင် မြူများကြား ယောင်ပေပေရပ်နေသော ချမ်းငြိမ်းကိုက ဖြူနှင်းသက်ကို မြင်သည်နှင့် ...

"နောက်ကျလိုက်တာ ဖြူနှင်းရာ ... ဒီနေ့ ငါတို့အသင်း အလှည့်နော် ... ခုတွေရွှေ့ရဦးမှာ ... မြန်မြန်လာ ... "

"အေးပါ ချမ်းငြိမ်းကိုရယ် ... အေးရတဲ့ကြားထဲ နင်ကတစ်မျိုး"

"နင် အေးလို့လား"

"နင်ကရော မအေးဘူးပေါ့"

"ဟဲဟဲ ... ငါလည်း အေးတာပဲ"

ချမ်းငြိမ်းကိုက လက်မှလက်အိတ်တစ်ဖက်ကို ချွတ်လိုက်ပြီး ...





"ရော့ ... ဝတ်ထား ... "

"နင်ကလည်း တစ်ဖက်ထဲ ... နောက်တစ်ဖက်က အေးနေမှာပေါ့"

"နှစ်ဖက်စလုံး အေးနေတာထက်စာရင် တစ်ဖက်ထဲအေးတော့ ဖြေသာတာပေါ့ဟ ... ရော့ပါဆို ... "

ဖြူနှင်းသက်က ချမ်းငြိမ်းကိုပေးသော လက်အိတ်ကိုဝတ်လိုက်ပြီး နှစ်ယောက်သား ခပ်သုတ်သုတ် လျှောက်လာကြ၏။

နေလည်ကျောင်းဆင်းချိန် ရောက်သည်နှင့် နေက မြူမှုန်များ အကြား တိုးဝင်ရင်း ပူနေတော့သည်။မျိုးဇာက ...

"ဖြူနှင်းသက် ... ပူရတဲ့အထဲ လက်အိတ်ကြီးနဲ့ ဘာအရူး ထနေတာလဲ ... ဟိုကောင်လည်း ဒီလိုပဲ၊ နင်တို့နှစ်ယောက် တိုင်ပင်ပြီး ရူးကြတာလား"

မျိုးဇာစကားကို ဖြူနှင်းသက်က ရယ်လိုက်ပြီး လက်အိတ်ချွတ်ကာ ချမ်းငြိမ်းကိုကို ပေးလိုက်၏။ ချမ်းငြိမ်းကိုက ...

"ရူးတာပဲ တိုင်ပင်ပြီး ရူးရမှာလားကွ"

"အေးနော် ... အရူးတွေက လူတွေထက်တောင် ညီသေးတယ် ... "

သူတက ဝင်နောက်လိုက်သဖြင့် ခင်စုမွန်က ...

"သူများကိုပြောမနေနဲ့ ... နင့်အနွေးထည်ကြီးလည်း ချွတ်



www.burmeseclassic.com

www.burmeseclassic.com



နင့်အစား ငါတော့ ပြုတ်အိုးထဲဝင်နေရသလိုပဲ ချွေးပြန်တယ်"

"ငါက နေမကောင်းလို့ပါဟ ... ငါ့ကို အအေးလိုက်တိုက်ကြပါလားဟာ"

သုတက မှုန်ကုတ်ကုတ်မျက်နှာနှင့် ပူဆာသဖြင့် ကျောင်းရှေ့မှ အအေးဆိုင်တွင် ထိုင်ဖြစ်ကြသည်။ ချမ်းငြိမ်းကိုက ကျွဲရိုင်းမှာလိုက်ပြီး စားပွဲပေါ်ချချချင်း ဗူးခွံမှ သံကွင်းကိုလိမ်ကာ ချိုးလိုက်၏။ ပြီးမှ ဖြူနှင်းသက်ကိုကြည့်ပြီး ...

"နင့်ကိုတော့ ကျွဲရိုင်းဝယ်တိုက်ချင်ပါတယ်၊ ဒါပေမဲ့ ... သုတက နေမကောင်းဘူးဆိုတော့ သူ့ကိုပဲ ငါတို့တိုက်လိုက်ကြတာပေါ့။ ရော့ ... နင့်ကို ငါက လက်စွပ်ပေးလိုက်ပြီ စိတ်မဆိုးနဲ့ ... "

ချမ်းငြိမ်းကိုပေးသော သံကွင်းကို ဖြူနှင်းသက်က လက်မှာဝတ်လိုက်ပြီး လက်ကိုထောင်ကြည့်၏။ ပြီးမှ ...

"အမ်း ... လှတယ်ဟ ... ဒါဆို ဒီလက်စွပ်ပဲယူတော့မယ်၊ သုတ နင် ကျွဲရိုင်းသောက်လိုက်တော့ ... "

"ငါ့ကိုမေးစိအောင် နင်တို့နှစ်ယောက်ပေါင်းပြီး ကြံစည်နေတာလားဟင် ... "

သုတက ကျွဲရိုင်းဗူးကို တစ်ငုံသောက်လိုက်ပြီး ပြောသဖြင့် ဖြူနှင်းသက်တို့ ပြုံးလိုက်ကြ၏။ အိမ်ပြန်လမ်းတွင် ဖြူနှင်းသက်က ...





"ချမ်းငြိမ်းကို ... "

"ပြောလေ ... ဖြူနှင်း ... "

"အမှန်တော့ ငါလက်စွပ်ဝတ်ချင်နေတာ ကြာပြီဟ ... သိလား ... "

"နင်ဝတ်ချင်ရင် ငါဝယ်ပေးမှာပေါ့ဟ ... "

"နင် တကယ်ပြောတာလား"

"ချမ်းငြိမ်းကိုက မိဘတွေကိုသာ ညာချင်ညာမယ်၊ နင့်ကိုတော့ မညာဘူး စိတ်ချ ... "

"ငါ့ကို ဘာလို့လဲ ... "

"နင့်ကို ဟိုဟာလေ ... ဟို ... သူငယ်ချင်းမို့လို့ပေါ့ဟာ"

ချမ်းငြိမ်းကိုစကားကို ဖြူနှင်းသက် မျက်ခုံးပင့်လိုက်သဖြင့် ချမ်းငြိမ်းကို ရှက်ကိုးရှက်ကန်း ဖြစ်သွားပုံရ၏။ ဖြူနှင်းသက်ကိုကြည့်ပြီး ...

"ငါက အခုသာ ဒီလက်စွပ်ပဲပေးနိုင်တာပါ ... နောက်အများကြီး အသက်ကြီးရင် နင့်ကို အဲလိုလက်စွပ်ထက်သာတဲ့ဟာတွေ ဝယ်ပေးမှာပေါ့ ... "

"နင်က ငါ့ကိုတော့ဝယ်ပေးပြီး ခင်စုနဲ့ခိုင်ရည်ကိုကျတော့ ရော မဝယ်ပေးဘူးလား"

"ဘာကိစ္စနဲ့ ဝယ်ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လည်း နင့်သူငယ်ချင်းပဲဟာ"

"အဲ ... အဲဒါက ဟိုဟာလေဟာ ... သူတို့ကိုဝယ်ပေးမယ့် မျိုးဇာနဲ့သုတ ရှိတာပဲ ... "

"ဩော် ... အဲလိုလား"

"အေး ... ငါက အခုမဝယ်ပေးသေးနိုင်ပါဘူးဟာ ... နင် စိတ်မကောင်း မဖြစ်နဲ့နော် ... "

"အေးပါ ... "

ဖြူနှင်းသက် သေတ္တာလေးကို အံဆွဲထဲ ပြန်ထည့်လိုက်ပြီး ခုတင်ပေါ်တွင် လှဲလိုက်၏။ ခဏတာတစ်ညကို ဖြတ်သန်းရန် စိတ် မပါစွာ အတွေးနယ်ချဲ့နေမိ၏။

အခန်း (၁၂)

မျိုးဇာနှင့်သုတတို့ လက်ဖက်ရည်ဆိုင် ထိုင်နေကြသဖြင့် ချမ်းငြိမ်းကိုတစ်ယောက် ကားပေါ်မှ ဆင်းဆင်းချင်း လက်ဖက်ရည်ဆိုင် ထဲသို့ ဝင်လိုက်၏။

"ပေါ့ဆိမ့် တစ်ခွက် ... "

ချမ်းငြိမ်းကို လက်ဖက်ရည်မှာပြီးသည်နှင့် မျိုးဇာက ...

"ဘယ်လာတာလဲ"

"မင်းဆီပဲ ... အိမ်မှာနေရတာ စိတ်ညစ်လို့ ... "

"ဒါလေးများကွာ အဝတ်လျှော်စက်ထဲ ထည့်လိုက်ပေါ့၊ ဆပ်ပြာမှုန့်တွေများ တံဆိပ်မျိုးစုံ ပေါမှပေါ"

မျိုးဇာ နောက်လိုက်သဖြင့် ချမ်းငြိမ်းကို သက်ပြင်းအလုံး လိုက်ချကာ ...

"ငါနဲ့ဖြူလည်း ဒီလိုနဲ့ပဲဝေးရမယ် ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းကိုစကားကို မျိုးဇာက ...

"ဝေးရမယ်မထင်နဲ့ ဝေးကိုဝေးနေပြီ ... ဖြူနှင်းသက်ကို မနက်က ဟိုလူကားနဲ့လာခေါ်တာ ..."

"ဘာအတွက်လဲ ..."

"အလုပ်သွားဖို့ ဖြစ်မှာပေါ့ ..."

မျိုးဇာ စကားကို မယုံချင်သော်လည်း အမှန်တကယ်ပဲ ဖြစ်နေ၏။

ညနေ မစောင်းတစောင်းအချိန်တွင် ချမ်းငြိမ်းကို၊ မျိုးဇာနှင့် သူတတို့ ဖြူနှင်းသက် တိုက်ရှေ့တွင် ရပ်စောင့်နေတုန်း ညီမင်းထက်၏ ကားကို တွေ့လိုက်ရ၏။ ညီမင်းထက်ကားပေါ်မှ ဖြူနှင်းသက် ဆင်းလိုက်ပြီး ချမ်းငြိမ်းကိုကို တွေ့လိုက်သဖြင့် စိတ်ထဲမကောင်းသော်လည်း ...

"ချမ်းငြိမ်းကိုတို့ပါလား ... ဘယ်လာကြတာလဲ"

ချမ်းငြိမ်းကိုက မဖြေသေးဘဲ မေးခွန်းပြန်ထုတ်၏။

"နင်တို့ရော ဘယ်ကပြန်လာကြတာလဲ ..."

"တစ်လက်စတည်း မိတ်ဆက်ပေးရတာပေါ့၊ ဖြူ ကိုထက်ကို ဒီနေ့ပဲ အဖြေပေးလိုက်လို့ ချစ်သူတွေဖြစ်သွားကြပြီလေ ..."

"ဩော် ..."

ချမ်းငြိမ်းကိုထံမှ ဩော်ဆိုသည့် သံရှည်ဆွဲသံကို ကြားပြီးချိန်





တွင် ဖြူနှင်းသက် မျက်နှာလွှဲကာ တိုက်ပေါ်သို့တက်သွား၏။ ညီမင်းထက် ကားကိုပြန်မောင်းထွက်သွားသည်နှင့် မျိုးဇာက ချမ်းငြိမ်းကိုပခုံးကို ပုတ်လိုက်ပြီး ...

"လိုက်သွားလေ ... ငါတို့ ဒီကပဲစောင့်နေမယ်"

ချမ်းငြိမ်းကို တိုက်ပေါ်သို့တက်သည်နှင့် ဖြူနှင်းသက်က လှေကားတွင်စောင့်နေပြီး ဟန်ဆောင်းပြုံးပြုံးကာ ...

"လာကြလေ ... မျိုးဇာတို့ရော ..."

"အောက်မှာကျန်ခဲ့တယ် ဖြူ ... ခုနက ပြောတာ အမှန်ပဲလား"

"အင်း ... ဟုတ်တယ်လေ၊ အခုတလော အဖွဲ့ထဲမှာလွှတ်နေတာဆိုလို့ ဖြူပဲရှိတာမဟုတ်လား၊ ချမ်းငြိမ်းကိုကလည်း မကြာခင် လက်ထပ်ရတော့မှာဆိုတော့ ဖြူတစ်ယောက်ထဲ ကျန်ခဲ့မှာပေါ့ မဟုတ်ဘူးလား ..."

ဖြူနှင်းသက်က ပြုံးရင်း ချမ်းငြိမ်းကိုကိုပြောလိုက်သဖြင့် ချမ်းငြိမ်းကို စိတ်ထဲထင့်သွားပြီး ...

"ဒါဆို ခင်နန်းတွေးနဲ့ကိစ္စကို ဖြူသိပြီးပြီပေါ့နော်"

"ဟုတ်တယ် ... ဒါပေမဲ့ ဖြူတို့အကြောင်းကိုတော့ နန်း မသိသေးဘူး မပြောလိုက်ပါနဲ့ ... နန်းက ဖြူ့ကိုချစ်တယ်၊ သံယောဇဉ်လည်းရှိတယ်၊ ချမ်းငြိမ်းကိုနဲ့ယူရမယ်ဆိုရင် ဖြူ နန်းအတွက်စိတ်



www.burmeseclassic.com

www.burmeseclassic.com



အေးရပါပြီ ... နန်းကို စိတ်ချမ်းသာအောင် ထားနိုင်တယ်မဟုတ်လား"

"ကြိုးစားကြည့်ပါ့မယ် ဖြူ ... သွားတော့မယ်နော်"

ချမ်းငြိမ်းကို လှေကားထစ်အတိုင်း လေးလံစွာ ဆင်းလာလိုက်၏။

မျိုးဇာနှင့်သုတတို့ ချမ်းငြိမ်းကိုကို နှစ်သိမ့်ရင်း ဒဏ်ရာကို ကုစားပေးကြသည်။

အမှောင်ထုထဲ နင်းလျှောက်လာပြီး ခြံထဲဝင်လိုက်သည်နှင့် ဒန်းပေါ်တွင် နေကြာစေ့စားနေသော ခင်နန်းထွေးကို တွေ့လိုက်ရသည်။ ခင်နန်းထွေးဘေးတွင် ဝင်ထိုင်လိုက်သည်နှင့် ဒန်းက လှုပ်ခါသွား၏။

"ဖြည်းဖြည်းထိုင်စမ်းပါ ... ဘယ်လိုဖြစ်နေတာလဲ"

"မင်းကို ငါ မနေ့က ကျောက်မြောင်းဘက်မှာတွေ့တယ်"

"ဟုတ်တယ် ... ကျွန်မသူငယ်ချင်းမွေးနေ့ကိုသွားတာ၊ ရှင်ကရော ဘာသွားလုပ်တာလဲ"

"ငါ့ကောင်မလေးဆီသွားတာ"

ခင်နန်းထွေးက မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး ...

"ပေးဖြစ်ခဲ့လား ... "

"ဘာကိုလဲ"





"လက်စွပ်လေ ... "

"မပေးတော့ဘူး"

"ဘာလို့လဲ ... မယူဘူးတဲ့လား"

"ပေးရင်တော့ ယူမှာပေါ့၊ ဒါပေမဲ့ ငါ့ထက်ဦးသွားတယ်"

"ဘယ်သူကလဲ ... "

"သူ့ရည်းစားကတဲ့ ... "

ချမ်းငြိမ်းကိုစကားကြောင့် ခင်နန်းထွေးက လှည့်ကြည့်လိုက်ပြီး ...

"ရှင် အရက်တွေသောက်လာတာလား ... "

"သောက်တော့သောက်ပေမယ့် မင်းကိုတော့ကောင်းကောင်းသိပါသေးတယ်"

"သိလည်းပြီးတာပဲ ... ဒါနဲ့ ရှင့်ကောင်မလေးဆိုတာ ရှင့်ရည်းစား မဟုတ်ဘူးလား"

"ပြောတောင်မပြောရသေးဘူး ... ပြောရဲတဲ့လူက ဦးသွားပြီ"

"ဘာလို့မပြောရဲရတာလဲ ... ရှင်ကလည်း ယောကျ်ား မဟုတ်သလိုဘဲ"

"ယောကျ်ားတော့ ယောကျ်ားပဲ ... ဒါပေမဲ့ အချစ်ကိုဖွင့်လင်းရမှာကြောက်တဲ့ယောကျ်ား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဟ … အဆန်းပဲ … ရှင်ကမူးနေရင် စကားပြောကောင်းသားပဲ"

"ရယ် … ရယ် … မင်းလည်း ငါ့နေရာရောက်ရင် သိလိမ့်မယ်"

"အမယ် … ရောက်ပါစေဦးရှင် … ကျွန်မက အဲဒါတွေ သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး"

"ဒါဖြင့် ကျောင်းပြီးရင် ပြန်မယ်ပေါ့ … "

"ဒါပဲပေါ့ … "

"မင်းမရှိရင် ငါတော့ပျင်းပြီးကျန်ခဲ့မှာပဲ"

ချမ်းငြိမ်းကို စကားကြောင့် ခင်နန်းထွေး နေကြာစေ့ခွာရင်း ရပ်သွား၏။ မသိမသာ ချမ်းငြိမ်းကိုကို ငဲ့ကြည့်ရင်း …

"ကျွန်မ မရှိရင် မနေတတ်ဘူးပေါ့"

"ဟုတ်တယ် … မင်းမရှိရင် ရန်ဖြစ်ရမယ့်လူလည်း မရှိတော့ဘူး … အဲဒါကြောင့် … "

ခင်နန်းထွေး နှာခေါင်းရှုံ့လိုက်ပြီး …

"ဘယ်လိုဟာကြီးလဲ မသိဘူး"

"ဘာလဲ … မင်းရော့ ငါ့လိုပဲလား … မဟုတ်မှလွဲရော မင်းလည်း ငါ့ကိုကြိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဘာ … ဘာပြောတာ"





"ကြိုက်နေတာလားလို့ … "

"ကြိုက်စရာလား … ရှင့်လိုလူကို … "

ခင်နန်းထွေးတစ်ယောက် ရှက်ကိုးရှက်ကန်းဖြင့် အိမ်ထဲသို့ ဝင်သွား၏။ အခန်းထဲရောက်မှ တံခါးပိတ်လိုက်ပြီး ရင်ဘတ်ကိုစမ်းကာ …

"ဘာလို့ ဒီလောက်တောင် ရင်ခုန်နေရတာလဲ … "

စာကြည့်စားပွဲတွင် ထိုင်နေသည့် ငြိမ်းသူဇာက …

"ဘာဖြစ်လို့လဲ နန်း … "

"ဘာမှမဖြစ်ပါဘူး … ရှေ့တစ်ပတ်ဆို စာမေးပွဲပဲ စာတွေ မရသေးလို့ စိတ်ညစ်နေတာ … "

ခင်နန်းထွေးက ခုတင်ပေါ် လှဲလိုက်ပြီး ပြောသဖြင့် ငြိမ်းသူဇာက …

"စာမေးပွဲဖြေပြီးရင် ဝဋ်ကျွတ်ပြီ … နန်းရော အိမ်ပြန်တော့မှာလား … ကိုကိုနဲ့ကိစ္စကရော ဘယ်လိုလဲ … "

"မသိပါဘူး … အိမ်ကတော့ပြန်ရမှာပေါ့"

"ယောင်းမရယ် … တို့နဲ့အတူလာနေပါတော့လား"

"စဉ်းစားလိုက်ဦးမယ် … ဒါနဲ့ ငြိမ်းကို မေးစရာရှိတယ်"

"မေးလေ … "

"နန်းသူငယ်ချင်းက နန်းကိုမေးတာ နန်းလည်းမေးပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ..."

"ဒီလိုငြိမ်းရဲ့ ... သူက ကောင်လေးတစ်ယောက်နဲ့စကားပြောနေရင်းက ရင်တွေခုန်လာလို့တဲ့ အဲဒါဘာကြောင့်လဲဟင်"

"သူ ချစ်နေလို့ဖြစ်မှာပေါ့"

"ဘုရားရေ ... တကယ် ..."

"ဟုတ်တယ်လေ ..."

ခင်နန်းထွေး စိတ်ထဲမှ 'သွားပြီ' ဟု ညည်းလိုက်ရင်း ချမ်းငြိမ်းကိုကို ချစ်များချစ်မိနေလားဟု မေးခွန်းထုတ်မိ၏။

"မဖြစ်ဘူး ... မဖြစ်နိုင်ဘူး ..."

ခင်နန်းထွေး အော်လိုက်သဖြင့် ငြိမ်းသူဇာက ...

"ဘာလို့မဖြစ်နိုင်ရမှာလဲ ယောင်းမရဲ့ ... မယုံရင် အဲဒီကောင် မလေးကိုမေးကြည့်ပေါ့၊ ချစ်နေတာလားလို့ ဟုတ်တယ်လို့ပြောမှာ သေချာတယ်"

"အင်း ... မေးကြည့်လိုက်ဦးမယ် ..."

ခင်နန်းထွေး ခေါင်းအုံးနှင့်မျက်နှာကိုအပ်ကာ စိတ်ညစ်သွား၏။

စာမရသေးတဲ့အထဲ ဒီအကြောင်းကြောင်း လူကပါ ပါလာသေးတာ။ ငိုချင်းတောင် ချလိုက်ချင်ရဲ့။

အခန်း (၁၃)

ဦးငြိမ်းမောင်မောင် တစ်ယောက် ဒေါ်သူဇာဦးစကားကို မယုံသလို ပုံစံဖြင့် ကြောင်ကြည့်နေ၏။ ဒေါ်သူဇာဦးက ...

"ကလေးတွေကိစ္စကို ခပ်မြန်မြန် စီစဉ်လိုက်တာကောင်းမယ်"

"မင်းကိစ္စက သေရောသေချာရဲ့လားကွာ ... ငါဖြင့်နားရှိလို့သာ ကြားရတယ် ..."

"သေချာတယ် ... မေးပြီးပြီ ... နှစ်လတဲ့ ..."

"ဘုရား ... ဘုရား ..."

"ဘုရား တမနေနဲ့ ... ရှင့်သားလည်း သိတယ် ..."

"အခုခေါ်စမ်း အဲဒီကောင်ကို ... နှစ်ယောက်စလုံးခေါ်ကွာ"

ဦးငြိမ်းမောင်မောင်တစ်ယောက် ဒေါ်ဖောင်းနေသဖြင့် ဒေါ်သူဇာဦး စိတ်ရှုပ်သွား၏။ မပြောလို့ကလည်း မပြီး၊ မကြီးလို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း မပြည့်တဲ့ လူစားမျိုးမို့ ဒေါ်သူဇာဦး စကားစလိုက်ခြင်းပင်။

ခင်နန်းထွေးနှင့် ချမ်းငြိမ်းကိုတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ခုံတွင် ဝင်ထိုင်လိုက်၏။ ဦးငြိမ်းမောင်မောင်က ...

"ဘယ်က စပြောရမှန်းတောင် မသိတော့ဘူး ... သမီးမင်္ဂလာကိစ္စကို နောက်ထားပြီး ပြောကြတာပေါ့"

"ဟုတ်ကဲ့ ဦး ..."

ဦးငြိမ်းမောင်မောင်က ဒေါ်သူဇာဦးကိုမေးငေါ့ပြသဖြင့် ဒေါ်သူဇာဦးကပဲ စကားစတော့၏။

"သမီး အခု နှစ်လရှိနေပြီဆိုတာ ဟုတ်လား ..."

"ဘာကိုလဲ အန်တီ ..."

"ဟိုကိစ္စလေ ... ဟိုဟာ ..."

ခင်နန်းထွေးက နားမလည်စွာနှင့် ချမ်းငြိမ်းကိုကိုကြည့်၏။ ချမ်းငြိမ်းကိုက ...

"ဘာကိစ္စလဲ မေမေရဲ့ ..."

"ဘယ်လိုပြောရမလဲ ..."

ဦးငြိမ်းမောင်မောင်ကိုကြည့်ရင်း ဒေါ်သူဇာဦး မေးခွန်းထုတ်နေသဖြင့် ဦးငြိမ်းမောင်မောင်က ...

"တဲ့တိုးပဲမေးကွာ ... ကြာတယ် ..."





ဒီတော့မှ ဒေါ်သူဇာဦးက ...

"သမီးမှာ ကိုယ်ဝန်ရှိနေပြီဆိုတာလေ ..."

"ရှင် ..."

ဒေါ်သူဇာဦး စကားကြောင့် ခင်နန်းထွေး 'ရှင်' သွား၏။ ချမ်းငြိမ်းကိုလည်း မျက်လုံးပြူးသွားပြီး ခင်နန်းထွေးကိုကြည့်ကာ ...

"မင်းပြောတော့ ..."

"ဘာလဲ ... ဘာမှမဟုတ်ဘူး"

"မဟုတ်ဘဲ မေမေက ပြောမလား"

"ကဲ ... ကဲ ... ခဏနေကြပါဦး ..."

ဦးငြိမ်းမောင်မောင်က ဝင်ဖြေလိုက်ပြီး ...

"အဲဒီကိစ္စ တကယ်လား"

"ဟင့်အင်း ... မဟုတ်ပါဘူး။ သမီးမှာ ကိုယ်ဝန်ရှိဖို့မပြောနဲ့ ရည်းစားတောင် ထားဖူးတာမဟုတ်ဘူး"

"ဒါဖြင့် နှစ်လဆိုတာကရော ..."

ဒေါ်သူဇာဦးကပါ ငြိမ်မနေတော့။

"သမီး မပြောမိပါဘူး"

"ပြောဖူးပါတယ် ... သမီးရောက်ရောက်ချင်းက ဘယ်နှစ်လရှိပြီလဲလို့မေးတော့လေ ... ပြီးတော့ မခင်စိန်ကလည်း သမီးက



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းကိုရဲ့ ကောင်မလေးတဲ့"

ဒီတော့မှ ချမ်းငြိမ်းကိုက သဘောပေါက်သွားပြီး ...

"မေမေကတော့ ရှုပ်ပြီ ... အဲဒါ ခင်နန်းထွေး ကျောက်မြောင်းမှာနေတာ နှစ်လလောက်ပဲ ရှိသေးတယ်လို့ပြောတာ"

"ဟင် ... ဒါဖြင့် အထုပ်တွေနဲ့ ဒီကိုရောက်လာတာကရော"

"သမီးကို ဦးကခေါ်လို့ပါ ... "

"ဟော ... "

ဦးငြိမ်းမောင်မောင် 'ဟော'သွားပြီး'ဒေါ်သူဇာဦးထံ အကြည့်ပို့လိုက်၏။ ဒေါ်သူဇာဦးက ...

"ဒါဖြင့် ရှင်ခေါ်တာဆိုတော့ ရှင့်တပည့်လား ... "

"အာ ... ခက်တာပဲ ... ငါမခေါ်ပါဘူး"

"ဦးပဲ ... ဖေဖေ့ကို ဖုန်းဆက်ပြောတာလေ"

"ဒါဖြင့် သမီးက ချစ်ဦးမောင်ရဲ့သမီးလား"

"ဟုတ်ပါတယ် ဦး ... "

ဒီတော့မှ ဦးငြိမ်းမောင်မောင် ရယ်လိုက်ပြီး ဒေါ်သူဇာဦးကို အဖြစ်မှန် ပြောပြလိုက်၏။ ဒေါ်သူဇာဦးက ...

"ရှင်လုပ်လို့ အစောကတည်းက ပြောရင် အခုလိုဖြစ်မှာမဟုတ်ဘူး ... အားနာလိုက်တာ သမီးရယ် ... "

"သမီးက ဦးတို့သိတယ်ထင်နေတာ"



"ကဲ ... အခုတော့ အားလုံးရှင်းသွားပြီဆိုတော့ သမီးကျောင်းပြီးမှပဲ ဆက်ဆွေးနွေးကြတာပေါ့"

ဦးငြိမ်းမောင်မောင် စကားကို ခင်နန်းထွေး စဉ်းစားပြီးမှ...

"သမီး ကျောင်းပြီးရင် အိမ်ခဏပြန်ချင်တယ် ဦး ... "

"အင်း ... ချမ်းငြိမ်းကိုကိုပါ တစ်ပါထဲ ထည့်ပေးလိုက်မယ်၊ ချစ်ဦးမောင်က ဒီကောင့်ကိုမြင်ဖူးတာ မဟုတ်ဘူး၊ တော်ကြာ ... နောက်မှ တစ်ကွဲတစ်ပြားလွှတ်လိုက်ရင် ဒီကောင်က မထုံတတ်သေးနဲ့ သမီးလို အဖြစ်မျိုး ဟိုမှာဖြစ်နေဦးမယ် ... "

ခင်နန်းထွေး ပြဿနာရှင်းသွားမှ ဒေါ်သူဇာဦးတစ်ယောက် လှောင်အိမ်လွှတ်သော ငှက်လို လန်းဆန်းသွား၏။

ချမ်းငြိမ်းကို ဧည့်ခန်းထဲတွင် ထိုင်နေတုန်း ခင်နန်းထွေးပါ ဆက်ထိုင်နေ၏။ ခဏနေမှ ...

"ကျွန်မ အိမ်ကိုပြန်သွားတဲ့အခါကျရင် ရှင် မလိုက်နဲ့တော့ပေါ့ ... အဲလိုလုပ်တာ ရှင်နဲ့ကျွန်မ မင်္ဂလာပွဲကို ဖျက်ဖို့ အခွင့်အရေးပဲ ... ရှင်ချစ်တဲ့သူနဲ့ လက်ထပ်ချင်တယ်ဆို ကျွန်မကဘက်က ရှင့်ကို ငြင်းလိုက်ရင် ပြီးတာပဲဟာ ... "

"ဟင်း ... ဘာလုပ်လို့လုပ်ရမှန်းလည်း မသိတော့ပါဘူး"

"ရှင့်ချစ်သူက အခုတခြားတစ်ယောက်နဲ့ဆို ... "

"ဟုတ်တယ် ... "

www.burmeseclassic.com



"အခုလိုပြောရတာ အားတော့နာပေမယ့် ကျွန်မလည်း လက်ထပ်ချင်စိတ် မရှိသေးလို့ပါ"

"ငါ နားလည်ပါတယ်၊ မင်းက ရည်းစားတောင်ထားဖို့ စိတ်ကူးမရှိတာ လက်ထပ်ဖို့ဆို ဘယ်စိတ်ကူးမိဦးမလဲ ... "

"ဒါပေမဲ့ ... ကျွန်မ ရှင့်ကိုခင်ပါတယ် ... ရှင့်ချစ်သူက တခြားတစ်ယောက်ရှိနေပြီဆိုတော့ စိတ်တော့မကောင်းဘူး"

"ဘယ်တတ်နိုင်မလဲ ... သူ့ဘဝအတွက် သူရွေးချယ်သလို ငါလည်း ငါ့ဘဝအတွက် ရွေးချယ်ရမှာပေါ့"

ချမ်းငြိမ်းကို ထွက်သွားသဖြင့် ခင်နန်းထွေး သက်ပြင်းချလိုက်၏။ စိတ်ထဲတော့ မကောင်းပေမယ့် သူလည်း ကိုယ့်ကိုယူနိုင်မှာမှ မဟုတ်တာ။ ငြိမ်းသူဇာပြောသလိုများ ချစ်နေမိပြီလား။ ဒါလည်း မဖြစ်နိုင်ပါဘူး။ ရင်ခုန်တာပဲ ထိတ်လန့်တာကြောင့် ရင်ခုန်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ဒါပေမဲ့လို့ ဒီလိုရင်ခုန်မှုမျိုးက စာအမေးခံရလို့ ရင်ခုန်မှုမျိုးလည်း မဟုတ်သေးဘူး။ စိတ်ဆိုးလို့ ရင်ခုန်တာမျိုးလည်း မဖြစ်နိုင်ဘူး။ ဒါဖြင့် ဘာအတွက် ရင်ခုန်တာလဲ။

ရင်ခုန်ချင်လို့ ရင်ခုန်တာလား။ ဟုတ်သေးပါဘူး။

မမဖြူရော သိမလား။ အင်း ... သူသိနိုင်တယ်။

သူလည်း ရင်ခုန်တတ်ဖူးခဲ့မှာပဲ။ မေးလို့ကောင်းပါ့မလား။



အို ... ဘာရှက်စရာရှိလဲ။ ကိုယ်ဘာဖြစ်လဲဆိုတော့ မေးရမှာပဲ။ ခင်နန်းထွေး တစ်ယောက်တည်း ဒွိဟဖြစ်နေ၏။

ခဏအကြာ ချမ်းငြိမ်းကို အခန်းထဲမှ နှုတ်ဆက်သံကြားသဖြင့် မီးဖိုချောင်ထဲ ချောင်းကြည့်၏။ ဦးငြိမ်းမောင်မောင်နှင့်ဒေါ်သူဇာဦးတို့ စကားပြောနေကြသည်နှင့် ချမ်းငြိမ်းကို အခန်းသို့ တံခါးဖွင့်ကာ ဝင်လိုက်၏။ စားပွဲပေါ်မှ နှုတ်စက်ကိုပိတ်လိုက်ပြီး ခုတင်ကိုကြည့်ကာ ...

"ရှုပ်ပွနေတာပဲ ... ဒီလိုလူကို ဘယ်မိန်းကလေးက ကြိုက်ချင်မှာလဲ၊ ငါတောင် အခုမှ အခန်းထဲဝင်မိလို့ ... "

ခုတင်ပေါ်မှ စောင်ကြီးကိုဆွဲယူပြီး လုံးထွေးလိုက်၏။ လုံးပြီးမှ ခုတင်ပေါ်ပစ်အတင် ဓာတ်ပုံတစ်ပုံတွေ့သည်နှင့် ယူကြည့်မိရင်း ခင်နန်းထွေး မျက်လုံးများကို မယုံချင်သလို ဖြစ်သွား၏။

"မမဖြူ ... "

ဖြူနှင်းသက်၏ဘွဲ့ဓာတ်ပုံကိုကြည့်ရင်း ခင်နန်းထွေး စိတ်ရှုပ်သွား၏။

အသေအချာ စဉ်းစားကြည့်မှ ချမ်းငြိမ်းကို ကြိုက်နေတဲ့ကောင်မလေးက မမဖြူ ... မမဖြူ ပြောတဲ့သူဆိုတာ ချမ်းငြိမ်းကို။ ချမ်းငြိမ်းကိုနဲ့အတူ အုန်းနို့ခေါက်ဆွဲဆိုင်မှာတွေ့ခဲ့တာ မျိုးဇာ။ အဲဒီမျိုးဇာကို မမဖြူမွေးနေ့မှာ ပြန်တွေ့တယ်။ အခန်းထဲက ဒီအောင်မင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကြီးက ချမ်းငြိမ်းကိုပဲပေါ့။

ဒါဆို မမဖြူကို လက်စွပ်လက် ဆောင်ပေးမှာ ချမ်းငြိမ်းကို မပေးဖြစ်ဘူးဆိုတော့ ရည်းစားလည်းရသွားပြီဆိုတာ မမဖြူကို ပြောတာလား၊ မဖြစ်နိုင်ဘူး ... မမဖြူလည်း သူ့ကိုချစ်နေတာပဲ ဥစ္စာ ဘာလို့ပါလိမ့် ...

ခင်နန်းထွေး စဉ်းစားရကျပ်သွားပြီး ခေါင်းကုတ်ကာ အခန်းထဲမှထွက်လာလိုက်၏။

ခဏအကြာ ချမ်းငြိမ်းကို အပြင်မှ ပြန်ရောက်လာသည်နှင့် တိဗ္ဗိကြည့်နေသော ခင်နန်းထွေးက ...

"ဒီမှာ ... ရှင့်ကိုမေးကြည့်စရာရှိတယ်"

"ဘာတုန်း ... "

ချမ်းငြိမ်းကိုက ခင်နန်းထွေးရှေ့တွင် ထိုင်လိုက်ပြီး ပြောသဖြင့် ခင်နန်းထွေးက ...

"ရှင့်ကောင်မလေးက တကယ်ပဲ ရည်းစားရသွားတာလား"

"အဲဒါပဲ ခဏခဏ မေးနေတော့တာပဲ ... မင်းက ဘာလုပ်မလို့လဲ ... "

"သိချင်လို့ပေါ့ ... "

"သိပြီးတော့ရော ဘာလုပ်မှာလဲ"

"ဖြေစမ်းပါ ... "





"ဟုတ်တယ် ... ဟုတ်တယ် ... "

"အဲတော့ ရှင်က လက်လျှော့လိုက်ပြီပေါ့"

"လက်မလျှော့လို့ ငါက ဘာလိုက်လုပ်ရမှာလဲ"

"ရှင်ကလည်း ရည်းစားရတာပဲ ယောကျ်ားရတာမှမဟုတ်တာ"

"မင်းဆိုရင်ရော မင်းကြိုက်တဲ့လူကို တခြားတစ်ယောက်နဲ့တွေ့ရင် ခေါ်ချင်စိတ်ရှိသေးလား"

"ဒါဖြင့် ရှင်က မခေါ်တော့ဘူးပေါ့"

"သူငယ်ချင်းတွေပဲဟာ ... "

"အေးပေါ့နော် ... လမ်းတွေ့ရင်တော့ ပြုံးပြရမှာပေါ့"

"အဲဒီလူရုပ်ကိုမြင်ရင် ပြုံးတောင်မပြုံးချင်ဘူး၊ ဖြတ်ထိုးချင်တာ၊ နေစမ်းပါဦး ... မင်းကဘာကိစ္စနဲ့ မေးနေရတာလဲ"

"ရှင့်ကိုကြည့်ရတာ ဘေးကနေ ကျွန်မပါ အားမလိုအားမရဖြစ်နေလို့ ... "

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ ... ကိုယ့်နေရာကိုယ်မနေဘူး"

"အောင်မာ ... စေတနာနဲ့လည်း ပြောရသေးတယ်"

"မင်းက စေတနာ့ဝန်ထမ်းလား"

"စေတနာ့ဝန်ထမ်းတော့ မဟုတ်ပေမယ့် ရှင်က အရူးလိုဖြစ်နေတော့ ကျွန်မက ကြားကနေ ဘယ်ကောင်းမလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါက အောင်သွယ်ခိုင်းနေလို့လား"

"သိတယ် ... မမဖြူကို သနားလို့ ... "

ခင်နန်းထွေးစကားကြောင့် ချမ်းငြိမ်းကို ငြိမ်ကျသွားပြီး ...

"ဖြူ ... ပြောလိုက်တာလား"

"မပြောပါဘူး ... ရှင့်အခန်းထဲက မမဖြူ ပုံကိုတွေ့လို့"

"ဘာလို့ ငါ့အခန်းထဲဝင်လဲ ... "

"ဝင်ချင်လွန်းလို့တော့ မထင်နဲ့ ... ရှင့်နှီးစက်ကိုဝင်ပိတ်ပေးတာ"

"အိမ်ကလူတွေ ပိတ်မှာပေါ့ ... ရည်ကိုရည်တယ်"

"ရှင်ကလေ စေတနာကို နားမလည်တဲ့လူပဲ"

"သိလည်းပြီးတာပဲကွာ ... အိမ်ကလူတွေ ဘယ်ရောက်ကုန်ပြီလဲ ... "

"အန်တီက ဈေးသွားတယ် ... ဦးက ရှင်သွားပြီးတော့ အလုပ်ဆိုပြီး ထွက်သွားတာပဲ"

"အေး ... ဘယ်သူမှမရှိတုန်း အတော်ပဲ ... မင်းကိုပြောရဦးမယ်"

"ဘာလဲ ... "

ခင်နန်းထွေးက စောင်းကြည့်ပြီး ပြောလိုက်သဖြင့် ချမ်းငြိမ်းကို အသံကိုမြှင့်ကာ ...





"ငါ လက်စွပ်ပေးမယ့်ကိစ္စကို ဖြူ့ကိုသွားမပြောနဲ့"

"ဘယ်လိုလုပ်မလဲ ... ကျွန်မ တစ်နေ့ကပဲ ပြောပြီးပြီ"

"ဟာ ... မင်းတော့ တကယ်ကိုမလွယ်ပါလား၊ ဖင်ပေါက်နေတဲ့ ကြွပ်ကြွပ်အိတ်လိုပဲ ... ထည့်သမျှ အကုန်ပြန်ထွက်နေပါလား"

"ဘာ ... ဖင်ပေါက်နေတဲ့အိတ်လဲ ... စကားကိုကြည့်ပြော"

နှစ်ယောက်သား စကားနိုင်လုနေချိန်တွင် မျိုးဇာရောက်လာသဖြင့် ...

"ဘာကိုကြည့်ပြောခိုင်းတာလဲ ... အတင်းကြီးပဲ ... "

မျိုးဇာက ဘုမသိ ဘမသိ ပြောလိုက်သဖြင့် ချမ်းငြိမ်းကိုက ...

"ဆော့နေကြတာကွ ... နော် ... ခင်နန်းထွေး ... "

ခင်နန်းထွေးကို မျက်စိမှိတ်ပြလိုက်သဖြင့် ခင်နန်းထွေးက ချမ်းငြိမ်းကိုကို မျက်စောင်းထိုးပြီး ...

"ဟုတ်တယ် ... ခွေးရူးလိုက်တမ်း ဆော့နေတာ ... သူက ခွေးရူးလုပ်နေတာလေ ... "

ဟုဆိုကာ ရယ်ကြိတ်ကြိတ်ရုပ်နှင့် ချမ်းငြိမ်းကိုခေါင်းကို ခေါင်းအုံးနှင့်ပေါက်လိုက်၏။ မျိုးဇာက ချမ်းငြိမ်းကိုဘေးတွင် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တယ်လည်း အဆင်ချောနေကြပါလား၊ အိမ်ကလူတွေ ဘယ်သွားလဲ ... "

"အပြင်သွားကြတယ် ... "

ခင်နန်းထွေးက ဝင်ဖြေလိုက်သဖြင့် ချမ်းငြိမ်းကိုက ...

"ဟုတ်တယ် ... အဲဒါကြောင့်မို့ လွတ်လွတ်လပ်လပ်ဆော့နေတာနော် လိပ်မ ... "

ချမ်းငြိမ်းကိုက ခေါင်းအုံးနှင့်ပြန်ပေါက်ကာ ပြောလိုက်သဖြင့် ခင်နန်းထွေးက ပြုံးစိစိလုပ်ပြီး ...

"ဟုတ်တယ် ... ဒီလိုအချိန်ပဲဆော့ရတာ ... ညွှဲသည်ကို ဒီတိုင်းကြီးကြည့်နေရလား ... ကော်ဖီသွားဖျော်ပေးလိုက်ဦးမယ်၊ လူမှုရေးနားမလည်တဲ့ ဒီဘာမင်ကြီး ... "

ခင်နန်းထွေးက ခေါင်းအုံးနှင့် ချမ်းငြိမ်းကိုကို ပေါက်ကာ အနောက်ဘက်သို့ဝင်သွားသဖြင့် မျိုးဇာက ...

"သိသွားပြီလား"

"အေးကွာ ... ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဘာမှလုပ်မနေနဲ့တော့ ... ဖြူနှင်းသက်လည်း ဟိုလူနဲ့ အဆင်ပြေနေပုံပဲ ... ဒီလာခါနီးတောင် သူတို့ကိုတွေ့ခဲ့တယ်"

"ပြေပါစေ ... သူချစ်တဲ့လူကို သူရွေးချယ်တာပဲ"

"မင်းလည်း ရွေးသင့်နေပြီနော် ... ဒီတစ်ယောက်တည်း





မဆိုးပါဘူး"

"တော်ပါ ... သူ့ကိုသာ ယူလိုက်ရရင် ငါတော့နေ့တိုင်း ပတ်တီးစည်းနေရမယ် ... ဟိုတစ်ခါက ဒဏ်ရာတောင် အကင်းမသေသေးဘူး ... ဘယ်နှယ့်ကွာ ... မိန်းကလေးဖြစ်ပြီး ဒီလောက်ကြမ်းရတယ်လို့ သူ့ကိုယူသင့်တဲ့ကောင်ကလေ လက်ဝှေ့ချန်ပီယံထဲကပဲ ဖြစ်သင့်တယ် ... "

ချမ်းငြိမ်းကို စိတ်ညစ်ညစ်နှင့်ပြောနေတုန်း ခင်နန်းထွေး ပြန်ဝင်လာသည်။

"ကော်ဖီရော ... "

"ကုန်နေလို့ သွားဝယ်မလို့ ... "

"ဝယ်လည်းတိုက်မနေနဲ့တော့ ... လမ်းထိပ်က လက်ဖက်ရည်ဆိုင်သွားမယ် မျိုးဇာ ... "

"ကျွန်မလည်း လိုက်မယ် ... "

"မင်းက ဘာလိုက်လုပ်မှာလဲ ... "

"အိမ်မှာနေရတာ ပျင်းတယ်"

"လက်ဖက်ရည်ဆိုင်က လူရှင်တော်ဖလား မဟုတ်ဘူး ... ဘာမှပျော်စရာမရှိဘူး ... နေခဲ့ ... "

"ကျွန်မခြေထောက်နဲ့ ကျွန်မ လိုက်တာပဲ ... ရှင့်ခြေထောက်ငှားပြီး လိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



မျိုးဇာ စိတ်ညစ်သွားပြီး ...

"ကဲ ... တော်ပါတော့ကွာ၊ ငါလည်း မသောက်တော့ပါဘူး ဒီမှာပဲ စကားပြောကြတာပေါ့"

မျိုးဇာစကားကို ချမ်းငြိမ်းကိုက ခေါင်းခါလိုက်ပြီး ...

"ဒီမှာပြောလို့မရဘူး ... အိမ်မှာ စုံထောက်ရှိတယ်"

"ဘာစုံထောက်လဲ"

"အလွတ်စုံထောက် ... မခိုင်းလည်း လုပ်တယ်"

"ဘာမခိုင်းလည်း လုပ်ရမှာလဲ ... စေတနာနဲ့လည်း သျှီး စက်ကိုပိတ်ပေးရသေးတယ်"

ခင်နန်းထွေးက စိတ်ဆိုးဆိုးနှင့် အခန်းထဲဝင်သွားသဖြင့် ချမ်းငြိမ်းကိုက လေသံတိုးကာ ပြော၏။

"အဲလိုပြောမှ မလိုက်တော့မှာ ... လာ ... လက်ဖက်ရည်ဆိုင်သွားရအောင် ... "

မျိုးဇာ ပြုံးလိုက်ပြီး ချမ်းငြိမ်းကိုနှင့်အတူ ထွက်လာလိုက်၏။ လမ်းထိပ်ရောက်သည်နှင့် ချမ်းငြိမ်းကိုအနောက်သို့ မလှုံမလဲ လှည့်ကြည့်ရင်း မျက်လုံးပြူးသွား၏။ ချမ်းငြိမ်းကိုအနောက်မှ ခင်နန်းထွေးက ပြူးကြည့်ပြီး ...

"ဘာလဲ ... ရှင့်နောက်ကိုလိုက်တယ်မထင်နဲ့ ... မုန့်သွားဝယ်မလို့ ... "





"ဘာပြောသေးလို့လဲ ... "

"မပြောလည်း ရှင့်မျက်လုံးကိုကြည့်ရင် သိတယ်"

ခင်နန်းထွေး ရှေ့မှထွက်သွားသဖြင့် ချမ်းငြိမ်းကိုဒေါဖောင်းပြီး ကျန်ခဲ့၏။

ခင်နန်းထွေးတစ်ယောက် စိတ်ဆိုးဆိုးနှင့်ကားလမ်း အကူးတစ်ဖက်မှ ကားကိုမမြင်လိုက်။ ချမ်းငြိမ်းကိုက ကားကို မြင်လိုက်သဖြင့် ပြေးအလာ ... မမှီတော့။

စိတ်ထဲမှ ...

"သွားပြီ ... " ဟု တွေးလိုက်ပြီး လမ်းလယ်ခေါင်တွင် မျက်စိစုံမှိတ်လိုက်၏။ အတန်ကြာသည်အထိ ဘာအသံမှမထွက်ပေါ်လာသောကြောင့် မျက်လုံးကို ဖွင့်ကြည့်လိုက်၏။ ခင်နန်းထွေးက လမ်းကူးပြီးလို့ မုန့်ဆိုင်ထဲတောင် ရောက်နေလေပြီ။

ထိုအခိုက် မျိုးဇာ၏အသံနက်ကြီးကို ကြားလိုက်ရ၏။

"ချမ်းငြိမ်း ... ကား ... "

ထို့နောက် ... ဘာဆိုဘာမှ မသိတော့။

ချမ်းငြိမ်းကို အိပ် ပျော်သွားသလို ခံစားရ၏။ မျက်ခွံများလေးလာပြီး အသံများက တိုးလိုက်ကျယ်လိုက်နှင့် တိတ်ဆိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းငြိမ်းကို ခုတင်ပေါ်တွင် ချွေးများရွှဲစိုကာ ကယောင်ကတမ်းနှင့် အော်နေ၏။ မျိုးဇာက ချမ်းငြိမ်းကိုလက်ကို ကိုင်ကာ...

"ချမ်းငြိမ်း ... ဟော့ကောင် သတိရပြီလား"

"ဟင် ... "

ချမ်းငြိမ်းကို မျက်လုံးဖွင့်လိုက်သည်နှင့် နံရံမှပန်ကာက လည်ပတ်နေသည်ကို တွေ့ရ၏။ ပြီးမှ ... ခုတင်ဘေးတွင် မတ်တပ်ရပ်နေကြသော မျိုးဇာ၊ ခင်နန်းထွေး၊ သုတအပြင် ချမ်းငြိမ်းကိုသိသူများ ရှိနေကြ၏။ သုတက ...

"ဘယ်လိုဖြစ်ရတာလဲကွာ ... "

"ငါ ... ဘယ်ရောက်နေတာလဲ"

ဒီတော့မှ ခင်နန်းထွေးက ...

"ရှင်ရောက်နေတာ ဆေးရုံလေ ... မမှတ်မိဘူးလား"

"ငါ အိပ်ပျော်နေတာ ဘယ်နှစ်ရက်ရှိပြီလဲ ... "

ချမ်းငြိမ်းကိုအမေးကို ခင်နန်းထွေးက မျက်စောင်းထိုးလိုက်ပြီး ...

"ဘယ်နှစ်ရက်မှ မရှိသေးဘူး၊ ဒီခုတင်ပေါ်တောင် ခုနကမှ ရောက်တာ ... "

ခင်နန်းထွေး စကားကြောင့် မျိုးဇာက ခေါင်းညိတ်လိုက်ပြီး ...





"တော်သေးတာပေါ့ကွာ ... မင်းဘာမှမဖြစ်လို့၊ ငါတို့မှာ စိတ်ပူလိုက်ရတာ ... "

"ငါ ဘယ်လိုလုပ်ပြီး ဖြစ်သွားတာလဲ ... "

ချမ်းငြိမ်းကို အမေးကို မျိုးဇာကပဲ ရှင်းပြလိုက်၏။

"ခင်နန်းထွေးဆီသွားဖို့ လမ်းဖြတ်အကူးမှာလေ ... "

"ဪ ... မှတ်မိပြီ၊ ခင်နန်းထွေး ဘာဖြစ်သွားသေးလဲ"

"ကျွန်မက ဘာဖြစ်ရမှာလဲ ... "

"မင်းကို ကားတစ်စီးက ဝင်တိုက်တော့မယ်ထင်လို့ ငါပြေးလာတာ ... "

ချမ်းငြိမ်းကို စကားကြောင့် ခင်နန်းထွေး ရယ်လိုက်ပြီး ...

"ကျွန်မကို ကားတိုက်မှာစိုးလို့ ကာကွယ်ဖို့လာတာဆိုပါတော့ ... ဟဟ ... ကာကွယ်ဖို့လာတဲ့လူကလည်း ကားတောင် ရှင့်ကိုမတိုက်ရသေးဘူး ရှင်ကအရင် မေ့လဲနေပြီ ... "

"ဟမ် ... ငါက မေ့လဲသွားတယ် ... "

ချမ်းငြိမ်းကိုက မျိုးဇာကို လှည့်ကြည့်သဖြင့် မျိုးဇာက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... မင်းဆီကို တည့်တည့်ဝင်လာတဲ့ကားက ဘာရိုက်မိပေမယ့် မင်းက တုံးခနဲပဲ လဲသွားတာ"

"ဘာလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်သိမလဲ ... အသည်းနုတယ်ထင်တယ်နော်"

ခင်နန်းထွေးတို့ စကြသဖြင့် ချမ်းငြိမ်းကို ရှက်သွားပြီး ခေါင်ကို ခေါင်းမြီးခြုံလိုက်၏။

ဟုတ်လည်းဟုတ်တာပဲလေ။ ကားကဖြင့် မတိုက်ရသေးဘူး လူကအရင်မေ့လဲသွားတော့ ဒါနဲ့များ တခြားလူကို ကာကွယ်ဖို့ ခြေထောက်က သွားနေမိသေး။

အခန်း (၁၄)

ချမ်းငြိမ်းကို ရှေ့သို့ ကော်ဖီခွက်ကို ထိုးပေးလိုက်ပြီး ဒါန်းပေါ်တွင် ထိုင်လိုက်သည်။ ကောင်းကင်ကြီးက လရောင်ကြောင့် လင်းနေသဖြင့် တစ်ယောက်ကိုတစ်ယောက်တော့ မျက်ဝါးထင်ထင် မြင်နေရသည်။

ကော်ဖီကို တစ်ငုံသောက်ပြီးမှ ချမ်းငြိမ်းကိုကို မကြည့်ဘဲ ကောင်းကင်ကို မော့ကြည့်ကာ ...

"မနက်ဖြန် မနက်စောစောဆို ကျွန်မ အဝေးပြေးကို သွားနှင့်နေပြီလို့ထင်တယ် ... စာမေးပွဲကလည်း ပြီးသွားပြီ၊ အိမ်ကို မရောက်ဖြစ်တာလည်း တစ်နှစ်ပြည့်တော့မယ်"

"မင်း ... "

ချမ်းငြိမ်းကိုက "မင်း ... "ဆိုပြီး ပြောသင့် မပြောသင့် စဉ်း စားနေသဖြင့် ခင်နန်းထွေးက ဆက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဘာပြောမလို့လဲ၊ ကျွန်မက 'အ'ထစ် 'အ'ထစ် လုပ်နေရင် စိတ်မရှည်ဘူး ... ဘာပြောမလို့လဲ ပြော ... "

"မင်း ... ဘယ်တော့ပြန်လာမှာလဲလို့ မေးမလို့ပါ"

"ကျောင်းကပြီးသွားပြီပဲ ... ရန်ကုန်ကိုလာစရာအကြောင်းမှ မရှိတော့တာ ... "

"ဘွဲ့ယူဖို့ ကျန်သေးတယ်လေ ... "

"မပြောတတ်သေးဘူး ... စာတိုက်ကပဲ လှမ်းယူဖြစ်ရင်လည်း ယူဖြစ်မှာပေါ့ ... "

"ဘာလို့လဲ ... ငါ့ကို မတွေ့ချင်လို့လား"

"ရှင်ကရော ကျွန်မကို တွေ့ချင်သေးလို့လား"

"ငါက ... ဒီတိုင်းပဲ မေးကြည့်တာပါ"

"ကျွန်မလည်း ဒီတိုင်းပဲ ပြောကြည့်တာပါ"

ခင်နန်းထွေးနှင့် ချမ်းငြိမ်းကိုတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ကြ၏။ ပြီးမှ ချမ်းငြိမ်းကိုက ...

"Peace ယူထားတဲ့ကိစ္စ ဖျက်လိုက်ရတော့မလား"

"ဘာလို့လဲ"

"ငါ့ကောင်မလေးနဲ့မှ မအိုကေဘဲ ... "

"ဖျက်လိုက်ရင် ကျွန်မကတော့ အရင်လိုပဲနော် ... ပြီးမှ စွာတယ်မလုပ်နဲ့ ... "





"ဟုတ်ဘူးလေ ... Peace ကိစ္စကိုမဖျက်ဘဲ ကတိတွေကိုပဲ ဖျက်ကြမယ် ... "

ချမ်းငြိမ်းကို စကားကို ခင်နန်းထွေးစဉ်းစားနေပြီးမှ ပြောသည်။

"ကောင်းပြီလေ ... ဒါဆို ကျွန်မ အရင်ပြောမယ်"

"ပြောလေ ... "

"ကျွန်မ နောက်တစ်ခါ ရန်ကုန်ကိုလာခဲ့ရင် ရှင် မနှင်လွှတ်ရဘူးနော် ... "

ခင်နန်းထွေးကိုကြည့်ရင်း ချမ်းငြိမ်းကို ပြုံးလိုက်သည်။

"ပြီးတော့ရော ... "

"ရှင်နဲ့ကျွန်မနဲ့ကိစ္စကို ကျွန်မ အိမ်ပြန်နေတဲ့အတောအတွင်း ရှင်ဆန္ဒရှိတာကို ရှင့်အိမ်ကိုပြောပေါ့၊ ကျွန်မ နားလည်ပါတယ်"

"ဟုတ်ပြီလေ ... ငါပြောမှာက တစ်ခုထဲ ... "

"ဘာလဲ ... "

ချမ်းငြိမ်းကို ခင်နန်းထွေးကို မျက်လုံးချင်းဆုံအောင် ကြည့်လိုက်သဖြင့် ခင်နန်းထွေး ရင်ခုန်သွားပြန်သည်။

"မင်း နောက်တစ်ခါ ရန်ကုန်လာခဲ့ရင် ငါပြောစရာတစ်ခုရှိတယ်"

"ဘာလဲဟင် ... အခုပြောလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ လာမှပဲပြောမယ်လေ"

ခင်နန်းထွေး စိတ်ထဲ ငြိမ်သက်မနေနိုင်တော့။

ဟုတ်တယ်လေ။ ဒီလူက တေမိန့်ဘာတော်လဲမှ မသိတာ။ ပြောစရာရှိတာ မပြောဘဲ တွန့်ဆုတ် တွန့်ဆုတ်လုပ်နေရင် ဖြူနှင်း သက်လိုမျိုးပဲ ဝေးသွားကြမှာ။

ရေလာမြောင်းပေးရုံမက အခုအဖြစ်အပျက်က ခင်နန်းထွေး ဘက်မှ တာတမံတောင် ဆောက်ပြီးနေပြီ။ တီဗွီမှာ သီချင်းနဲ့ လွှင့်ဖို့ ပဲကျန်တော့တာ။ ချမ်းငြိမ်းကိုကလည်း အင်တင်တင် လုပ်နေသေး သည်။

မုန်းချင်စရာကြီး ... ခင်နန်းထွေးက မျက်စောင်းထိုးလိုက် ပြီး ...

"ဘာပြောမလို့လဲ ... ကျွန်မ စိတ်ကိုသိတယ် မဟုတ်လား။ ပြောစရာရှိတာ မြန်မြန်ပြောနော် ... "

"သိတယ် ... သိလို့မပြောရဲတာ"

"အဲဒါဆိုလည်း မပြောနဲ့တော့ ... "

"အေး ... အေး ... ပြောမယ် ... ပြောမယ် ... မင်းငါ့ကို စိတ်မဆိုးရဘူးနော်"

"မဆိုးဘူး"

"တကယ်နော် ... "





"အင်း ... "

ဒီတော့မှ ချမ်းငြိမ်းကိုက ခင်နန်းထွေးကိုတစ်ချက်ပြုံးလိုက် ပြီး ...

"မင်း နောက်တစ်ခါ ရန်ကုန်လာခဲ့ရင်လေ ... "

"ဘာဖြစ်လဲ ... "

"မင်း ဆံပင်ကောက်နေတာကြီးကို ဖြောင့်လာခဲ့ ... ကြည့် ရဆိုးတယ် ... "

"ဘာ ... "

"ဟုတ်တယ် ... အဲဒီလိမ်လိမ်ကြီးတွေကို အသည်းယား လွန်းလို့ ငါ့ညီမသာဆိုရင် ကတ်ကြေးနဲ့ညှပ်ပစ်လိုက်ပြီ"

"ရှင် ... လွန်နေပြီနော် ... ကျွန်မဘာသာ ဘာလုပ်လုပ်ပေါ့"

"မလှလို့ပြောတာ ... မလှတဲ့လူတွေက လှချင်လို့လုပ်တာ မဟုတ်လား။ လှတဲ့လူတွေကျတော့ ဘာမှကို လုပ်စရာမှမလိုဘဲ။ မင်းဟာက နည်းနည်းလေးတော့ လွဲနေတယ် လှလည်းမလှဘဲနဲ့"

"ချမ်း ... ငြိမ်း ... ကို ... "

ခင်နန်းထွေး အော်လိုက်သဖြင့် ခြံရှေ့ ဗန်ဒါပင်တွင် အိပ် တန်းတက်နေသော ငှက်များ ဝုန်းခနဲ ထပျံကုန်တော့၏။

အသံအောင်လိုက်သည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



ခင်နန်းထွေး၏ အဝတ်ထုပ်ကိုဆွဲရင်း အဝေးပြေးလမ်းထဲ လျှောက်လာကြသည်။ နောက်မှ ခင်နန်းထွေးက ထီးတစ်ချောင်းနှင့် ဖုတ်လှိုက် ဖုတ်လှိုက်ပါလာရင်း ...

"ဒီမှာ ... ဒီမှာ ... မောလို့သေတော့မယ် ... ဖြည်းဖြည်း လျှောက်ပါ ... "

"ကားမမီမှာစိုးလို့ပေါ့ကွ"

"အဲဒါဆိုလည်း အစောကြီးကတည်းက တက်စီသာ ငှား လိုက်ပါတော့လား ... "

"တက်စီ ငှားတယ်ဆိုတာ ကားမရောက်နိုင်တဲ့နေရာတွေ သွားရင်သာငှားတာ၊ အဝေးပြေးကို လိုင်းကားက တိုက်ရိုက်ရောက် နေတဲ့ကိစ္စကြီးကို ဘာကိစ္စငှားရမှာလဲ ... ပိုက်ဆံတောင်ကုန်သေး"

"ဟုတ်ပါပြီ ... ကားထွက်ဖို့က ငါးမိနစ်တောင်လိုပါသေး တယ်"

"မမီတော့ရင် ဘယ်နှယ်လုပ်မလဲ ... "

"ကျွန်မကို တော်တော်ပဲ ပြန်စေချင်ပုံရတယ်၊ စိတ်ချ ... ကားနဲ့မမီရင် လေယာဉ်ပျံစင်းလုံးငှားပြီး ဒီနေ့ချက်ချင်း ရန်ကုန်က ထွက်မယ် ... ရှင်းလား ... "

"ရှင်းတယ် ... ဆက်လုပ် ... ရှေ့မှာ မင်းစီးသွားရမယ့် ကားထင်တယ် ... တက်ထိုင်နေနှင့် ... "





ချမ်းငြိမ်းကိုက အထုပ်ကို ကားဘေးတွင်ချလိုက်ပြီး ပြောသဖြင့် ခင်နန်းထွေးက အထုပ်ကိုဆွဲရင်း ကားပေါ်တက်ကာ ခုံရှာလိုက်၏။

ပြီးမှ ပြတင်းပေါက်နားကခုံတွင် ထိုင်လိုက်ပြီး အမောဖြေနေတုန်း ကားအောက်မှ ချမ်းငြိမ်းကိုက မှန်ကိုခေါက်၏။ ခင်နန်းထွေးက ပြတင်းပေါက်တံခါးဖွင့်လိုက်ပြီး ...

"ဘာတုန်း ... "

"ရော့ ... ရှူဆေးဗူး ... မင်းကားမူးတတ်မယ်ထင်လို့"

ချမ်းငြိမ်းကိုပေးသော ရှူဆေးကို ယူလိုက်ပြီး ချမ်းငြိမ်းကိုကို မသိမသာ အကဲခတ်သည်။

"ကျွန်မနဲ့ရှင်နဲ့ နောက် လေးမိနစ်လောက်ပဲ မျက်နှာချင်းဆိုင်ဖို့ ရှိတော့တာ ... ဘာမှာဦးမလဲ"

"မင်းကို မှာဖို့တော့ မရှိပါဘူး၊ မင်းက လိမ်မာပြီးသားပဲဟာ၊ ငါ့ကိုသာ မှာခဲ့လေ ... "

"ရှင် နောက်တစ်ခါကျရင် နောက်မကျစေနဲ့နော်"

"ဘယ်လိုလုပ်မလဲ ... ငါနောက်ကျတယ်ဆိုရင်တောင် ခဏနေရင် အသိပေးမယ့်လူ မရှိတော့ဘူး ... "

"အဲဒါကြောင့် ကျွန်မ မှာနေတာပေါ့"

ခင်နန်းထွေးက မျက်လုံးကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မကျအောင် ထိန်းနေမိ၏။

ကားပေါ်တွင် လူစုံသည်နှင့် ကားက ထွက်ရန်ပြင်နေချိန်တွင် ခင်နန်းထွေး အားမလိုအားမရဖြစ်လာကာ ...

"ဒီမှာ ... "

"ပြော ... "

"ရှင် ... ကျွန်မကို ပြောစရာ မရှိတော့ဘူးလား"

"ပြောတော့ ပြောချင်တယ် ... ဒါပေမဲ့ ဘယ်ကစပြောရမလဲ ... မသိဘူး ... "

"သေလိုက်ပါတော့ ... မပြောနဲ့ ... မပြောနဲ့၊ ကားထွက်ပြီ"

ထိုတော့မှ ချမ်းငြိမ်းကိုတစ်ယောက် ဘောင်းဘီအိတ်ထဲမှ ဘောပင်ကိုထုတ်ကာ လက်ဝါးပေါ်တွင် I Love You ဟု ရေးရန်ပြင်နေတုန်း ကားကစထွက်နေပြီဖြစ်သဖြင့် တိုးလို့တန်းလန်းကြီးဖြစ်နေ၏။

ခင်နန်းထွေးကလည်း ပြတင်းပေါက်မှ ခေါင်းပြူကြည့်နေသဖြင့် မထူးတော့တဲ့အဆုံး တိုးလို့တန်းလန်း စာတန်းကိုသာ ထောင်ပြလိုက်၏။ စာတန်းမှာ ...

"I Lo ... "

ခင်နန်းထွေး စိုက်ကြည့်ရင်း နားမလည်။

"ဘာကြီးတုန်းဟ ... "





အတော်ကြာမှ တစ်စုံတစ်ခု တွေးမိသွားသဖြင့် ...

"ဟင် ... ကြည့်စမ်း ... မိုက်ရိုင်းလှချည်လား"

ဒေါသဖြစ်သွားပြီး ပြတင်းပေါက်မှတစ်ဆင့် ချမ်းငြိမ်းကိုကို ရေသန့်ဗူးနှင့် ဆော်ထည့်လိုက်၏။

"ဂဒေါင် ... "

"အော့်မင်းဗျ ... "

ကားကြီးက တရွေ့ရွေ့နှင့် အဝေးပြေးကွင်းမှတစ်ဆင့် ရန်ကုန်မြေမှ ထွက်ခွာသွားလေပြီ။

ချမ်းငြိမ်းကိုလည်း အလွဲတွေ ပိုက်ကာ အဝေးပြေးကွင်းမှ ကျောခိုင်းထွက်လာခဲ့ပြီး လက်ထဲမှ ရေဗူးဖြင့် ကိုယ့်ခေါင်းကိုယ်ထုကာ ရိုက်ကာဆုံးမလိုက်သည်။

"လွဲဦးကွာ ... လွဲဦး ... ရည်းစားစကားပြောတဲ့အထိပါ လွဲဦး ... "

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ချမ်းငြိမ်းကို ဆိုဖာခုံတွင် ထိုင်ရင်း အတွေးနယ်ချဲ့နေချိန်တွင် အဖျက်သမား မျိုးဇာ ရောက်လာသည်။ မျိုးဇာက ချမ်းငြိမ်းကို ဘေးတွင် ဝင်ထိုင်လိုက်ပြီး ...

"ဘယ်လိုလဲ ... ရန်ဖြစ်ရမယ့်လူမရှိတော့ ငြိမ်းနေပြီပေါ့၊ ဖုန်းထဲကနေ ရန်ဖြစ်ကြပါလား"

"မဟုတ်ပါဘူးကွာ ... ငါ ရည်းစားစကားပြောတာ တိုးလို့ တန်းလန်းကြီးဖြစ်နေလို့ စိတ်ထဲ မတင်မကျကြီးဖြစ်နေတာပါ"

"မင်း တော်တော်ပိန်းတာပဲ ... ဒါများကွာ ... ဖုန်းထဲကနေ ပြောလိုက်ပေါ့ ... "

"ငါ မဆက်ရဲဘူးကွ ... "

"မင်း မဆက်ရဲရင် ငါဆက်ပေးမယ်"

"တကယ်နော် ... ဒါဆို ငါခေါ်ပေးမယ်၊ သူ့ဖုန်းနံပါတ် ငါ့ကို





ပေးခဲ့တယ်"

ချမ်းငြိမ်းကိုက ဖုန်းဘေးနား ရွှေ့ခနဲဝင်ထိုင်လိုက်ပြီး ခင်နန်းထွေး ဖုန်းနံပါတ်ကို ဘဲလ်ခလုတ်နှိပ်သလို ဖတ်ခနဲ ဖတ်ခနဲ သွက်နေအောင် နှိပ်လိုက်ပြီး မျိုးဇာကို ဖုန်းပေးလိုက်၏။ ခဏအကြာ ဖုန်းလိုင်းဝင်သွားသဖြင့် မျိုးဇာက ...

"ဟယ်လို ... ခင်နန်းထွေးနဲ့ ပြောချင်လို့ပါခင်ဗျာ"

"ဟုတ်ကဲ့ ခင်နန်းထွေး ပြောနေပါတယ် ... ဘယ်သူလဲ မသိဘူး"

မျိုးဇာက ဖုန်းကို လက်နှင့်အုပ်လိုက်ပြီး ချမ်းငြိမ်းကိုဘက် လှည့်ကာ ...

"ခင်နန်းထွေးကွ ... "

ဟုဆိုပြီး ချမ်းငြိမ်းကိုလက်ထဲ ဖုန်းကို ထိုးထည့်ပြီး ခပ်လှမ်းလှမ်းမှ ခုံတွင် ပြေးထိုင်လိုက်သည်။

ချမ်းငြိမ်းကိုခမျာ မပြောရဲလို့ သူ့ကိုဆက်ခိုင်းပါတယ်ဆိုမှ ဒင်းက ကိုယ့်ကိုပြန်ထိုးထည့်သွားသဖြင့် ယောင်တောင်တောင်နှင့် နားထောင်လိုက်ရသည်။

"ဟယ်လို ... "

ခင်နန်းထွေးအသံ။ ချမ်းငြိမ်းကို အသက်ကို ဖြည်းညင်းစွာ ရှူလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟယ် ... ဟယ်လို ... "

"ဟုတ်ကဲ့ ... ဘယ်သူလဲမသိဘူး"

"ငါ ... ငါပါဟ ... "

"ဘယ်ကငါလဲ ... ချမ်းအေးသာစံက ငါလား၊ အောင်မြေသာစံက ငါလား ... "

"ဟုတ်ဖူး ... ရန်ကုန်က ငါ ... "

"ဘယ်သူပါလိမ့် ... ဩော် ... ရှင်လား ... "

"အလတ်ကြီးရှိသေးတယ်"

"ဘာတွေပြောနေတာလဲ ... ချမ်းငြိမ်းကိုလားလို့မေးတာ"

"ဟုတ်တယ် ... ဟုတ်တယ် ... "

"ဘာကိစ္စရှိလို့လဲ ... ရှင်နဲ့စာရင်းရှင်းစရာရှိတာ မှတ်မိလား"

"ငါ မင်းဆီက ပိုက်ဆံတစ်ခါမှ မချေးဖူးပါဘူးနော်"

"အဲဒါပြောတာ မဟုတ်ဘူး ... ကျွန်မ ပြန်မယ့်နေ့မှာ ရှင်ကျွန်မကို ဘာထောင်ပြတာလဲ"

"လက်ဝါးလေ ... လက်ဝါး ... ဘာဖြစ်လို့လဲ"

"အဲဒီ လက်ဝါးမှာ ဘာရေးထားသလဲ ... "

"အဟီး ... ပြောရမှာ ရှက်စရာကြီးကွ"

"အေး ... ရှင်တောင်ရှက်တတ်သေးတာပဲ၊ ကျွန်မကပိုရှက်တတ်တယ်ရှင့် သိရဲ့လား ... "





"ကျွန်တော် ... နန်းကိုလေ"

ချမ်းငြိမ်းကိုက အခေါ်အဝေါ်ပြောင်းသွားသဖြင့် ခင်နန်းထွေး အသံတိတ်ဆိတ်သွား၏။

"ဟယ်လို ... နန်း ... ဟယ်လို ... ဟာ လိုင်းကျသွားပြီထင်တယ် ... နောက်နေ့မှပဲ ပြန်ဆက်တော့မယ်ကွာ"

"မကျဘူး ... ဆက်ပြောလို့ရတယ်"

ခင်နန်းထွေး အော်လိုက်သဖြင့် ချမ်းငြိမ်းကို လန့်သွားပြီး ဖုန်းကို ပြန်ကြည့်လိုက်သည်။

"နောက်တစ်ခါ ဖုန်းဝယ်ရင် အသံ အတိုးအလျှော့လုပ်နိုင်တဲ့ ဖုန်းခွံပဲဝယ်တော့မယ် ... နားထဲက နာဗာချေးတွေတောင် ထောင်ကပ်ကုန်ပြီလား မပြောတတ်ဘူး ... ဟယ်လို ... နန်း ... "

"ပြောလေ ... လို့"

ခင်နန်းထွေးအသံက တရော်ကပွန်းထုတ်ထဲက အရည်လို့ ချွဲကျိကာနေ၏။ ချမ်းငြိမ်းကိုကလည်း ရှက်ကိုးရှက်ကန်းနှင့် ဖုန်းတင်ထားသောခုံမှ အခင်းကို လိမ်ဆွဲနေ၏။ ခင်နန်းထွေးဘက်မှလည်း အသံတိတ်သွားသဖြင့် ချမ်းငြိမ်းကို အရဲစွန့်ကာ ပြောလိုက်သည်။

"ကျွန်တော် ... နန်းကိုလိုက်ပို့ပြီးကတည်းက အိမ်မှာလေတစ်ယောက်ထဲ ပျင်းနေရတယ်သိလား ... အခုဆို နန်းပြန်သွားတာတစ်လပြည့်တော့မယ်နော် ... နန်းကို လွမ်းတယ်"

www.burmeseclassic.com



"ဘာလို့လွမ်းတာလဲ ဟင် ..."

"ကျွန်တော် ... နန်းကို ..."

"ဘာဖြစ်လဲ ..."

"နန်းကို တွေ့ရရင် ..."

" ... "

"စချင်စိတ်တွေ ပေါ်လာပြီး ..."

ခင်နန်းထွေးဘက်မှ သက်ပြင်းချလိုက်သဖြင့် ချမ်းငြိမ်းကိုက ...

"ရန်ဖြစ်ခဲ့ကြတာတွေကို မေ့မယ်ယူနဲ့နော်"

"အဲဒါပြောမလို့ မဟုတ်လား ... အဲဒါဆိုလည်း ဖုန်းချလိုက်တော့မယ်"

ထိုအခါကျမှ ချမ်းငြိမ်းကိုဘက်မှ အသံခပ်လောလောထွက်လာသည်။

"ကျွန်တော် နန်းကိုချစ်တယ်"

ခင်နန်းထွေး ဖုန်းပိတ်ရန် လိုက်တို့ ခဏတာဆိုင်းငံ့သွားပြီး ...

"ဘာပြောလိုက်တာ ..."

"ချစ်တယ်လို့ ပြောတာလေ ... ကျွန်တော် နန်းကိုမခွဲနိုင်တော့လောက်ဘူးထင်လို့ ... အခုလို အရဲစွန့်ပြီး ပြောလိုက်တာ၊ နန်း စဉ်းစားမနေပါနဲ့တော့ကွာ ... နန်းလည်း ကျောင်းပြီးသွားပြီ





ပဲဥစ္စာ ..."

"မစဉ်းစားလို့ရမလား ... ကျွန်မက မိန်းကလေးလေ"

"မိန်းကလေးမှန်းသိတယ်လေ ... ကြေငြာစရာမှ မလိုတာ"

"အဲဒီတော့ ... ရှင့်ကိစ္စကိုတော်တော်လေးကြာအောင် စဉ်းစားရမယ်"

"ဘယ်လောက်ထိ ကြာမှာလဲဟင်"

"သုံးနှစ်လောက်ပါပဲ ..."

"ဗျာ ..."

"သုံးနှစ်တဲ့လေ ... ဒါတောင် သုံးမိုးဆိုတာကို သနားလို့ဖြုတ်ပေးထားတာ"

"ရက်စက်တော့မှာလား နန်းရယ် ..."

"ဒီလောက်ကတော့ စဉ်းစားရမှာပေါ့ ... သဘောမတူရင်လည်း ..."

"ဟာ ... မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ ... နန်း သဘောပါ။ သုံးနှစ်ပဲကြာကြာ ဆယ်နှစ်ပဲကြာကြာ ... ဆယ်နှစ်လောက်တော့ မကြာလိုက်နဲ့ပေါ့နော် ... စကားအဖြစ်ပဲပြောတာ သိလား၊ နန်းနဲ့ဝေးရမှာစိုးလို့ မဝေးချင်ဘူး ..."

"မဝေးပါဘူး ..."

"နန်းက ကတိပေးနိုင်လို့လား"

"သိပ်သေချာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ နန်းရယ် ... ကျွန်တော် နန်းနဲ့တောင် အခုချက်ချင်းမြေးတွေ့လို့ရှင် ပြေးလာလိုက်ချင်ရဲ့ ... ဖိနပ်မပါချင် နေ အချစ်တော်ပါတယ် သိလား ... "

"ဟဟ ... တကယ်လား ... ဒါဆို ကျောက်မြောင်းက မမဖြူ အခန်းကို လာခဲ့လေ ... "

"ကိုယ့်ကို အဲလိုမခေါ်နဲ့ပါနဲ့ကွာ ... ဖြူနဲ့က သူငယ်ချင်းတွေလို ဖြစ်သွားပါပြီ"

"ဘယ်သူက ခေါ်နေလို့လဲ ... ကျွန်မ မမဖြူအိမ်ကိုရောက် နေတာ နှစ်ရက်ရှိနေပြီ ... ရှင်များ ဖုန်းဆက်လာမလားလို့ စောင့် နေတာ"

"ဟာကွာ ... စောစောစီးစီးမပြောဘူး၊ လွဲကိုလွဲနိုင်လွန်း တယ်၊ သုံးမိနစ်ပဲ စောင့် ... အခုလာခဲ့မယ်"

ချမ်းငြိမ်းကို ဖုန်းကိုပစ်ချပြီး ပြေးထွက်သွားသဖြင့် မျိုးဇာ ကြောင်တောင်တောင်နှင့် ကျန်ခဲ့သည်။ ချမ်းငြိမ်းကို၏ခြေလှမ်းတို့ က တက်ကြွစွာ ဦးတည်ချက်ဆီသို့ အပြေးနှင်သွားကြ၏။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

www.burmeseclassic.com